ကြေးမုံ
The Mirror Daily
Established in 1957

**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၊ စနေနေ့။ Saturday, 3 February 2018 ၉၁၈၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အာရှဖောင်ဒေးရှင်းရုံးချုပ်မှဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ

## အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပေးနေသည့် ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် အာရှဖောင်ဒေးရှင်းရုံးချုပ်မှ ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ် ၃၂ ဦးပါ အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် အာရှဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးမှုဆိုင်ရာ အထောက်အကူပေးနေသည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာရှဖောင်ဒေးရှင်းရုံးချုပ်မှ ဥက္ကဋ္ဌ Mr. David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

ကချင်ပြည်နယ် တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ နေရပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိ

စာမျက်နှာ » ၁၀

ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာအနီး ရုပ်အလောင်းများ အစုလိုက် အပြုံလိုက် မြှုပ်နှံထားကြောင်း AP သတင်းဌာန၏ ဖော်ပြချက်နှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး

စာမျက်နှာ » ၁၁

# အဆင့်မြင့်ကေကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခုတင်သွင်းခြင်းနှင့် **"အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"**အား ပြင်ဆင်ချက်များအတိုင်း အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

# ဓာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကြမ်းကို အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍



ကြေးမုံ

# နောင်မျိုးဆက်အကျိုး ထိထိရောက်ရောက်သယ်ပိုး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် လွှတ်တော် (၂) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ဖေဖော်ဝါရီလ ၁ ရက်နေ့က နေပြည်တော်ရှိ လွှတ်တော်ဝင်းအတွင်း၌ သိုက်သိုက်ဝန်းဝန်း ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒီမိုကရေစီနိုင်ငံနှင့် လွှတ်တော်၏အခန်းကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့သည်။ လွှတ်တော်သည် နိုင်ငံအတွက် အဓိကကျသည့် မဏ္ဍိုင်ကြီးသုံးရပ်တွင် ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်ရသော မဏ္ဍိုင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံများတွင် လွှတ်တော်သည် ပထမဆုံးဖြစ်သော အခြေခံအုတ်မြစ်ဖြစ်ပြီး လွှတ်တော်မှတစ်ဆင့် အုပ်ချုပ်ရေးမဏ္ဍိုင် အစိုးရတစ်ရပ် ပေါ်ပေါက်လာသည်။

နိုင်ငံတစ်နိုင်ငံ ဖြစ်ထွန်းရေး၊ တိုးတက်ရေး၊ ခိုင်မာရေး၊ အင်အားရှိရေးသည် နိုင်ငံတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး ဖြစ်စဉ်များပေါ်တွင် မူတည်သည်။ နိုင်ငံတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးသည် တရားဥပဒေစိုးမိုးရေး ရှိမှသာ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ ထို့ကြောင့် "တရားဥပဒေစိုးမိုးရေး" သည် နိုင်ငံအတွက် အလွန်အရေးကြီးသော လုပ်ငန်းဖြစ်သည်။ တရားဥပဒေစိုးမိုးရေးသည် ဥပဒေ၏စိုးမိုးရေးပင် ဖြစ်သည်။ ထိုဥပဒေကို တရားသည့် ဥပဒေဖြစ်အောင် လွှတ်တော်မှနေ၍ ဥပဒေပြုကြရသည်။ တရားမျှတမှလည်း နိုင်ငံနှင့် ပြည်သူအတွက် အကျိုးရှိမည်ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "တရားဥပဒေစိုးမိုးရေးဆိုတာ အင်မတန်မှ ကျွန်မတို့အတွက် ကောင်းတဲ့ လက္ခဏာလို့ ထင်ပါတယ်၊ တရားတဲ့ ဥပဒေတွေဖြစ်ရမယ်၊ တရားဥပဒေဆိုတာ တကယ်တော့ လူတွေကနေပြီး ပြုတဲ့အရာပဲ။ အဲဒီတော့ လူတွေကနေ ပြုတဲ့အရာဆိုတော့ အမြဲပဲမှန်ကန်တယ်၊ တိကျတယ်၊ ကောင်းမွန်တယ်လို့ ပြောလို့မရဘူး၊ သို့သော်လည်း ဥပဒေဆိုတာကတော့ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်ရေးအတွက်၊ နိုင်ငံတစ်နိုင်ငံရဲ့ အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေးအတွက် လိုအပ်တဲ့အရာ ဖြစ်တဲ့အခါကျတော့ ဥပဒေတွေပြုကြပါတယ်၊ ဒီဥပဒေတွေဟာ တရားမှလည်း နိုင်ငံအတွက်၊ ပြည်သူပြည်သားတွေအတွက် တန်ဖိုးရှိမှာပါ" ဟု ရှင်းလင်းပြောကြားခဲ့သည်။

လွှတ်တော်အတွင်းသို့ရောက်ရှိနေကြသော လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ထမ်းရွက်ကြရမည့် ပြည်သူက တိုက်ရိုက်ရွေးချယ်ထားသူများနှင့် သွယ်ဝိုက်ရွေးချယ်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းမှု စတင်သည့် ၂၀၁၁ ခုနှစ် ပထမအကြိမ် လွှတ်တော် စတင်ကျင်းပပြီးနောက် အရပ်သားပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှစတင်၍ လွှတ်တော်အတွင်းသို့ ရောက်ရှိလာခဲ့သည်။ လွှတ်တော်အတွင်းသို့ ရောက်ရှိသောအခါ ဥပဒေပြုခြင်း၏ တန်ဖိုး၊ ဥပဒေပြုခြင်း၏ ခက်ခဲနက်နဲမှု၊ သိမ်မွေ့မှု၊ စိန်ခေါ်မှုများစွာတို့ကို လေ့လာသိရှိခွင့်ရခဲ့သည်။ လွှတ်တော်သည် ပြည်သူလူထုမှတစ်ဆင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် ကောင်းမွန်သည့်ဥပဒေများကို ဖော်ဆောင်ရာ အဆောက်အအုံဖြစ်သည်။ ထို့ကြောင့် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံအတွက် အားကိုးအားထားပြုရာ ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "နိုင်ငံရဲ့သုခမိန်ကြီး တစ်ယောက်ပြောသလို နိုင်ငံရေးလုပ်စားတဲ့လူတွေဟာ နောက်ရွေးကောက်ပွဲအတွက်ပဲ စဉ်းစားတယ်၊ နိုင်ငံအရေးကို လုပ်တဲ့သူတွေက နောက်မျိုးဆက်အတွက် စဉ်းစားတယ်ဆိုတာ အဲ့ဒီဟာတော့ လွှတ်တော်ကိုယ်စားလှယ်တိုင်း၊ ကိုယ်စားလှယ်တိုင်း အားလုံးစွဲစွဲမြဲမြဲ နှလုံးသွင်းစေချင်ပါတယ်"ဟု သတိပေးပြောကြားခဲ့သည်။

လွှတ်တော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံ၏ မဏ္ဍိုင်ကြီး သုံးရပ် ကောင်းမွန်ချောမွေ့စွာ လည်ပတ်နိုင်ရေးအတွက် အထောက်အပံ့ကောင်းများပေးရာ အဆောက်အအုံဖြစ်သည်။ အမြင်မတူ သဘောကွဲလွဲမှုများသည် ဒီမိုကရေစီ၏အနှစ်သာရများဖြစ်၍ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မိတ်ဆွေသဖွယ်၊ ရဲဘော်ရဲဘက်သဖွယ် သဘောထားကာ နိုင်ငံအကျိုး၊ နောင်မျိုးဆက်များ၏ အကျိုးကို ထိထိရောက်ရောက် သယ်ပိုးထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။

## ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊

၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင်တည်ဆောက်ရေး၊

၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး၊

၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊

# မြန်မာ့ရေသတ္တဝါမွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်း(MYSAP) မိတ်ဆက်




**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာ့ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်း (MYSAP) မိတ်ဆက်ပွဲနှင့် အမျိုးသားအဆင့် ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (NADP) ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် Horizon Lake View Hotel ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ တက်ရောက်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ငါးလုပ်ငန်းကဏ္ဍသည် အစားအစာထုတ်လုပ်မှုတွင် အရေးပါသော ကဏ္ဍတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး လူတို့အတွက် ပရိုတင်းလိုအပ်ချက်ဖြည့်တင်းပေးရုံသာမက စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများနှင့် ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိရာ အခြားကဏ္ဍများမှာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် လုပ်ရှားဆောင်ရွက်မှု အစီအမံများကို အသေးစိတ် ရေးဆွဲနေချိန်တွင် ရေသတ္တဝါ မွေးမြူရေးကဏ္ဍ နောက်ကျ ကျန်ရစ်ခြင်းမရှိစေရန် အမျိုးသားအဆင့် ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်(NADP)ကို ရေးဆွဲပြီး ယင်းအစီအစဉ်အရ ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် ဆက်စပ်ဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရေလုပ်ငန်းတွင် ပါဝင်ပတ်သက်လုပ်ကိုင်နေသူများ အားလုံးတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ငါးလုပ်ငန်း ထုတ်ကုန်များသည် ပြည်ပ နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိသော်လည်း ရေရှည်တည်တံ့မှုကို အခြေခံပြီး ငါးလုပ်ငန်းဘက်စုံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန် လုပ်ငန်းများကိုလည်း စီမံဆောင်ရွက်လျက်ရှိရာ EU နှင့် GIZ တို့မှ နည်းပညာအထောက်အပံ့များဖြင့် ပူးပေါင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရေသတ္တဝါမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရေသတ္တဝါ မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးစီမံကိန်း (MYSAP) သည် ငါးလုပ်ငန်းဦးစီးဌာန၏ စီမံကိန်းတစ်ခုဖြစ်ပြီး GIZ မှ အားကောင်း၍ ရေရှည်တည်တံ့သော ရေသတ္တဝါကဏ္ဍဖြစ်စေရန် ငါးလုပ်ငန်းဦးစီးဌာနနှင့် အခြားပါဝင်ပတ်သက်သူ အားလုံးကို GIZ မှ ကူညီထောက်ပံ့ပေးရန်နှင့် ရေသတ္တဝါကဏ္ဍနှင့် အခြားမူဝါဒနယ်ပယ်များ အချိတ်အဆက်ရစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H. E. Ms. Vanessa Chan နှင့် အဖွဲ့အားယမန်နေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် Industrial Parks တည်ထောင်ရာတွင် စင်ကာပူနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် နည်းပညာဆိုင်ရာသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူ့ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် လိုအပ်သောသင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေး၊ စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် စက်မှုသင်တန်းကျောင်းများနှင့် Mobile Vocational Training များတွင် အဆင့်မြင့်နည်းပညာများ တိုးချဲ့သင်ကြားပို့ချပေးနိုင်ရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ရန်ကုန်(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀ မန္တလေး(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၉၀/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၅/၈၁၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၉၁၅/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၅/၈၁၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၅၅/၇၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၅၈.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀.၉၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၄၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀.၆၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၇၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၃.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃.၉၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆.၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄.၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily



# လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အမေရိကန်အခြေစိုက် The Asia Foundation ဥက္ကဋ္ဌ Mr.David Dale Arnold ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးမှု အခြေအနေများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

**စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၃။)
၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးဥပဒေ (၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း The Asia Foundation အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် The Asia Foundation အဖွဲ့၏ ဘုတ်အဖွဲ့ဝင်များ၊ အမှုဆောင်များ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများပါဝင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့မှု၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အပိုင်းသုံးပိုင်းဖြစ်သည့် မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စီမံခန့်ခွဲခြင်းတို့ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့အား ဆွေးနွေးပြောကြားသည်။

ကိုယ်စားလှယ်အဖွဲ့မှ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိသည့် ရွေးကောက်ပွဲစနစ်၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် တွေ့ကြုံလာနိုင်မည့် စိန်ခေါ်မှုများ၊ ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းစဉ်များ၌ သတင်းအချက်အလက် နည်းပညာ



အသုံးပြု၍ ကူညီဆောင်ရွက်ပေးနိုင်ခဲ့မှု၊ နောင်ကျင်းပရန်ရှိသည့် ရွေးကောက်ပွဲများတွင် ဆက်လက်ပံ့ပိုးကူညီပေးနိုင်မည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး များ အစည်းအဝေးသို့တက်ရောက်သည်။




အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ် (ယူနန်နှင့် ကွမ်စီပြည်နယ်)၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများနှင့် ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ဆွီဒင်နိုင်ငံအစိုးရ၊ Nordic Development Fund နှင့် GEF တို့မှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၂၆၀ ကျော် တက်ရောက်သည်။

အစည်းအဝေး၏ အဓိကဦးတည်ချက်မှာ "မဟာမဲခေါင်ဒေသခွဲ၏ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှ အားလုံးပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆီသို့" ဖြစ်ပြီး ရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်းလုံးနှင့် ဒေသတွင်းဆိုင်ရာ တိုးပွားလာသော စိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် တုံ့ပြန်ရန်တို့ဖြစ်ပါကြောင်း၊ ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်အထိ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆွေးနွေးပွဲများ၊ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ ရေရှည်စဉ်ဆက်မပြတ်စေသည့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲများနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို ပြုလုပ်ခဲ့ကြသည်။ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးမှရရှိသည့် အကျိုးရလဒ်များကို ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပသည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးတွင် တင်ပြဆွေးနွေး အတည်ပြုခဲ့ကြသည်။

ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး များ အစည်းအဝေးတွင် "မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ပင်မ အစီအစဉ် မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ ကို အတည်ပြုခဲ့ပြီး ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးများ အစည်း အဝေး၏ ပူးတွဲကြေညာချက်ကို အတည်ပြုခြင်းနှင့် အဆိုပါအတည်ပြုချက်များကို ၂၀၁၈ခုနှစ် မတ်လတွင် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၆) ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး၌ တင်ပြသွားမည်ဖြစ်သည်။

ခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လက်ရှိ အာရှဖွံ့ဖြိုးရေးဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီ ၁၈ မိနစ် အချိန်က ဗန်းမော်မြို့၏ အရှေ့-အရှေ့တောင်ဘက် (၂၄) မိုင်အကွာကို ဗဟိုပြု၍ အင်အားရစ်ခ်ျတာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိ မြေလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ယနေ့အထိ စုစုပေါင်း ငလျင် ၃၂ ကြိမ် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**



# အမေရိကန် ဒုတိယသမ္မတ မိုက်ပန့်စ် ဂျပန်နိုင်ငံသို့ အလည်အပတ်သွားမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂**

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် ဂျပန်နိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း အလည်အပတ်ခရီး သွားရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ် ဂျပန်နိုင်ငံသို့ လာရောက်မှုသည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေသည့် ကောင်းမွန်သော အခွင့်အရေးတစ်ရပ် ဖြစ်ပါကြောင်း ဂျပန်အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်သည် ဂျပန်နိုင်ငံသို့ ဖေဖော်ဝါရီ ၅ ရက်တွင် လာရောက်မည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှီဟိုက်ဆူဂါက မီဒီယာသို့ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခရီးစဉ်အတွင်း အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် တွေ့ဆုံမည်ဖြစ်သည်။ ထို့ပြင် ဖေဖော်ဝါရီ ၇ ရက်တွင် အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်နှင့် ဝန်ကြီးချုပ် အာဘေးတို့သည် ညစာအတူတကွ သုံးဆောင်မည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒုတိယသမ္မတ မိုက်ပန့်စ်၏ ဂျပန်နိုင်ငံခရီးစဉ်သည် မြောက်ကိုရီးယားအခြေအနေကဲ့သို့သော ဒေသတွင်း လုံခြုံရေးတည်ငြိမ်မှုမရှိသေးသည့် အချိန်တွင် လာရောက်ခြင်းဖြစ်ကြောင်းနှင့် ယင်းခရီးစဉ်အတွင်း နှစ်နိုင်ငံ အမြင်ချင်းဖလှယ်ခြင်းနှင့် မူဝါဒများ ညှိနှိုင်းနိုင်မည့် အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးမည် ဖြစ်သည်ဟု ဂျပန်အစိုးရအဖွဲ့ အတွင်းရေးမှူး ယိုရှီဟိုက် ဆူဂါက ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# သူပုန်ခေါင်းဆောင်တစ်ဦးအား ဖိလစ်ပိုင်ရဲတပ်ဖွဲ့ ပြန်လည်ဖမ်းဆီး

**မနီလာ ဖေဖော်ဝါရီ ၂**

လက်ဝဲဝါဒီ သူပုန်ခေါင်းဆောင်တစ်ဦးကို ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြန်လည် ဖမ်းဆီးလိုက်ကြောင်း၊ ၎င်းသည် ၂၀၁၆ခုနှစ်အတွင်း ဖိလစ်ပိုင်အစိုးရအဖွဲ့က စတင်ပြုလုပ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်နိုင်ရန် ထိန်းသိမ်းခံရခြင်းမှ ပြန်လည်လွတ်မြောက်ခဲ့သူ တစ်ဦးဖြစ်ကြောင်း၊ ယင်းအချိန်က ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် ကွန်မြူနစ် သောင်းကျန်းမှုအဆုံးသတ်ရေးအတွက် အစိုးရက ငြိမ်းချမ်းရေးဆွေးနွေးမှုပြုလုပ်နေချိန်ဖြစ်ကြောင်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁ရက်တွင် ပြောကြားကြသည်။

ဖိလစ်ပိုင်နိုင်ငံ ကွီဇုန်စီးတီးမြို့ရှိ ကာတီပူနစ် လမ်းတစ်လျှောက်တွင် ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များက ရာဖဲလ်ဘေလိုစစ် အမည်ရှိ သူပုန်ခေါင်းဆောင်တစ်ဦးအား ၎င်း၏ အမျိုးသားအဖော်တစ်ဦးနှင့်အတူ ဖမ်းဆီးခဲ့ပြီး ယင်းမြို့ရှိ အမျိုးသားရဲတပ်ဖွဲ့ ဌာနချုပ်တွင် ထိန်းသိမ်းထားရှိသည်။ ၎င်းအား ဖမ်းဆီးရမိချိန်တွင် ၎င်းတို့ထံမှ ပစ္စတိုသေနတ်နှစ်လက်နှင့် ကျည် ၁၄တောင့်တို့ကိုပါ သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘေလိုစစ်သည် ဖမ်းဆီးခံရသော ဖိလစ်ပိုင်အမျိုးသား ဒီမိုကရက်တစ် တပ်ဦး (အန်ဒီအက်ဖ်ပီ)၏ အကြံပေးများတွင် ပါဝင်ပြီး သမ္မတဒူတာတေးက ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပြန်လည်ဖျက်သိမ်းခဲ့ချိန်နောက်ပိုင်း ပြန်လည်ဖမ်းဆီးခံရခြင်း ဖြစ်သည်။

**ဆင်ဟွာ**



# ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု စီမံကိန်းအတွက် ပူးပေါင်းဆောင်ရွက်ရေး လာအိုနှင့် တရုတ်တို့ ဖိုရမ်ဆွေးနွေးပွဲကျင်းပ

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၂**

လာအို-တရုတ် ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ် ဆွေးနွေးပွဲကို အိမ်နီးချင်း နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဦးတည်ချက်တို့နှင့်အတူ ဖေဖော်ဝါရီ ၂ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ စတင်ကျင်းပကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဖိုရမ်အစည်းအဝေးသို့ လာအိုနိုင်ငံဝန်ကြီးချုပ် ထောင်လွန်းဆီဆုလစ်က ပေးပို့သော သဝဏ်လွှာ၌ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက လာအိုနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ချစ်ကြည်ရေးခရီးစဉ်မှ ပေါ်ထွက်လာသော အကျိုးရလဒ်အဖြစ် ဖိုရမ်ဆွေးနွေးပွဲ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၁၇ခုနှစ် မေလတွင် တရုတ်နိုင်ငံမြို့တော် ပေကျင်း၌ ပြုလုပ်ခဲ့သော နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ခေတ်သစ်ပိုးလမ်းမကြီး ဖိုရမ်နှင့် ဆက်စပ်လျက်ရှိသော မူဝါဒများကို အကောင်အထည်ဖော်ခြင်းလည်း ဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြသည်။

သမ္မတလည်းဖြစ် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးလည်းဖြစ်သူ ရှီကျင့်ဖျင်၏ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်အားပေးမည်ဖြစ်ပြီး မဟာဗျူဟာကျသော မိတ်ဖက် ဆက်ဆံရေးကိုထူထောင်ခြင်းလည်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန ဥက္ကဋ္ဌ ကိုင်ပင်ကျို့က အဖွင့်အမှာစကားပြောကြားရာတွင် ဖော်ပြသည်။

တရုတ်သမ္မတ ရှီ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း လာအိုသမ္မတနှင့် လာအိုပြည်သူ့တော်လှန်ရေးပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဘွန်ညံဗိုရာချစ်နှင့် တွေ့ဆုံခဲ့ရာတွင် တရုတ်-လာအို စီးပွားရေးစင်္ကြံလမ်း တည်ထောင်ရန်နှင့် ခေတ်သစ်ပိုးလမ်းမကြီးကဲ့သို့သော စီမံကိန်းသစ်တစ်ခု ပေါ်ထွက်လာရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြကြောင်း ၎င်းက ပြောကြားသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များ၏ မူဝါဒများ အကောင်အထည်ဖော်ရေး တရုတ်နိုင်ငံ၏ ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုနှင့် လာအိုနိုင်ငံအား ကုန်းတွင်းပိတ်နိုင်ငံအဖြစ်မှ ကုန်းတွင်းချိတ်ဆက်နိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းရေး မဟာဗျူဟာ အောင်မြင်မှုရှိစေရေးအတွက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နှစ်နိုင်ငံ မီဒီယာအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဖြင့် ခေတ်သစ်ပိုးလမ်းမကြီးဆိုင်ရာ စီးပွားရေးသတင်းအချက်အလက်များ ပိုမိုဖြန့်ချိနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ဆင်ဟွာ**



# ဖီဒယ်ကက်စထရို၏ သားကြီး စိတ်ကျဝေဒနာ ခံစားရကာ ဘဝကို အဆုံးစီရင်

**ဟာဗားနား ဖေဖော်ဝါရီ ၂**

ကျူးဘားတော်လှန်ရေးခေါင်းဆောင် ဖီဒယ်ကက်စထရို၏ သားကြီး ဖီဒယ်ကက်စထရို ဒိုင်ဘလတ်သည် လအတန်ကြာမျှ စိတ်ကျဝေဒနာကို ခံစားခဲ့ရပြီးနောက် ဖေဖော်ဝါရီ ၁ ရက်တွင် မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အသက် (၆၈)နှစ်အရွယ်ရှိ ဒိုင်ဘလတ်သည် လွန်ခဲ့သည့်လများက စိတ်ကျရောဂါအပြင်းအထန် ခံစားခဲ့ရပြီး ဆေးဝါးကုသမှုခံယူနေရသူဖြစ်ကြောင်း ကျူးဘားနိုင်ငံပိုင် ဂရန်မာ သတင်းစာတွင် ဖော်ပြသည်။

ဒိုင်ဘလတ်သည် နိုင်ငံတော်ကောင်စီ၏ သိပ္ပံဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျူးဘား သိပ္ပံပညာရပ်များဆိုင်ရာ တက္ကသိုလ်၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

ဒိုင်ဘလတ်သည် ဖီဒယ်နှင့်သူ၏ ပထမမြောက် ဇနီးသည် မာတာ ဒိုင်ဘလတ်တို့၏ တစ်ဦးတည်းသော သားဖြစ်သည်။ မာတာဒိုင်ဘလတ်နှင့် ဖီဒယ်တို့သည် ကျူးဘားတော်လှန်ရေးဆင်နွှဲခြင်းမရှိမီ အိမ်ထောင်ရေးကွာရှင်းပြတ်စဲခဲ့ကြသည်။

ဒိုင်ဘလတ်၏ ဖခင် ဖီဒယ်သည် ကျူးဘားနိုင်ငံအား ရာစုနှစ်ထက်ဝက်နီးပါးကြာမျှ ဦးဆောင်ခဲ့သူ ကွန်မြူနစ်တော်လှန်ရေးသမားကြီးဖြစ်ပြီး ၂၀၀၆ခုနှစ်တွင် အသည်းအသန် နာမကျန်းမှုအရ ရာထူးမှ ဆင်းပေးခဲ့သည်။ ၎င်း၏ အရိုက်အရာကို ၎င်း၏ညီ ရောလ်ကက်စထရိုက ဆက်ခံခဲ့သည်။

**ဆင်ဟွာ**

❖ **ရှေ့ဖုံးမှ**

အစည်းအဝေးတွင် မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၏ **မြန်အောင်မြို့နယ်အတွင်းရှိ ဧရာဝတီရေကာတာ၏ တာမိုင် ၂၆ ဒသမ ၃ ဖာလုံတွင် ဧရာဝတီမြစ်အတွင်းသို့ မိုးရေချောင်းရေများ ထုတ်နုတ်ပေးနိုင်သော ရေတံခါးများကို တပ်ဆင်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မေးခွန်းတွင်ပါရှိသည့် ဧရာဝတီမြစ်အတွင်းသို့ ကွင်းရေများ ထုတ်နုတ်ပေးနိုင်ရန်အတွက် မြန်အောင်ရေဘေးကာကွယ်ရေးတာတွင် ရေတံခါးများတပ်ဆင်ရန်အတွက် ဧရာဝတီမြစ်ရေမှတ်များ၊ ကွင်းရေမှတ်များ၊ မြေမျက်နှာပြင် နိမ့်မြင့်အနေအထား၊ တာနှင့် မြစ်အကွာအဝေး၊ ရေတံခါးတည်ဆောက်ခြင်းကြောင့် နောက်ဆက်တွဲ ကမ်းပြိုကမ်းစားမှု ဖြစ်ပေါ်နိုင်ခြင်း ရှိ၊ မရှိ စသည့် အချက်အလက်များကို စူးစမ်းလေ့လာတိုင်းတာမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါကြောင်း။

ရရှိသည့် အချက်အလက်များအရ မြစ်ရေတက်ချိန်တွင် မြစ်ရေမှတ်သည် မြင့်ပြီး ကွင်းဘက်ခြမ်း ရေ Level က နိမ့်နေသည့်အတွက် ရေတံခါးနှင့် ရေထုတ်ရန် အခြေအနေ မဖြစ်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ အခြားတစ်ဖက်တွင်လည်း မြစ်ကမ်းနှင့် တာအကွာအဝေး အနေအထားသည် ပေ ၁၀၀၀ သာရှိပြီး နီးကပ်နေသည့်အတွက် ရေတံခါးတည်ဆောက်မည်ဆိုပါက မြစ်ကမ်းပြိုမှုများ ဖြစ်ပေါ်နိုင်ပြီး တာတမံကို ထိခိုက်လာနိုင်မည်ကို စိစစ်သုံးသပ်ရရှိပါကြောင်း။

ထို့ကြောင့် ကွင်းဘက်တွင်ရှိသော ချောင်း၊ မြောင်းများ ရေနုတ်အားကောင်းအောင် တူးဖော်ပြုပြင်ပေးသင့်မှု အနေအထားကြောင့် အဓိကရေထွက်ပေါက်ဖြစ်သည့် မမြချောင်းအောက်ပိုင်း တိမ်ကောနေမှုများကို တူးဖော်ပေးမှုဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **ပွင့်လင်းမြင်သာမှုလည်း မရှိ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်လည်း မညီသော မြို့ကွက်သစ် အိမ်ရာစီမံကိန်းကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တောင်ကုတ်မြို့ မြို့ကွက်သစ်ဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မူအားဖြင့် ခွင့်ပြုခဲ့မှုအပေါ် လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် Developer အဖြစ် ထာဝရအောင်မြေကုမ္ပဏီကို တာဝန်ပေးခဲ့သည်ကို စိစစ်သိရှိရပါကြောင်း၊ Developer အဖြစ် ဆောင်ရွက်သည့် ထာဝရအောင်မြေကုမ္ပဏီမှ မြို့ကွက်သစ်ဖော်ထုတ်မည့် ဧရိယာတွင် ပါဝင်သော လယ်မြေ ၁၉၀ ဒသမ ၇၉ ဧကကို လယ်သမားများထံမှ နှစ်ဦးသဘောတူဝယ်ယူပြီး အခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက်လည်းကောင်း၊ မြေလွတ်၊ မြေရိုင်း ၁၂၃ ဒသမ ၂၀ ဧက ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုမိန့်ရရှိရေးအတွက်လည်းကောင်း တင်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ကွက်သစ်အဖြစ် သတ်မှတ်အတည်ပြုခြင်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။

မြို့ကွက်သစ်စီမံကိန်းတွင် အသုံးပြုမည့် လယ်ယာမြေများအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်တင်ပြချက်အပေါ်တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဥပဒေကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုရသော အခြေအနေဖြစ်ပါကြောင်း၊ ထို့အတူ မြို့ကွက်သစ်စီမံကိန်းတွင် အသုံးပြုမည့် မြေလွတ်၊ မြေရိုင်းများကိုလည်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့က စိစစ်တင်ပြလာမှုအပေါ် ဗဟိုမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲမှုကော်မတီမှ ဥပဒေကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုရသည့် အခြေအနေ ဖြစ်ပါကြောင်း ဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၏ **မြစ်သားမြို့ရှိ ဂိုဒေါင်ပျက်များ၊ ချုံနွယ်များဖြင့် ရှုပ်ထွေးနေသော စိုက်ပျိုးရေးဌာနပိုင် မြေနေရာအား ရုံးမြေနေရာမရှိသော အစိုးရဌာန ၅ ဌာန ရုံးဖွင့်လှစ်နိုင်ရေးအတွက် စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မြစ်သားမြို့ ဘူတာရပ်ကွက်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေဧက ၈ ဒသမ ၂၅၃ ဧကတွင် (၁၀၀×၆၀×၁၅) ပေ ဂိုဒေါင် ၃ လုံး၊ ရှေ့တန်းစခန်းအဆောက်အအုံ တစ်လုံး၊ (၇၀×၃၀×၁၅) ပေ ဂိုဒေါင်တစ်လုံး၊ ဝါစက်ရုံအဆောက်အအုံနှင့် လစဉ်နိုင်ငံတော်သို့ ငှားရမ်းခပေးသွင်းလျက်ရှိသော ဆိုင်ခန်း ၂၅ ခန်းရှိပါကြောင်း၊ ၎င်းဆိုင်ခန်းများ၏ နောက်ကျောဘက်ဧရိယာ (အလျား ၂၇၅ ပေ×အနံ ၂၀၀ ပေ) ဧရိယာ ၁ ဒသမ ၂၆ ဧကအား အစိုးရဌာန ၅ ဌာန ရုံးဆောက်လုပ်ဖွင့်လှစ်နိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်လွှတ်လွှဲပြောင်းပေးနိုင်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မြစ်သားမြို့နယ်ရှိ ဌာန ၅ ခုအတွက် ရုံးမြေနေရာလိုအပ်ချက် တင်ပြလာမှုအပေါ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိစစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်လွှတ်လွှဲပြောင်းပေးရေးကို ဆောင်ရွက်ရမည့် အခြေအနေဖြစ်ပါကြောင်း ဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ်ရှိ အဓိက ရေအရင်းအမြစ်ဖြစ်သော နမ့်ယွန်းချောင်း၏ ရေငုပ်ကွယ်ပျောက် ဧရိယာအား ရှောင်ကွင်းတူးမြောင်း ဖောက်လုပ်ပေးရန်၊ ရေစီးရေလာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မေးခွန်းပါ နမ့်ယွန်းချောင်း ရေငုပ်လျှိုးစီးဝင်သွားသည့်နေရာအား ရှောင်ကွင်းပြီး မြောင်းဖောက်လုပ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ရေလွှဲမြောင်း ဖောက်လုပ်ရမည့် အူကြောင်းတွင် မြေပြင်နိမ့်မြင့် အနေအထားအရ မြင့်မားမတ်စောက်သော တောင်ကြောတွင် ကျောက်သားလွှာများကို ဖြိုခွဲပြီး ခက်ခဲစွာ ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အူကြောင်းတစ်လျှောက်တွင်လည်း မြေကျွံကျမှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် ထပ်မံပြီး ရေငုပ်လျှိုးပျောက်ကွယ်သွားနိုင်သော အခြေအနေရှိပါကြောင်း၊ ထို့ကြောင့် ဆောင်ရွက်ရန်သင့်လျော်မှုမရှိပါကြောင်း ဖြေကြားသည်။

ထို့အတူ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းနှင့် ခနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှတို့၏ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က **"စက်မှုလယ်ယာစနစ် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်က ထောက်ခံဆွေးနွေးသည်။

**ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်**က နိုင်ငံတစ်ဝန်းရှိ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် မိရိုးဖလာနည်းများကိုသာသုံး၍ စိုက်ပျိုးကြသူများပါကြောင်း၊ ထို့ကြောင့် တစ်ဧကအထွက်နှုန်းသည် ပျမ်းမျှအားဖြင့် စပါးအထွက်နှုန်းမှာ တင်း ၇၀ နှင့် ၈၀ အကြား အမြင့်ဆုံးရရှိပါကြောင်း၊ ယခုဆယ်စုနှစ်များတွင် လယ်ယာလုပ်သားရှားပါးလာမှုကြောင့် ပျိုးထောင်၊ ပျိုးနုတ်၊ ကောက်စိုက် အဆင့်များမလုပ်ဘဲ အစေ့လိုက် ကြဲပက်နည်းကိုသာသုံးလာကြပါကြောင်း၊ ထို့ကြောင့် မျိုးစပါးနှင့် မြေသြဇာ ပိုမိုသုံးစွဲရပါကြောင်း၊ အကျိုးဆက်အနေဖြင့် တမန်းနှိုးခြင်းကဲ့သို့သော အလုပ်များဖြစ်သည့် မြက်ရှင်းပေါင်းနုတ်ခြင်းကိစ္စများကို စနစ်တကျလုပ်ဆောင်မရသည့်အတွက် ပေါင်းသတ်ဆေးများ ပိုမိုသုံးစွဲလာကြ၍ စပါးအထွက်နှုန်းများ ကျဆင်းလာပြီး အရည်အသွေးလည်း ကျဆင်းလာပါကြောင်း။

အာဆီယံဒေသအတွင်း အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့တွင် စက်မှုလယ်ယာစနစ်ကို ၁၉၉၀ ပြည့်နှစ်များကတည်းက စတင်အကောင်အထည်ဖော် အောင်မြင်နေပြီး တစ်ဧကအထွက်နှုန်းမှာလည်း စပါးတင်း ၂၂၀-၂၄၀ အကြားအထိ ရရှိနေသည်ကို သိရပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉ နှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဇ)တို့အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့်လည်းကောင်း၊ နိုင်ငံတကာအကူအညီနှင့် ချေးငွေများဖြင့် လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မည့် Contract Farming စနစ်ဖြင့် လည်းကောင်း နည်းလမ်းအမျိုးမျိုးဖြင့် စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် အဆင့်မြင့်ဧကကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်၏ သဘောဆန္ဒကိုရယူ၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်သတ္တမပုံမှန် အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သုရဇော်**

❍ **စာတုဗေဒဆိုးဆေးမှ**

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **နိုင်ငံတော်အတွင်း အစားအသောက်ဆိုင်ရာ ဘေးကင်းလုံခြုံမှုကို အလွန်အမင်း ထိခိုက်စေလျက်ရှိသည့် FDA က ပိတ်ပင်ထားသော အစားအသောက်များ ဈေးကွက်တွင် တွင်ကျယ်စွာ ဆက်လက်ရောင်းချနေခြင်း၊ FDA ခွင့်ပြုချက်မပါသော နိုင်ငံခြားဘာသာ သက်သက်ဖြင့်သာ ရေးသားထားသော အစားအသောက်များ၊ ဥပဒေအရ သတ်မှတ်ထားသည့် အညွှန်းအချက်အလက်မပါသည့် အစားအသောက်များနှင့် စာတုဗေဒဆိုးဆေးများ အလွန်အကျွံသုံးထားသော အစားအသောက်များ ရောင်းချနေခြင်းကို မည်ကဲ့သို့ ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက "ဈေးကွက်အတွင်းထောက်လှမ်းခြင်း၊ တွေ့တဲ့ပစ္စည်းတွေ ဖျက်သိမ်းခြင်းတွေ လုပ်ပါတယ်။ ထုတ်လုပ်တဲ့နေရာထိ ကျွန်တော်တို့သွားပါတယ်။ ထုတ်လုပ်တဲ့ ရောင်းတဲ့ နေရာတွေမှာ ၂ နည်းနဲ့လုပ်ပါတယ်။ ပထမတစ်နည်းက စီမံခန့်ခွဲခြင်းနည်းလမ်းနဲ့ ဒုတိယတစ်နည်းက တရားစွဲခြင်းနည်းလမ်းပါ။ စီမံခန့်ခွဲခြင်းနည်းလမ်းမှာပညာပေးပါတယ်။ ခံဝန်ကတိထိုးခိုင်းပါတယ်။ မရရင် ရောင်းမိန့်ကိုပိတ်ပါတယ်။ တရားစွဲပါတယ်။ ဒါဟာ ၁၉၉၇ ခုနှစ်က ဥပဒေတစ်ခုဖြစ်ပါတယ်။ ၂၀၁၃ မှာပြင်ဆင်ထားပြီးတော့ ဒါကိုကြည့်ရင်လည်း လုံလောက်မှုမရှိဘဲ ထိရောက်မှုနည်းတဲ့အတွက် ပြင်ဆင်နေပါတယ်။ ပြင်ပြီးရင် ဥပဒေကိုက ပိုပြီး ထိရောက်မှာပါ။ ထပ်ပြင်ရမယ်ဆိုရင်အမှန်တရားတည်ပြီး ဇာစ်မြစ်ကို ကိုင်တွယ်ရမှာပါ။ ဆိုးဆေးပါတဲ့အစားအသောက်တွေကို ကိုင်တွယ်မယ်ဆိုရင် ပြည်တွင်းမှာရောင်းတဲ့ အစားအသောက်နဲ့ အခြားနိုင်ငံကဝင်တဲ့ အစားအသောက်ရှိပါတယ်။ အခြားနိုင်ငံကလာတဲ့ပစ္စည်းတွေကို စာတ်ခွဲဖို့အတွက် နယ်စပ်ဒေသတွေမှာ ဓာတ်ခွဲခန်းတွေထားရှိပါတယ်။ ဇာစ်မြစ်ကိုလုပ်မယ်ဆိုရင် ကျောင်းမှာရှိတဲ့ ဆရာ ဆရာမတွေက ကျောင်းသားတွေကို ပြောရမှာပါ။ ကျွန်တော်တို့ဘက်က ကျောင်းကျန်းမာရေးနဲ့ပူးပေါင်းပြီး ဆောင်ရွက်ရန်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကလည်း စီမံချက်ချပြုလုပ်ရမှာပါ။ ပြည်သူ့ကျန်းမာရေးဆိုတာရှိပါတယ်။ ရောင်းတဲ့သူကိုလည်း ပညာပေးရပါမယ်။ အမြတ်တစ်ခုတည်းကို မကြည့်ပါနဲ့၊ ဒီပစ္စည်းကိုရောင်းခြင်းအားဖြင့် ကလေးကလည်း စားမှာပဲ။ ရေရှည်မှာဒုက္ခရောက်မှာပါ။ အဓိကကတော့ ပညာပေးလုပ်ငန်းတွေကို လုပ်မှာပါ။ အခုဆိုရင် ပထမဆုံးသတင်းစာတွေထဲမှာ ကြော်ငြာထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာစပြီးလုပ်နေပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကုန်လုံး တစ်ခုပြီးတစ်ခု လုပ်မှာပါ။ ဒီဟာက အခုမလုပ်ရင် ရေရှည်မှာကျန်းမာရေးထိခိုက်မှာပါ။ FDA တင်လုပ်လို့မရပါဘူး။ ကျောင်းကျန်းမာရေး၊ ကျောင်းဆရာနဲ့ လုပ်လို့မရဘူး၊ မြန်မာနိုင်ငံ စားသုံးသူအသင်းကလည်း ပါပါတယ်။ သူတို့က တစ်ပြည်လုံးမှာရှိပါတယ်။ အိမ်တိုင်းကိုလည်း ပညာပေးရပါမယ်။ ကျွမ်းကျင်မှုဆိုင်ရာကို FDA ပေးမယ်။ Lab တွေပေးမယ်။ မီဒီယာတွေပါမယ်။ ဒီဟာတွေ ပေါင်းလုပ်မှရမယ်။ FDA က လုပ်ရုံနဲ့မရနိုင်ပါဘူး။ မီဒီယာကအရေးကြီးပါတယ်။ အဓိကက ကျောင်းပဲ။ ကျောင်းသားမိဘ၊ ဆရာတွေပါရမယ်။ ဆေးဆိုင်တွေပါ အကုန်ပါရမယ်။ ၂၀၁၇ ခုနှစ်ကို ကျွန်တော်တို့က ဈေးကွက်ထောက်လှမ်းရေးပိုပြီး လုပ်တဲ့နှစ်လို့ သတ်မှတ်ထားပြီး ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ကို သွားနေပါတယ်။ ဈေးကွက်ထောက်လှမ်းခြင်းအနေနဲ့ ရှောင်တခင်ဝင်စစ်ပါတယ်။ တွေ့တာကို အရေးယူပါတယ်။ စစ်တဲ့နေရာမှာ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီနဲ့ပူးပေါင်းပြီး လုပ်ပါတယ်။ နိုင်ငံခြားဘာသာသက်သက်နဲ့ရေးသားထားတဲ့ အစားအသောက်တွေနဲ့စပ်လျဉ်းပြီး မြန်မာဘာသာဖြင့် ရေးသားဖော်ပြရမည်ဆိုတာကိုတော့ ကျွန်တော်တို့မှာ ဥပဒေမရှိသေးပါဘူး။ အရေးကြီးတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော်တို့ပဲ လုပ်လို့မရပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ သက်ဆိုင်ရာအသင်းအဖွဲ့တွေ အကြံဉာဏ်ပေးပြီးမှ ဘယ်လိုလုပ်သင့်တယ်ဆိုတာကို ကျွန်တော်တို့ လုပ်ဖို့ရှိပါတယ်။ အထည်အလိပ်ဓာတုဆိုးဆေးမှာ ဈေးကွက်အတွင်း အလွယ်တကူ သုံးစွဲနိုင်ခြင်းဆိုတာကိုတော့ နိုင်ငံတကာမှာ လုပ်လေ့လုပ်ထမရှိပါဘူး။ လွတ်လပ်စွာ ရောင်းလို့ရပါတယ်။ အစားအသောက်ဆေးဝါးနှင့် မြို့နယ်ကြီးကြပ်ရေးကော်မတီကတော့ ကျွန်တော်တို့က အခုမှ ခရိုင်အဆင့်ထိပဲ ရောက်သေးတယ်။ မြို့နယ်အဆင့်ထိတော့ မရောက်သေးပါဘူး။ ခရိုင်အဆင့်က လူတွေက ကူညီပြီးလုပ်ပေးနေပါတယ်။ ရုံးမရှိသေးတဲ့အတွက် ကော်မတီနဲ့ စပြီးတော့ ကျွန်တော်တို့ လုပ်နေပါတယ်။ ဒီကော်မတီမှာဆိုရင် မြို့နယ်ကျန်းမာရေးမှူးက ဥက္ကဋ္ဌလုပ်ပါတယ်။ လက်ထောက်ကျန်းမာရေးမှူးပါမယ်။ ထွေ/အုပ်ပါမယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါတယ်။ မြို့နယ်စည်ပင်ပါတယ်။ မြို့နယ်မွေးမြူရေးအဖွဲ့ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ ဒီကိစ္စအတိုင်းအတာက တစ်နိုင်ငံလုံးပြည်သူရဲ့ကျန်းမာရေး တဖြည်းဖြည်းကျဆင်းလာပြီး ကျန်းမာရေးကောင်းအောင် ဘယ်လောက်လုပ်လုပ် မကယ်တင်နိုင်တဲ့ အခြေအနေရောက်နေပါပြီ။ ရောင်းတဲ့သူတွေကလည်း ကျင့်ဝတ်လေးနဲ့ ရောင်းကြဖို့ပါ၊ အမြတ်ကိုပဲမကြည့်ပါနဲ့၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက ဒီကိစ္စကို ပထမဦးစားပေးအနေနဲ့ ၂၀၁၈ ခုနှစ်မှာ အဓိကထားပြီးလုပ်နေပါတယ်"ဟု ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်

ထို့နောက် ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ရှားတောကျွန်းရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်းအတွက် တင်ဒါအောင် ကုမ္ပဏီအနေဖြင့် စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် လုပ်ငန်းအပ်နှံမှုမရှိသေးခြင်းအပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကိုသိရှိလိုခြင်း** နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၆ ခုနှစ် မတ် ၁၅ ရက်က ရာခိုင်နှုန်း(၁၀၀)ပြီးစီးကြောင်း လက်မှတ်ထိုးထားပါတယ်။ မြို့နယ်ကျန်းမာရေးဆရာဝန်၊ ဦးစီးအရာရှိ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✱

# နိုင်ငံနှင့် တိုင်းရင်းသားအားလုံး၏ နှလုံးသည်းပွတ်နေ့တစ်နေ့

**သိန်းထွန်း(IR)**

လွတ်လပ်ရေးသမိုင်းဝင် ပြည်ထောင်စုနေ့သည် ခေတ်စနစ်အဆက်ဆက်ကို ကျော်ဖြတ်၍ ယနေ့အချိန်တွင် နှစ်ပေါင်း (၇၁)နှစ်တိုင်ပြီဖြစ်သည်။

လူ့သက်တမ်းနှင့် နှိုင်းစာလျှင် သက်ကြီးရွယ်အိုဘဝတစ်ခုစာပင်။ ယနေ့ခေတ် မျိုးဆက်သစ်လူငယ်များအတွက် အသက် ( ၇၁ )နှစ်အရွယ် သက်ကြီးရွယ်အိုတစ်ယောက်ထံမှ သက်ကြီးစကား သက်ငယ်ကြားရမည်ထင်သည်။ ပြည်ထောင်စုနေ့သည် စနစ်အမျိုးမျိုး၏ ထုထောင်းဒဏ်၊ ပြည်တွင်းသောကဒဏ်၊ နိုင်ငံတော်၏ အနာဂတ်အတွက် သောကများဖြင့် စိတ်ထောင်း၍ ကိုယ်ကြေနေမည်ထင်သည်။

**နှလုံးသည်းပွတ်နေ့တစ်နေ့**

ပြည်ထောင်စုနေ့ဆိုသည်မှာ မြန်မာ့သမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝသော၊ နိုင်ငံ၏အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးကို ကိုယ်စားပြုသောနေ့တစ်နေ့ဆိုလျှင်ပို၍ မှန်မည်ထင်သည်။ ပြည်ထောင်စုနေ့သည် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးမှုကို ကိုယ်စားပြုသော၊ နယ်ချဲ့ကိုတွန်းလှန်ရဲသည့် စိတ်ဓာတ်ကို ဖော်ညွှန်းသော၊ လွတ်လပ်ရေးကို ချစ်မြတ်နိုးသည့် စိတ်ကိုကိုယ်စားပြုသော စသည့် နိုင်ငံနှင့် တိုင်းရင်းသားအားလုံး၏ နှလုံးသည်းပွတ်နေ့တစ်နေ့ဟု ဖော်ညွှန်းလိုသည်။

ထိုသို့သော အဓိပ္ပာယ်ပြည့်ဝသော နေ့တစ်နေ့ကို ကျွန်ုပ်တို့ ကျော်ဖြတ်လာသည်မှာ နှစ်ပေါင်း (၇၁)နှစ်တိုင်ပြီဖြစ်သည်။ ယင်းနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များက မြန်မာနိုင်ငံသူ့ကျွန်ဘဝမှ လွတ်မြောက်ရေး၊ လွတ်လပ်ရေးရရှိရေး၊ အချုပ်အခြာအာဏာပိုင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မြန်မာနိုင်ငံအနာဂတ်တည်ဆောက်ရေးများအတွက် ကြိုးပမ်းခဲ့ကြသည်။

**ပြန်လည်ဆန်းစစ်ရန် လိုအပ်**

နိုင်ငံအတွက် သွေး၊ ချွေးများရင်းခဲ့ကြသည်။ နိုင်ငံ့အကျိုးအတွက် ကိုယ်ကျိုးစွန့်ခဲ့ကြသည်။ အဓိပ္ပာယ်ပြည့်ဝလှသော ပြည်ထောင်စုနေ့ကို ကျွန်ုပ်တို့ မျိုးဆက်သစ်များ နှစ်ပေါင်း (၇၁)နှစ်အတွင်း အနှစ်သာရရှိရှိ အကြိမ်မည်မျှ ဖြတ်သန်းခဲ့ကြပါသနည်း။ ပြည်ထောင်စုဖခင်များ၏ ရည်မှန်းချက်၊ လိုလားချက်၊ မျှော်မှန်းချက်များကို ကျွန်ုပ်တို့ လက်တွေ့ကျကျ လိုက်နာအကောင်အထည်ဖော်နိုင်ပြီလား၊ အနာဂတ်မြန်မာနိုင်ငံတော်အတွက် ပြန်လည်ဆန်းစစ်ရန် လိုအပ်နေပြီဟု ယူဆမိသည်။

အတိတ်သမိုင်းဆိုသည်မှာ ဖက်တွယ်ထားရန်မဟုတ်၊ သင်ခန်းစာယူရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အတိတ်ကိုဖက်တွယ်ထားခြင်း၊ ပစ္စုပ္ပန်တွင် ရပ်နေခြင်း၊ အနာဂတ်ကိုသာ မျှော်မှန်းနေခြင်းများထက် အတိတ်၏ သင်ခန်းစာများနှင့် ပစ္စုပ္ပန်၏အရှိတရားများကို သုံးသပ်၍ အနာဂတ်မျှော်လင့်ချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်မှသာ တိုးတက်မှုကို ရရှိနိုင်မည်ဟု ယုံကြည်သည်။ အတိတ်သမိုင်းကို သင်ခန်းစာမယူနိုင်ဘဲ အတိတ်သမိုင်းထဲမှာသာ တဝဲလည်လည်ဖြစ်နေမည်ဆိုပါက တိုးတက်မှုထက် ဆုတ်ယုတ်မှုသာ ရရှိနိုင်ပါမည်။

ပြည်ထောင်စုနေ့၏အနှစ်သာရသည် တိုင်းရင်းသားအားလုံး၏စည်းလုံးမှုဖြင့် လွတ်လပ်ရေးကို တစုတစည်းတည်း ရယူရေးဖြစ်သည်။ ပင်လုံစာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုအခြေအနေ မည်သို့ရှိသနည်း၊ ကျွန်ုပ်တို့တစ်တွေ စည်းလုံးမှုရခဲ့ပါသလား။

(၇၁)နှစ်အတွင်း မြန်မာနိုင်ငံ ငြိမ်းချမ်းခဲ့ပါသလား၊ (၇၁)နှစ်အတွင်း မြန်မာနိုင်ငံကို မည်သည့်နိုင်ငံများက ကျော်တက်သွားပါသလဲ၊ ယင်းကာလအတွင်း မြန်မာနိုင်ငံ တိုးတက်သွားသလား၊ ဆုတ်ယုတ်သွားသလား၊ ယင်းကာလအတွင်း ကျွန်ုပ်တို့ ဘာတွေလုပ်နေကြသလဲ၊ ကျွန်ုပ်တို့တစ်တွေ ဘာတွေမှားခဲ့ကြသလဲ။ အခြားတိုးတက်သွားသောနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ဖို့၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ဖို့ဆိုပါက တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြစ်တင်နေကြမှာလား၊ အနာဂတ်နိုင်ငံတော် တိုးတက်ဖို့ တိုင်ပင်ဆွေးနွေး လက်တွဲလုပ်ဆောင်ကြမှာလား၊ ပြည်ထောင်စုဖခင်များကတော့ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ခဲ့ကြသည်၊ နိုင်ငံအတွက် အသက်စွန့်ခဲ့ကြသည်။ ကျွန်ုပ်တို့တစ်တွေကရော. . .။

ထိုသို့ မေးခွန်းထုတ်ရခြင်း၏ ရည်ရွယ်ချက်မှာ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် လက်ညှိုးထိုးအပြစ်တင်ခြင်းထက် အတိတ်က သမိုင်းကို သင်ခန်းစာယူလိုခြင်း၊ အမှားများကို ပြင်ဆင်လိုခြင်းကြောင့်ဖြစ်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်းသည် အလုပ်ကို အသက်နှင့်ရင်း၍ လုပ်ပြခဲ့သည်။ ကျွန်ုပ်တို့ ဗိုလ်ချုပ်လို အသက်ရင်းစရာမလိုပါ။ အတ္တများ၊ မာနများ၊ အစွဲများ လျှော့ချခြင်းဖြင့်သာ ယုံကြည်မှု တည်ဆောက်နိုင်မည်။ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်။ စည်းလုံးမှုတည်ဆောက်နိုင်မည်။ နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။**

**ပင်လုံစာချုပ်၏ ဇာစ်မြစ်**

ပင်လုံစာချုပ်မတိုင်မီ မြန်မာနိုင်ငံအခြေအနေ၊ ပင်လုံစာချုပ်ပေါ်ပေါက်လာရခြင်း၏ ရည်ရွယ်ချက်၊ ပင်လုံစာချုပ်မချုပ်ပါက ပေါ်ပေါက်လာနိုင်မည့် အကျိုးဆက်များကို သုံးသပ်မိသည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံသိမ်းယူစဉ်ကပင် ပြည်နယ်ပြည်မခွဲခြား အုပ်ချုပ်ထားခြင်းသည် ပင်လုံစာချုပ်၏ ဇာစ်မြစ်ဟု ယူဆသည်။ သွေးခွဲအုပ်ချုပ်ခြင်းဖြင့် တိုင်းပြည်စည်းလုံးမှုမရစေရန် နယ်ချဲ့တို့က ရည်ရွယ်ခဲ့သည်။ ပြည်နယ်ပြည်မအုပ်ချုပ်မှုပုံစံများ၊ အခွင့်အရေးများ ခွဲခြားထားခဲ့သည်။ လွတ်လပ်ရေးပေးသည့်အခါတွင်လည်း နယ်ချဲ့တို့က မြန်မာပြည်တစ်ပြည်လုံးကိုပေးရန်ထက် ပြည်နယ်ပြည်မခွဲခြားပေးရန် စီမံခဲ့ပြန်သည်။

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ဖက်ဆစ်ကို တော်လှန်တိုက်ခိုက်ပြီး မေလ ၁ ရက်နေ့တွင် ရန်ကုန်မြို့ကို မျိုးချစ်ဗမာ့တပ်မတော်က သိမ်းပိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မေလ ၇ ရက်နေ့တွင် ရန်ကုန်မြို့ကို မဟာမိတ်တပ်များ သိမ်းပိုက်ပြီးနောက်တွင် နယ်ချဲ့အုပ်ချုပ်ရေး ပြန်လည်ရယူရန် ပြင်ဆင်ခဲ့သည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို အုပ်ချုပ်ရန်အတွက် စက္ကူဖြူစီမံကိန်းကိုကြေညာခဲ့သည်။

ယင်းစီမံကိန်းအရ မြန်မာပြည်အား မတတ်သာ၍ လွတ်လပ်ရေးပေးရပါက တောင်တန်းဒေသများကို ချန်လှပ်ပြီး နယ်ချဲ့တို့ အကျိုးစီးပွားအတွက် ဆက်လက်သိမ်းပိုက်ထားရန်ဖြစ်သည်။ ယင်းကြေညာချက်တွင် တောင်တန်းဒေသများ မပါပါဟု ဖယ်ထုတ်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက မြန်မာတို့သည် ဒိုမီနီယံကို စိတ်မျှပင်မကူး၊ လုံးဝကိုယ်ပိုင်လွတ်လပ်ရေးကိုသာ လိုချင်ကြောင်း၊ မြန်မာ့လွတ်လပ်ရေးဟုဆိုရာ၌ တောင်တန်းနယ်များ မပါဝင်သော လွတ်လပ်ရေးသည် အဓိပ္ပာယ်မရှိဟု လူထုဟောပြောပွဲတွင် အတိအလင်းထုတ်ဖော်ပြောဆိုခဲ့သည်ကို တွေ့ရသည်။

ထို့အတွက် မြန်မာတစ်နိုင်ငံလုံး တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူရန်အတွက် ပင်လုံစာချုပ်ကို ချုပ်ဆိုရခြင်းဖြစ်သည်။ ထိုစဉ်ကာလက နယ်ချဲ့တို့၏ သွေးခွဲထားမှု အခြေအနေအရ၊ တစ်နိုင်ငံလုံး လွတ်လပ်ရေးရယူလိုမှု အခြေအနေအရ ပင်လုံစာချုပ် ချုပ်ဆိုခဲ့ခြင်းကို ဗိုလ်ချုပ်အောင်ဆန်း၏ ပင်လုံညစာစားပွဲမိန့်ခွန်းတွင် တွေ့ရသည်။ ဗိုလ်ချုပ်က "ကျွန်တော် ဒီကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုပဲ ရှိပါတယ်။ ဘာလဲဆိုရင် ဗမာပြည် လွတ်လပ်စေချင်တယ်၊ ညီညွတ်စေချင်တယ်၊ ကြီးပွားစေချင်တယ် ဒီဟာပါပဲလို့" ပြောခဲ့သည်။ ပင်လုံစာချုပ်နှင့် ပတ်သက်ပြီး ဗိုလ်ချုပ်၏ ရည်ရွယ်ချက်မှာ လွတ်လပ်ရေးရရန်၊ စည်းလုံးညီညွတ်ရန်နှင့် တိုင်းပြည်ကြီးပွားတိုးတက်စေရန်သာဖြစ်သည်ကို တွေ့ရမည်။

**သွေးစည်းညီညွတ်ခြင်း အခြေခံ**

ထိုရည်ရွယ်ချက်အတွက် ရှမ်းစော်ဘွား ခုနစ်ဦး၊ ရှမ်းလူထုကိုယ်စားလှယ် နှစ်ဦး၊ ကချင်ကိုယ်စားလှယ် ငါးဦး၊ ချင်းကိုယ်စားလှယ် သုံးဦး၊ မြန်မာအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါ၍ သွေးစည်းညီညွတ်ခြင်း အခြေခံဖြစ်သော ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခြင်းအတွက် တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သော တောင်ပိုင်စော်ဘွားကြီးက ရှမ်း၊ ဗမာ၊ ကချင် အချင်းချင်း သဘောကွဲလွဲချက်များရှိသော်လည်း ယခုညမှစ၍ သဘောကွဲလွဲချက် မရှိတော့ကြောင်း၊ သွေးကွဲအောင်ခြေထိုးသူရှိပေမယ့် ကျွန်တော်တို့ မအပါဘူး၊ ကျွန်တော်တို့လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာ ယုံကြည်စေလိုကြောင်း ပြောကြားခဲ့သည်ကို သတိချပ်စေလိုသည်။ မျိုးချစ်စိတ်၊ အသိတရား၊ အနာဂတ်မျှော်မှန်းချက်များ ပြည့်နေသောစကားများဟု ယူဆမိသည်။

ပင်လုံစာချုပ်နှင့်အတူ လွတ်လပ်ရေးကို ဗိုလ်ချုပ်က အသက်စွန့်ရယူပေးသွားခဲ့သည်။ ဒီသမိုင်းအရှိတရားပေါ်မှာ ကျွန်ုပ်တို့ ယနေ့ရပ်တည်ဖို့ လိုပါလိမ့်မည်။ ပင်လုံစာချုပ်တစ်ခုတည်းပေါ်မှာ အမြင်တစ်ခုတည်းထားခြင်းထက် သမိုင်းဖြစ်စဉ်အားလုံးကို ခြုံငုံရှုမြင်ကြဖို့ တိုက်တွန်းလိုသည်။

**ဒီမိုကရေစီစနစ် အပြောင်းအလဲ**

ယနေ့ဆိုလျှင် မြန်မာနိုင်ငံကို အားလုံး၏ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်သို့ ၂၀၁၁ ခုနှစ်ကပင် ပြောင်းလဲတည်ဆောက်လျက်ရှိပါသည်။ မြန်မာ့စနစ်အပြောင်းအလဲကို ကမ္ဘာကပါ အသိအမှတ်ပြုကြရသည်။ ဒီမိုကရေစီစနစ် အပြောင်းအလဲနှင့်အတူ နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး ပါဝင်နိုင်စေရန် ငြိမ်းချမ်းရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်လာသူများ ရှိနေသလို ပါဝင်ရန် ကြိုးစားနေသူများလည်းရှိနေသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ ပဋိပက္ခကို ငြင်းပယ်ခြင်းမဟုတ်၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဟုဆိုပါသည်။ ကျွန်ုပ်တို့တစ်တွေ ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ပါပြီ။ နိုင်ငံတကာအမြင်၊ ဒေသနိုင်ငံများအမြင်များဖြင့် တိုင်းရင်းသားအားလုံးက နိုင်ငံကိုတည်ဆောက်သင့်ပါပြီ။

ဗိုလ်ချုပ်အောင်ဆန်း ဖြစ်စေချင်သော၊ ဖြစ်စေလိုသော၊ ရည်ရွယ်လုပ်ဆောင်ခဲ့သော မျှော်မှန်းချက် သုံးခုအနက် လွတ်လပ်ရေးရပြီးသော်လည်း စည်းလုံးမှုပျက်ပြားခဲ့သည်။ တိုင်းပြည်ဆင်းရဲခဲ့သည်။ ငြိမ်းချမ်းရေး တည်ဆောက်နေရဆဲ ဖြစ်သည်။

**နယ်ချဲ့တို့၏ ကစားကွက်အတွင်းမှ မရုန်းထွက်နိုင်သေး**

ယနေ့ မြန်မာနိုင်ငံ အခြေအနေကိုကြည့်၍ နယ်ချဲ့တို့က ရယ်ကောင်းရယ်နေနိုင်သည်။ (၇၁)နှစ်ပြည့်သည်အထိ ကျွန်ုပ်တို့ နယ်ချဲ့တို့၏ကစားကွက်အတွင်းမှ မရုန်းထွက်နိုင်သေး။ ငြင်း၍ကောင်းနေဆဲ၊ တိုက်ခိုက်၍ကောင်းနေဆဲ၊ လွန်ဆွဲ၍ ကောင်းနေဆဲပင်။

ဗိုလ်ချုပ်အောင်ဆန်းက လက်ဖြင့်ရေးခဲ့သည်၊ ကျွန်ုပ်တို့က ခြေဖြင့်မဖျက်ရန် သတိထားသင့်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မျှော်မှန်းချက် နှစ်ချက်ကို ကျွန်ုပ်တို့ ယနေ့အချိန်အထိ အကောင်အထည်မဖော်နိုင်သေး။ ဗိုလ်ချုပ်အောင်ဆန်းသည် အလုပ်ကို အသက်နှင့်ရင်း၍ လုပ်ပြခဲ့သည်။ ကျွန်ုပ်တို့ ဗိုလ်ချုပ်လို အသက်ရင်းစရာမလိုပါ။ အတ္တများ၊ မာနများ၊ အစွဲများ လျှော့ချခြင်းဖြင့်သာ ယုံကြည်မှုတည်ဆောက်နိုင်မည်။ ငြိမ်းချမ်းရေး တည်ဆောက်နိုင်မည်။ စည်းလုံးမှုတည်ဆောက်နိုင်မည်။ နိုင်ငံဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုနေ့ခရီးသည် ယနေ့ဆိုလျှင် (၇၁) နှစ် ခရီးနှင့်ပြီးဖြစ်သည်။ ပင်ပန်းလှပါပြီ။ ကျွန်ုပ်တို့တွင် ဗိုလ်ချုပ်အောင်ဆန်း လိုလားခဲ့သော မျှော်မှန်းချက် နှစ်ခုအတွက် အားလုံးလက်တွဲ ကြိုးပမ်းကြရပါဦးမည်။ ရည်မှန်းချက်တူလျှင် ပေါင်းစည်းနိုင်ပါလိမ့်မည်။ ပြည်ထောင်စုသားအားလုံးအတွက် ကြိုးပမ်းပေးကြပါဟုလည်း မေတ္တာရပ်ခံလိုပါသည်။

ခရီးမိုင်ပေါင်းများစွာကို ပထမဦးဆုံးခြေတစ်လှမ်းဖြင့် စတင်သည်ဟုဆိုလျှင် ကျွန်ုပ်တို့ တိုင်းရင်းသားညီအစ်ကိုများအားလုံး နိုင်ငံအတွက် တန်ဖိုးကြီးမားလှသော ခြေတစ်လှမ်းကို ယနေ့တွင်ပင် စတင်ကြဖို့ ဖိတ်ခေါ်လိုက်ရပါသည်။ ။

## ဆဒိုး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဒစ်ဂျစ်တယ်စနစ် (DVB-T2)ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် ဆဒိုးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းများအား ဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ၂၈ ရက်မှ စတင်၍ လွှင့်အား 50 W၊ လိုင်းနှုန်းချန်နယ် (E-22)ဖြင့် ဒစ်ဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကို ဆဒိုးမြို့နှင့် နီးစပ်ရာ ကျေးရွာများဖြစ်သည့် နော့လန်၊ ဝူလိုင်၊ အထက်ရှမ်းနှင့် ပီဇော်ကျေးရွာများမှ ကောင်းမွန်စွာ ဖမ်းယူရရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မူကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသော (၁၀၃)နှစ်ပြည့် ဗိုလ်ချုပ်မွေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလေးများနေ့ အကြိုလှုပ်ရှားမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး မူကြိုကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ပြုလုပ်သည်။ ယင်းပြိုင်ပွဲတွင် ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ကေသီကျော်၊ ဒုတိယညွှန်ကြားရေးမှူးဒေါ်နန္ဒာနွယ်ဟန်၊ ဗဟန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရန်နိုင်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ပြိုင်ပွဲသို့ အစိုးရမူကြိုကျောင်း ၃၀ နှင့် ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်း သုံးကျောင်း စုစုပေါင်း ကျောင်းပေါင်း ၃၃ ကျောင်းမှ ကလေးငယ် ၆၄၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ကြေးမုံ**

### ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# တစ်ဆင့်ခံဥပဒေများ အချိန်မီထုတ်ပြန်နိုင်မှ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိမည်ဖြစ်၍ ...

မေနွယ်အေး

ဥပဒေပြုရာတွင် တိုက်ရိုက်ဥပဒေပြုခြင်းနှင့် တစ်ဆင့်ခံဥပဒေပြုခြင်း သို့မဟုတ် သွယ်ဝိုက်၍ဥပဒေပြုခြင်းတို့ ပါဝင်သည်။ တိုက်ရိုက်ဥပဒေပြုခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုအာဏာပိုင်များက ဥပဒေပြုခြင်းဖြစ်ပြီး ၎င်းဥပဒေများကို ဥပဒေပြုအဖွဲ့က ပြုသည့်ဥပဒေများဟု ခေါ်သည်။ တစ်ဆင့်ခံဥပဒေပြုခြင်းမှာ ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းသည့် ဥပဒေကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရန် ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းသည့် ဥပဒေတွင် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ထုတ်ပြန်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ရှိ ဥပဒေများ၌ တစ်ဆင့်ခံဥပဒေများ ပြဋ္ဌာန်းနိုင်ခွင့်အာဏာကို ထည့်သွင်းပြဋ္ဌာန်းခဲ့ကြသည်။ မူရင်းဥပဒေအားလုံးကို တစ်ဆင့်ခံဥပဒေထုတ်ရမည်ဟု မဆိုသော်လည်း ထုတ်ပြန်ရန်လိုအပ်သည့်ဥပဒေများကိုမူ မူရင်းဥပဒေပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက် တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းသင့်သည်။ အဘယ့်ကြောင့်ဆိုသော် ပြဋ္ဌာန်းသည့် ဥပဒေ၏ ရည်ရွယ်ချက် အထမြောက်အောင်မြင်ရေးနှင့် ဥပဒေပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းပြီး မရှေးမနှောင်းတွင် တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်သင့်သည်။ ထိုသို့ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက တစ်ဆင့်ခံဥပဒေများကို မူရင်းဥပဒေ ရေးဆွဲသည်နှင့် တစ်ပြိုင်တည်း ရေးဆွဲသင့်သည်။ မြန်မာနိုင်ငံတွင် ယခင်က ထိုသို့ဆောင်ရွက်ခဲ့ဖူးသည်။

ထို့ပြင် တစ်ဆင့်ခံဥပဒေများသည် မူရင်းဥပဒေကို ကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်း မရှိစေရသဖြင့် ဥပဒေပြဋ္ဌာန်းပြီးနောက်မှ ရေးဆွဲခြင်းမပြုသင့်ဘဲ ဥပဒေရေးဆွဲသည်နှင့်တစ်ပြိုင်နက်တည်း ရေးဆွဲသင့်သည်။ သို့မှသာ ဥပဒေကို ကျော်လွန်သည့်၊ ဆန့်ကျင်သည့်၊ ကွဲလွဲသည့် အချက်များရှိလာသည့်အခါ ကျော်လွန်ခြင်း၊ ဆန့်ကျင်ခြင်း၊ ကွဲလွဲခြင်းမရှိစေရန် ဥပဒေတွင် တစ်ပါတည်း ပြင်နိုင်၊ ဖြည့်စွက်နိုင်မည် ဖြစ်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်သွင်းသည့်အဆိုအား အတည်ပြုချက်အရ ပြည်သူ့လွှတ်တော်၏ ၅-၉-၂၀၁၂ ရက်စွဲပါစာဖြင့် **“ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးသည့်ဥပဒေများအရ ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသည် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ထုတ်ပြန်ကြေညာပြီးနေ့မှ ရက်ပေါင်း ၉၀ သို့မဟုတ် လွှတ်တော်က သတ်မှတ်သည့်ရက်အတွင်း ထုတ်ပြန်ပြီးဖြစ်ရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း”** နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာကို ရည်ညွှန်း၍ နိုင်ငံတော်သမ္မတရုံးက ၈-၉-၂၀၁၂ ရက်စွဲပါစာဖြင့် **“ထုတ်ပြန်ပြီးဥပဒေများကို ကျင့်သုံးရမည့်ဝန်ကြီးဌာနများမှ နည်းဥပဒေများကို ရက်ပေါင်း ၉၀ အတွင်း ရေးဆွဲပြဋ္ဌာန်းရန်”** ပြည်ထောင်စုအဖွဲ့အစည်းများအား အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။ သို့သော် ပထမအကြိမ် လွှတ်တော်သက်တမ်းက ပြဋ္ဌာန်းသည့်ဥပဒေများအနက် နည်းဥပဒေများ ထုတ်ပြန်ရန် လိုအပ်သော်လည်း မထုတ်ပြန်နိုင်သေးသည့် နည်းဥပဒေများရှိကြောင်း သိရသည်။

အင်္ဂလိပ်ကိုလိုနီခေတ်၊ ပါလီမန်ခေတ်၊ တော်လှန်ရေးကောင်စီခေတ်နှင့် ဆိုရှယ်လစ်ခေတ် ပြည်သူ့လွှတ်တော်အစပိုင်းကာလတို့တွင် ပြဋ္ဌာန်းခဲ့သည့်ဥပဒေများ၌ မည်သည့်ကိစ္စအတွက် နည်းဥပဒေပြုရမည်ဟုပါရှိခဲ့သော်လည်း ထိုကာလနောက်ပိုင်း ပြဋ္ဌာန်းသည့်ဥပဒေများတွင် စာကိုယ်၌ **“သတ်မှတ်ချက်များနှင့်အညီ”** ဟုလည်းကောင်း၊ နောက်ဆုံးပုဒ်မ၌ **“ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်”** ဟုလည်းကောင်း ယေဘုယျပြဋ္ဌာန်းချက်မျိုးကိုသာ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

နည်းဥပဒေများနှင့် စည်းမျဉ်းများ ထုတ်ပြန်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူရပြီး အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ယူရန် မလိုပေ။ အထက်ပါ ယေဘုယျပြဋ္ဌာန်းချက်မျိုးကို ဖော်ပြထားသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်လိုအပ်သည့် နည်းဥပဒေများနှင့် စည်းမျဉ်းများကို ထုတ်ပြန်ခြင်းမပြုဘဲ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်မလိုသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသာ ထုတ်ပြန်ဆောင်ရွက်ခြင်းမျိုးလည်း ရှိသည်။ သို့ပါ၍ နည်းဥပဒေထုတ်ပြန်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ ယခင်ရေးထုံးရေးနည်းများကဲ့သို့ မည်သည့်ကိစ္စအတွက် နည်းဥပဒေထုတ်ပြန်ရမည် သို့မဟုတ် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ရေးဆွဲသင့်သည်။

ဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများ ထုတ်ဆင့်ခြင်းကို ကမ္ဘာ့နိုင်ငံများတွင်လည်း ကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ ဗြိတိန်နိုင်ငံတွင် တစ်ဆင့်ခံဥပဒေပြုခြင်းကို ၁၄ ရာစုနှစ်မှ စတင်ကျင့်သုံးခဲ့သည်။ ဗြိတိန်နိုင်ငံ၏ တစ်ဆင့်ခံဥပဒေပြုခြင်းတွင် ကောင်စီမှထုတ်ပြန်သည့် အမိန့်များ၊ ကောင်စီ၏ အမိန့်များ၊ ဝန်ကြီးများက ထုတ်ပြန်သည့် အမိန့်များ၊ စည်းမျဉ်းများ၊ နည်းဥပဒေများ၊ Schemes၊ ညွှန်ကြားချက်များနှင့် စည်းကမ်းဥပဒေ စသည်တို့ပါဝင်သည်။ ၎င်းတို့ကို ယေဘုယျအားဖြင့် Statutory Instruments ဟုခေါ်ပြီး The Statutory Instruments Act, 1946 ကို ပြဋ္ဌာန်းထားသည်။ ၎င်း အက်ဥပဒေအရ Statutory Instruments ကို ပါလီမန်သို့ တင်ပြအတည်ပြုချက် ရယူရမည်ဖြစ်သည်။ တစ်ဆင့်ခံဥပဒေ ထုတ်ပြန်ခွင့်အာဏာကို ပါလီမန်က အစိုးရအဖွဲ့သို့ အပ်နှင်းထားပြီး အများအားဖြင့် ထိုသို့အပ်နှင်းထားကြောင်းကို မူရင်းဥပဒေတွင် ထည့်သွင်းဖော်ပြသည်။

တစ်ဆင့်ခံဥပဒေကို ပါလီမန်သို့ တင်ပြအတည်ပြုချက်ရယူရာတွင် ပါလီမန်ရှိ လွှတ်တော် နှစ်ရပ်လုံး၏ အတည်ပြုချက်လိုအပ်သော Affirmative Resolution Procedure နှင့် လွှတ်တော်တစ်ရပ်ရပ်က ဗီတိုအာဏာသုံး၍ ပယ်ချနိုင်သည့် Negative Resolution Procedure ဟူ၍ နှစ်မျိုးရှိသည်။ မည်သည့်နည်းလမ်းအသုံးပြုရမည်ဆိုသည်မှာ မူရင်းဥပဒေပေါ်တွင် မူတည်သည်။ Statutory Instruments ဆိုင်ရာပူးပေါင်းကော်မတီကို လွှတ်တော်နှစ်ရပ်ရှိ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ၎င်းပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်မှာ Statutory Instrument များသည် ဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိနှင့် မူရင်းဥပဒေအရ ပေးအပ်ထားသည့်အာဏာကို ကျော်လွန်ပြဋ္ဌာန်းထားခြင်း ရှိ၊ မရှိ စိစစ်ရန် ဖြစ်သည်။ ငွေကြေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် Statutory Instrument များကိုမူ ပူးပေါင်းကော်မတီရှိ အောက်လွှတ်တော်ကိုယ်စားလှယ်များကသာ စိစစ်သည်။ ထို့ပြင် Statutory Instrument များကို လွှတ်တော်နှစ်ရပ်ရှိ တစ်ဆင့်ခံဥပဒေဆိုင်ရာ ကော်မတီများကလည်း စိစစ်သည်။

အမေရိကန်နိုင်ငံတွင် တစ်ဆင့်ခံဥပဒေများ တင်သွင်းခြင်းနှင့် ကွန်ဂရက်(လွှတ်တော်)က အတည်ပြုခြင်းတို့အတွက် the Administrative Procedure Act, 1946 နှင့် the Congressional Review Act, 1996 တို့ကို ပြဋ္ဌာန်းထားသည်။ သက်ဆိုင်ရာအာဏာပိုင်က မူကြမ်းရေးဆွဲထားသည့် တစ်ဆင့်ခံဥပဒေများကို ကွန်ဂရက်ရှိ လွှတ်တော် နှစ်ရပ်လုံးသို့ တင်ပြရမည်ဖြစ်ပြီး လွှတ်တော်ရှိ သက်ဆိုင်ရာအမြဲတမ်းကော်မတီက စိစစ်သည်။ တစ်ဆင့်ခံဥပဒေများကို အတည်ပြုရန် သို့မဟုတ် ပယ်ဖျက်ရန်အာဏာသည် ကွန်ဂရက်တွင်ရှိသည်။ ကွန်ဂရက်က အတည်ပြုလျှင်ပြုပြီးချင်း အမေရိကန်အစိုးရ၏နေ့စဉ်ထုတ်ဂျာနယ်ဖြစ်သည့် the Federal Register တွင် ထုတ်ပြန်ကြေညာသည်။

အိန္ဒိယနိုင်ငံတွင်လည်း တစ်ဆင့်ခံဥပဒေများကို ပါလီမန်သို့ တင်ပြအတည်ပြုချက်ရယူရသည်။ ပါလီမန်တွင် တစ်ဆင့်ခံဥပဒေများကို မူရင်းဥပဒေအား ဆွေးနွေးနေစဉ်တွင်လည်းကောင်း၊ တစ်ဆင့်ခံဥပဒေများနှင့် စပ်လျဉ်း၍ အဆိုတင်ခြင်းအားဖြင့်လည်းကောင်း၊ မေးခွန်းများမေးမြန်းခြင်းဖြင့်လည်းကောင်း၊ တစ်ဆင့်ခံဥပဒေဆိုင်ရာကော်မတီများတွင် ဆွေးနွေးခြင်းဖြင့်လည်းကောင်း ကြီးကြပ်ဆောင်ရွက်သည်။ ပါလီမန်ရှိ လွှတ်တော် နှစ်ရပ်လုံးတွင် တစ်ဆင့်ခံဥပဒေများကို စိစစ်သည့် ကော်မတီတစ်ခုစီ ဖွဲ့စည်းထားရှိသည်။ အဆိုပါကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ တစ်ဆင့်ခံဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မူရင်းဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ၊ တစ်ဆင့်ခံဥပဒေများထုတ်ပြန်ရန် ကြန့်ကြာနေခြင်း ရှိ၊ မရှိ၊ ၎င်းဥပဒေများသည် နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းရှိ၊ မရှိ၊ တရားရုံး၏စီရင်ပိုင်ခွင့်ကို ပိတ်ပင်ထားခြင်းရှိ၊ မရှိနှင့် အိန္ဒိယနိုင်ငံ၏စုပေါင်းရန်ပုံငွေမှ အသုံးစရိတ်များနှင့် သက်ဆိုင်ခြင်းရှိ၊ မရှိကို စိစစ်ရန် ဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင်လည်း တစ်ဆင့်ခံဥပဒေပြုပိုင်ခွင့်အာဏာကို အုပ်ချုပ်ရေးအာဏာပိုင်အား အပ်နှင်းထားပြီး ထိုသို့အပ်နှင်းထားကြောင်းကို မူရင်းဥပဒေတွင် ဖော်ပြထားသည်။ တစ်ဆင့်ခံဥပဒေများကို ပါလီမန်ရှိ လွှတ်တော်နှစ်ရပ်သို့ တင်သွင်းရမည်ဖြစ်ပြီး လွှတ်တော်တစ်ရပ်ရပ်က ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ တစ်ဆင့်ခံဥပဒေအားလုံးကို အထက်လွှတ်တော်ရှိ Standing Committee on Regulations and Ordinances က စိစစ်သည်။

အထက်ပါသာဓကများအရ ဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ခြင်းအား စိစစ်ကြီးကြပ်သည့်လုပ်ငန်းစဉ်သည် ဥပဒေပြုအဖွဲ့က လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်သည်။ လက်တွေ့တွင် တစ်ဆင့်ခံဥပဒေများသည် မူရင်းဥပဒေများထက် ပြည်သူလူထုအပေါ်တွင် များစွာအကျိုးသက်ရောက်မှု ရှိသည်။ ထို့ကြောင့် ပြည်သူကို အမှန်တကယ်အကျိုးပြုမည့် လိုအပ်သော တစ်ဆင့်ခံဥပဒေများကို အချိန်မီထုတ်ပြန်ရေးသည် ဥပဒေပြုလုပ်ငန်းစဉ်အတွက် အရေးပါသည့်လုပ်ငန်းတစ်ရပ် ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာတွင် Law Yearbook များကို ထုတ်ပြန်လျက်ရှိပြီး ၎င်းစာအုပ်များတွင် ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ပြန်သည့် ဥပဒေများကိုသာမက နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်စသည့် တစ်ဆင့်ခံဥပဒေများ စသည်တို့ပါဝင်သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့စာအုပ်မျိုးကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ထုတ်ဝေလျက်ရှိပြီး ၎င်းစာအုပ်များတွင် တစ်ဆင့်ခံဥပဒေများ စုံလင်စွာပါဝင်စေရန်အတွက် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို သက်ဆိုင်ရာအဖွဲ့အစည်းဌာနများက ထုတ်ပြန်ဆောင်ရွက်သင့်သည်။

စင်ကာပူနိုင်ငံတွင်လည်း မူရင်းဥပဒေထုတ်ပြန်ပြီးနောက် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို မူရင်းဥပဒေနှင့် မရှေးမနှောင်းပင် ထုတ်ပြန်ပါသည်။ ဥပဒေအားထုတ်ပြန်ကြေညာသည့် နေ့ရက်နှင့် ၎င်းဥပဒေအာဏာတည်သည့် နေ့ရက်သည် ကွဲပြားပါသည်။ များသောအားဖြင့် ဥပဒေကို ပြန်တမ်းတွင် ထုတ်ပြန်ကြေညာသည့် နေ့ရက်သည် ၎င်းဥပဒေအာဏာတည်သည့် နေ့ရက်မဟုတ်ဘဲ အာဏာတည်မည့်နေ့ရက်ကို သက်ဆိုင်ရာဝန်ကြီးက ဆုံးဖြတ်မည်ဟု ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပါသည်။ မူရင်းဥပဒေအာဏာတည်သည့် နေ့ရက်သည် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများ မူကြမ်းရေးဆွဲပြီး အဆင်သင့် ဖြစ်၊ မဖြစ် ပေါ်တွင် မူတည်ပါသည်။

သို့ပါ၍ မူရင်းဥပဒေများအာဏာတည်ရန်မှာ တစ်ဆင့်ခံဥပဒေများပေါ်တွင် မူတည်နေပါသည်။ လိုအပ်သည့် တစ်ဆင့်ခံဥပဒေများ အာဏာမတည်မချင်း မူရင်းဥပဒေသည်လည်း အာဏာတည်သည်ဟု ပြော၍မရပါ။ တစ်ဆင့်ခံဥပဒေများကို အကောင်အထည်ဖော်နိုင်မှသာ မူရင်းဥပဒေသည် အသက်ဝင်မည်ဖြစ်၍ တစ်ဆင့်ခံဥပဒေမပြဋ္ဌာန်းနိုင်ပါက မူရင်းဥပဒေများ မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ ဥပဒေအသက်ဝင်သည်ဟု ပြော၍မရပါ။

စင်ကာပူအစိုးရက တရားဝင်လွှင့်တင်ထားသည့် Singapore Statutes အွန်လိုင်းဝဘ်ဆိုဒ်တွင် နှစ်အလိုက်ထုတ်ပြန်ထားသည့် တစ်ဆင့်ခံဥပဒေများကို ဖော်ပြထားသကဲ့သို့ မူရင်းဥပဒေနှင့် သက်ဆိုင်သည့် တစ်ဆင့်ခံဥပဒေများကို အလွယ်တကူရှာဖွေနိုင်ရန် စုစည်းဖော်ပြထားပါသည်။

ထို့ကြောင့် ဥပဒေထုတ်ပြန်ပြီးနောက် ထိုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို မဖြစ်မနေထုတ်ပြန်ရန် သက်ဆိုင်ရာအဖွဲ့အစည်းက စိစစ်စောင့်ကြည့်သင့်သလို တစ်ဆင့်ခံဥပဒေထုတ်ပြန်ရမည့် ဌာန၊ အဖွဲ့အစည်းများ အနေဖြင့်လည်း တစ်ဆင့်ခံဥပဒေများကို မူရင်းဥပဒေ ရေးဆွဲသည်နှင့် တစ်ပြိုင်နက်ရေးဆွဲပါက နှောင့်နှေးကြန့်ကြာမှုများ ပေါ်ပေါက်မည်မဟုတ်ပေ။ ထို့သို့ရေးဆွဲခြင်းအားဖြင့် မူရင်းဥပဒေနှင့် တစ်ဆင့်ခံဥပဒေများကြား ကွာခြားမှုနည်းမည်ဖြစ်ပြီး လိုအပ်သည့်အပိုင်းကို ပြင်ဆင်၊ ညှိနှိုင်းရေးဆွဲနိုင်မည် ဖြစ်သည်။

မူရင်းဥပဒေများသည် မူဝါဒကိုသာ အဓိကထား၍ ဥပဒေပြုထားခြင်းဖြစ်သည်။ တစ်ဆင့်ခံဥပဒေများဖြစ်သည့် နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ပြည်သူများနှင့် ပိုမိုနီးစပ်ထိတွေ့မှုရှိပြီး မည်သို့လက်တွေ့လိုက်နာလုပ်ဆောင်ရမည်ကို တိတိကျကျ ရှင်းရှင်းလင်းလင်း ဖော်ပြထားသည်။ စံလုပ်ထုံးလုပ်နည်းကို ရေးဆွဲထားသည့်နိုင်ငံများတွင် ဥပဒေအပေါ် အငြင်းပွားအဓိပ္ပာယ်ကောက်ယူမှု မရှိသလောက်နည်းပါးပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း တိကျစွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်သဖြင့် လုပ်ငန်းစဉ်များ ထိရောက်မြန်ဆန်မှုရှိသည်သာမက တရားဥပဒေစိုးမိုးမှုလည်းရှိသည်။

ထို့ကြောင့် ပြဋ္ဌာန်းဥပဒေများနှင့် တစ်ဆင့်ခံဥပဒေများကို တစ်ချိန်တည်း ပူးပေါင်းညှိနှိုင်းရေးဆွဲခြင်းသည် ဥပဒေကို လေးစားလိုက်နာရေးနှင့် စီမံခန့်ခွဲရေးတို့တွင် များစွာထိရောက်မှုရှိပါကြောင်း၊ ထိုတစ်ဆင့်ခံဥပဒေများကို အချိန်မီထုတ်ပြန်နိုင်မှ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိမည်ဖြစ်၍ ယခုအစိုးရနှင့် လွှတ်တော်တို့က ထို့အတွက်ကို အလေးပေးဆောင်ရွက်ပေးမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း တိုက်တွန်းတင်ပြအပ်ပါသည်။ ။

**“ဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သည့်တစ်ဆင့်ခံဥပဒေများ ထုတ်ပြန်ခြင်းအား စိစစ်ကြီးကြပ်သည့်လုပ်ငန်းစဉ်သည် ဥပဒေပြုအဖွဲ့က လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်သည်။ လက်တွေ့တွင် တစ်ဆင့်ခံဥပဒေများသည် မူရင်းဥပဒေများထက် ပြည်သူလူထုအပေါ်တွင် များစွာအကျိုးသက်ရောက်မှု ရှိသည်။ ထို့ကြောင့် ပြည်သူကို အမှန်တကယ်အကျိုးပြုမည့် လိုအပ်သောတစ်ဆင့်ခံ ဥပဒေများကို အချိန်မီထုတ်ပြန်ရေးသည် ဥပဒေပြုလုပ်ငန်းစဉ်အတွက် အရေးပါသည့်လုပ်ငန်း တစ်ရပ်ဖြစ်သည်။”**

**✽ စာမျက်နှာ ၅ မှ**

လမ်းဦးစီးဌာနတို့က လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးကြောင်းကို လက်မှတ်ထိုးထားပါတယ်၊ တစ်ပတ်လောက်အကြာမှာ လွှဲပြောင်းပေးပါတယ်၊ ဂုဏ်ကြီးရှင်ဒါရိုက်တာ ဦးသက်နောင်ဦးနဲ့ မိုးညိုမြို့နယ်မှူးက လွှဲပြောင်းတာကိုလက်ခံခဲ့ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီနဲ့ပြန်ညှိမယ်၊ ကုမ္ပဏီက လုပ်ပေးရမှာဖြစ်ပါတယ်။ တိုင်းဦးစီးမှူးကနေ နောက်ဆုံး အခြေအနေကိုသွားကြည့်ပြီးတော့ သူလက်ခံလိုက်တာ ဖြစ်ပါတယ်။ ဒီတစ်ခေါက်တော့ တော်တော်ကောင်းပါတယ်။ စက်ပစ္စည်းအခက်အခဲကြောင့် လိုတာရှိပေမယ့် သိပ်မများပါဘူး။ မျက်နှာကြက်တွေ အကုန်လုံးကိုပြင်ပြီးပါပြီ၊ အရင် အခြေအနေ အားလုံးကို ပြင်ပြီးပါပြီ၊ မျက်နှာစာခြံစည်းရိုးလည်း တော်တော်ကောင်းသွားပါပြီ၊ အသစ်ချဲ့တဲ့လမ်းတွေလည်း ကောင်းသွားပါပြီ၊ မျက်နှာကြက်တွေအကုန်ကောင်းသွားပါပြီ၊ သိပ်မကောင်းတာ တွေ့မယ်ဆိုရင် ပြန်ညှိပြီး ဆက်လက်ဆောင်ရွက်ပေးမည်ဟု ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြို့သစ်၏ ကျောင်းဧရိယာမှာ သုည ဒသမ ၆၇၄ ဧကသာရှိသဖြင့် အလွန်ကျဉ်းမြောင်းနေပါ၍ ကျောင်းဧရိယာလျာထားမြေမှ ရယူထားပြီး အသုံးပြုခြင်းမရှိတော့သည့် တိုင်းရင်းဆေးအဆောက်အအုံပါ မြေယာကို ပြန်လည် စွန့်လွှတ်၍ ပညာရေးပိုင်မြေအဖြစ် လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တိုင်းရင်းဆေးပညာဦးစီးဌာနက မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက် ကွင်းအမှတ် ၉၉(ခ)ဘုရားကိုင်ကွင်း မြေနေရာ သုည ဒသမ ၂၂၃ ဧကရှိတဲ့ ၁၆ ခုတင် ဆေးရုံကို ၁၉၉၅ ခုနှစ်က ဆောက်လုပ်ပါတယ်။ ၁၉၉၈ မတ်လမှာ ဖွင့်လှစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှာတော့ အဲဒီနေရာမှာ ဝန်ထမ်းအိမ်ရာ ဆောက်ပါတယ်။ မြေပိုလည်းရှိပါတယ်။ ၂၀၁၁ ခုနှစ်မှာ ဝန်ထမ်းအိမ်ရာ ဆောက်ပါတယ်၊ ဆောက်ပြီးတဲ့အချိန်မှာ ၁၆ ခုတင်ကနေ ၂၅ ခုတင်ဆံ့ဆေးရုံတိုးပေးတဲ့အတွက် အဲဒီနေရာမှာ မဆောက်တော့ဘဲ ၂၀၁၅ ခုနှစ်မှာ အသစ်ပြန်ဆောက်လိုက်ပါတယ်။ ၂၅ ခုတင်ဖြစ်သွားပါပြီ၊ ၁၆ ခုတင်ဆံ့ဆေးရုံမှာ ကျန်တဲ့အဆောက်အအုံနဲ့ ဝန်ထမ်းတွေကတော့ ကျွန်တော်တို့ပိုင်ပါတယ်။ ၁၆ ခုတင်ဆံ့ ဆေးရုံမှာ ခရိုင်ဦးစီးမှူးထားတယ်။ ဝန်ထမ်းအိမ်ရာမှာ လူမနေဘူးဆိုတာက တိုင်းရင်းဆေးမှာ လုပ်တဲ့ဝန်ထမ်းတွေက မြို့ကဖြစ်တဲ့အတွက် ဝန်ထမ်းအိမ်ရာ ယူထားလို့ မရပါဘူး။ အပြောင်းအရွှေ့တွေ အများကြီးလာတဲ့အခါမှာ နေစရာမရှိတဲ့အတွက် ယူထားလို့မရပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်း နဂို ၁၆ ခုတင်ဆံ့ရှိတဲ့နေရာမှာ ခရိုင်ဦးစီးမှူးရုံးလုပ်ထားပါတယ်။ အမှန်တိုင်းပြောရရင် ပညာရေးကို ပေးလိုက်ချင်ပါတယ်။ ပေးမယ်ဆိုတာက ကျောင်းသားတွေ ကျပ်ပြီးတော့ တော်တော်လေး ဒုက္ခရောက်ပါတယ်။ ပညာရေးက ကျန်းမာရေးထက်ပိုပြီးတော့ အရေးကြီးပါတယ်။ ဝန်ထမ်းနေရာမပေးလိုက်ဘဲ အဲဒီမြေနေရာပေး လိုက်မယ်ဆိုရင် ခရိုင်ရုံး ဆောက်ဖို့ မြေနေရာလိုပါတယ်။ မြေနေရာ တစ်နေရာရမယ်ဆိုရင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ တင်ပြီး ဒီမြေနေရာကို ပေးလို့ရပါတယ်။ မြေနေရာချက်ချင်းပေးရင် ချက်ချင်းလုပ်မယ်၊ နောက်တစ်ချက်က တိုင်းဦးစီးမှူးနဲ့ပညာရေးဝန်ကြီးဌာန တိုင်းဦးစီးမှူးတို့ ပြန်ညှိပြီးတော့ ဘယ်လိုဆက်လုပ်မယ်ဆိုတာကို ဝိုင်းစဉ်းစားပြီးတော့ လုပ်ပါမယ်။ အဲဒီနေရာကို ပေးလိုပါတယ်ဟု ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်းနှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာတွင် "နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း" ဆိုသည့် စည်းကမ်းချက်များအား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးကို ညွှန်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက ပြည်ထောင်စုဝန်ကြီးဌာနများမှ ပေးပို့ခဲ့သည့် ဖြေကြားချက်များအနက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ နိုင်ငံတော်၏ ပြောင်းလဲလာသော အခြေအနေများအရ ထုတ်ပြန်လျက်ရှိသည့် လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားပါမည်ဟု ဖြေကြားချက်ပေးပို့ခဲ့ပြီး ကျန်ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ထမ်းသစ်များကို ခန့်ထားရာ၌ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ကြော်ငြာခေါ်ယူဆောင်ရွက်လျက်ရှိပြီး ပညာအရည်အချင်းအထောက်အထား၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား၊ ကိုယ်ရေးလျှောက်လွှာတို့ကိုသာ တောင်းခံ၍ နိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း တောင်းခံခြင်းမရှိပါဟု ဖြေကြားချက်များ ပေးပို့ခဲ့ကြပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ဝန်ထမ်းသစ်များ ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူရာ၌ ပါတီနိုင်ငံရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများမှ နိုင်ငံရေးကင်းရှင်းကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်းဆိုသည့် စည်းကမ်းချက်အား သတ်မှတ်ထည့်သွင်းခြင်းမပြုရန် ဝန်ကြီးဌာနအားလုံးသို့ ညွှန်ကြားပေးရန် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးဌာနအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ လေ့လာတွေ့ရှိချက်၊ သဘောထားမှတ်ချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းအား အတည်ပြုရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အဆိုတင်သွင်းပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) မှ ဦးဝင်းအောင်က ယင်းအဆိုကို ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ





**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (ဝဲပုံ)နှင့် ပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (ယာပုံ)**

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ ၂၀၁၈ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ယာဉ်ရပ်နားကွင်းအနီး၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ ကြည့်ရှုအားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ကိုယ်စားပြုအသင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ကိုယ်စားပြုအသင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ်စားပြုအသင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ကိုယ်စားပြုအသင်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းကိုယ်စားပြုအသင်းတို့က စည်းလုံးညီညွတ်မှု အားကောင်းကောင်းဖြင့် မြိုင်ဆိုင်တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ကိုယ်စားပြုအသင်းက ပထမ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားကိုယ်စားပြုအသင်းက ဒုတိယ၊ ဝန်ကြီးရုံးကိုယ်စားပြု အသင်းက တတိယ ရရှိကြပြီး ဆုရရှိသော အသင်းများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပြိုင်ပွဲဝင်အသင်းများကို ဝန်ထမ်းများက အိုးစည်ဗုံမောင်းများ တီးခတ်၍ အက အခုန်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် အားပေးခဲ့ကြသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

စက်မှုဝန်ကြီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီတွင် ရုံးအမှတ်(၃၇)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဇနီး ဒေါ်သစ်သစ်အောင်၊ အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့်ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တာဝန်ရှိသူများ၊ တက်ရောက်လာသူများနှင့် အကဲဖြတ်အဖွဲ့များက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲများကို အကဲဖြတ်အဖွဲ့ဒိုင်များက စစ်ဆေးအမှတ်ပေးပြီး ဆုပေးပွဲအား ဆက်လက်ကျင်းပခဲ့ရာ ပထမဆုရရှိသော စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအသင်းအား ပြည်ထောင်စုဝန်ကြီး၏ ဇနီးကလည်းကောင်း၊ ဒုတိယဆုရရှိသော မြန်မာ့ဆေးဝါးလုပ်ငန်းအသင်းအား အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကလည်းကောင်း၊ တတိယရရှိသော အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းအသင်းအား စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း အသီးသီးဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် နှစ်သိမ့်ဆုရရှိသော စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတို့အား အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က အသီးသီးဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့နောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပရေးကော်မတီက တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအား ပြိုင်ပွဲဝင်အသင်းများ၏ ဆုရရှိသောထမနဲပွဲများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။



မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှစ်ခုနှင့် လုပ်ငန်းလေးခု စုစုပေါင်းပြိုင်ပွဲဝင်ခြောက်သင်းတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ရုပ်သိမ်းခဲ့ပြီးနောက် ညနေပိုင်းတွင် ဝန်ထမ်းမိသားစုများအတွက် ဈေးရောင်းပွဲတော်နှင့် အားကစားပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်)ပထမပိုင်း လေ့ကျင့်



**နေပြည်တော် ဖေဖော်ဝါရီ ၂**
နိုင်ငံတော် လုံခြုံရေးနှင့်ကာကွယ်ရေးအတွက်ရည်မှန်း၍ သမားရိုးကျစစ်ပွဲများ ဆင်နွှဲနိုင်သည့်စွမ်းရည်မြင့်မားလာစေရန်အတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်တွင် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်း(ဆင်ဖြူရှင်)လေ့ကျင့်ဆောင်ရွက်နေမှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလေ့ကျင့်ခန်းသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့များမှ တပ်မတော်သားများ၊ ပြည်တွင်းသတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပုသိမ်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ လေ့ကျင့်ခန်းအဖွဲ့ခေါင်းဆောင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်က ဖြစ်စဉ်အကြောင်းအရာအဖွင့်အား Powerpoint၊ သဲမြေပုံများဖြင့် ရှင်းလင်းတင်ပြပြီး တိုက်စစ်နှုတ်မိန့်ပေးမှု၊ သက်ဆိုင်ရာ ကြည်း၊ ရေ၊ လေ တပ်မှူးများ၏ မိမိတို့နှင့်သက်ဆိုင်သည့် လေ့ကျင့်ခန်းများအား တိုက်စစ်နှုတ်မိန့်ပေးမှုနှင့် ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြမှုတို့ကို ကြည့်ရှုသည်။

ထို့နောက် Joint Operation Command Center အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးလေ့ကျင့်ခန်း(ဆင်ဖြူရှင်)မှ ခြေလျင်၊ သံချပ်ကာပူးပေါင်း၍ တပ်ရင်းအဆင့် တိုက်စစ်လေ့ကျင့်ခန်းပြုလုပ်နေမှုကို ကြည့်ရှုကြသည်။

ယင်းလေ့ကျင့်ခန်းတွင် ရဟတ်ယာဉ်ဖြင့် အမြောက်ချိတ်ဆွဲရွှေ့ပြောင်းခြင်း၊ ခြေလျင်၊ တင့်ပူးပေါင်း၍ ရန်သူကိုချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်ကို သိမ်းပိုက်ခြင်းများ ဆောင်ရွက်လေ့ကျင့်ခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မအဆင့် တိုက်စစ်ပြုလုပ်မည့် ရှုရပ်သို့ရောက်ရှိကြပြီး လေ့ကျင့်ခန်းပြုလုပ်မှုကို ကြည့်ရှုစစ်ဆေးသည်။ ယင်းလေ့ကျင့်ခန်းတွင် အတွဲလိုက်ဒုံးများ ပစ်ခတ်ခြင်း၊ တပ်မတော်(လေ)မှ တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် ရန်သူ့ပစ်မှတ်အသီးသီးအား ကြိုတင်ချေမှုန်းခြင်း၊ ခြေလျင်တပ်များက ထိုးဖောက်ဝင်ရောက်၍ ရန်သူကိုချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးအား သိမ်းပိုက်ခြင်းလေ့ကျင့်မှုကို ဆောင်ရွက်ကြသည်။

ထို့နောက် စစ်မြေပြင်ထောက်ပံ့ရေးစခန်းများနှင့် ရွေ့လျားစစ်မြေပြင်ဆေးရုံတပ်စု ခုတင်-၂၀ တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေး ဒုတိယပိုင်းလေ့ကျင့်ခန်းကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်လေ့ကျင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂**
အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၃၅) သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီး၏နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. VikramMisri နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။


အဆိုပါအခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အီတလီနိုင်ငံသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးအား မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီး H. E. Mr. Pier Giorgio Aliberti က ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံအတွင်း နေထိုင်ခွင့်အထောက်အထား (NVC-National Verification Card)ကိုင်ဆောင်ထားခြင်းဖြင့် လွတ်လပ်စွာသွားလာခွင့်အား ဥပဒေအရ ရရှိနိုင်ရေး၊ ကန့်သတ်ချက်များလျှော့ချနိုင်ရေးနှင့် ကျန်းမာရေးနှင့် ပညာရေး လက်လှမ်းမီရေး သက်မွေးဝမ်းကျောင်းလုပ်ငန်းများအား လွတ်လပ်စွာလုပ်ကိုင်နိုင်ရေးကိစ္စရပ်များ၊ UEHRD အစီအစဉ်ဖြင့် လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ရေးနှင့် ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စီးပွားရေးဇုန်များ တည်ထောင်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ စီစဉ်ဖွင့်လှစ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် သတင်းနှင့် ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးစနစ်တို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





**ဥတု ရာသီ တောကို မှီ၍**

## အာရှဖူဆယ်ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

**ရန်ကုန် ဖေဖော်ဝါရီ ၂**
တရုတ်(တိုင်ပေ)၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာရှဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် လက်ရှိချန်ပီယံ အီရန်အသင်းကို ၁၄ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရန် ကြိုးပမ်းခဲ့သော်လည်း အီရန်အသင်းမှာ ယခုပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်သလို ကမ္ဘာ့အဆင့်ရှိ အသင်းဖြစ်သောကြောင့် ခြေစွမ်းပိုင်းအရ ယှဉ်ကစားနိုင်ခြင်းမရှိဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ချေပဂိုးရနိုင်သည့် အခွင့်အရေးအချို့ ပြန်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(ဂ)၌ ပါဝင်နေပြီး အီရန်၊ အီရတ်၊ တရုတ်အသင်းတို့နှင့် ကျရောက်နေကာ ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီ ၄ ရက်တွင် အီရတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

# မြတ်မော်တင်စွန်း ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်



**ရန်ကုန် ဖေဖော်ဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ ရွှေဟောင်းသမိုင်းဝင် မဟာမကုဋ္ဌရုံသီ မြတ်မော်တင်စွန်း ဆံတော်ရှင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ အခမ်းအနားနှင့်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေရောင် စတီးလ်သက်န်း ဆက်ကပ်လှူဒါန်းခြင်း၊ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော် ဆက်ကပ်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှစတင်၍ အဆိုပါ စေတီပရိဝုဏ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရှေးဦးစွာ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပင်လယ်ကမ်းစပ်အနီး တည်ထားသည့် ဖောင်တော်ဆိပ်စေတီအနီးတွင် ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဝဏ္ဏကျော်ထင် ဒေါက်တာဦးခင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်ကြီးအား ရွှေထီးတော်အသစ် တင်လှူပူဇော်ပွဲကို ကျင်းပရာ ကျိုက်ထီးဆောင်းဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တနာဂဒီပနှင့် မော်တင်စွန်းဆရာတော်၊ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် အလှူရှင် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း (ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ရတနာစိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာရထားဖြင့် စေတီတော်အထွတ်သို့ ပို့ဆောင်တင်လှူပူဇော်ကြသည်။

ထီးတော်တင်လှူပွဲသို့ တက်ရောက်လာသည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်က "ဒီစေတီတော်က ရွှေတိဂုံစေတီတော်ထက် စောတယ်၊ ဘုရားကို ထီးတင်ဖို့ စိန်ဖူးတော်ကြီးတောင် ပုသိမ်ရွှေမုဋ္ဌောဘုရားမှာ ကျွန်တော်က ထမ်းပြီး ပူဇော်ခဲ့ရသေးတယ်၊ မြန်မာနိုင်ငံမှာ အရင်ဆုံးပေါ်ခဲ့တဲ့ စေတီတော်မြတ်ကြီးရဲ့ ထီးတော်တင်ပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် အများကြီး ဝမ်းသာပါတယ်၊ ဒီဒေသမှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကိုလည်း ဆက်လက်လုပ်သွားဖို့ရှိပါတယ်"ဟု ပြောသည်။

အဆိုပါ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး ထီးတော်တင်လှူရန်နှင့် ရင်ပြင်တော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုများဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ် သိန်းပေါင်း နှစ်သောင်းကျော် အကုန်အကျခံ ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

မော်တင်စွန်းစေတီတော် ဘက်စုံအလှူရှင် ဒေါက်တာခင်ရွှေက "ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ ဆန္ဒတော်နဲ့အညီ ထီးတော်အဆူ ၅၀၀ ပြည့် တင်လှူပူဇော်ပွဲလည်းဖြစ်ပါတယ်၊ အခု စေတီတော်ကြီးထီးတော်တင်လှူခြင်းအပြင် ဖောင်တော်ဆိပ်စေတီတော်နဲ့ အရံစေတီ ၂၂ ဆူကိုပါ ထီးတော်သစ်တင်လှူပူဇော်ခဲ့ပါတယ်၊ ဆက်ပြီးတော့လည်း စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံဖို့အတွက် ဆောင်ရွက်မှာဖြစ်လို့ ၂၀၂၀ ပြည့်နှစ်လောက်မှာတော့ အားလုံးပြီးမှာပါ"ဟု ပြောသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အလှူရှင်များ၊ ဒေသခံများနှင့် ဘုရားဖူးပြည်သူများ တက်ရောက်ကြသည်။

ယနေ့ ထီးတော်တင်လှူပူဇော်သည့် မော်တင်စွန်းစေတီတော်မှာ အမြင့်သံတောင် ၈၈ နှင့် အဝန်း ၁၃၆ ရှိသည့် ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းက ဘုရားရှင်၏ ဆံတော်မြတ်ကိန်းဝပ်စံပယ် ဌာပနာကာ တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင်စေတီဖြစ်ပြီး နှစ်စဉ်ဘုရားပွဲတော်ကို တပို့တွဲလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်နေ့အထိ တစ်လတိုင်ကျင်းပလေ့ရှိကြောင်း သိရသည်။

**သီသီမင်း**

# ကချင်ပြည်နယ် တနိုင်းမြို့နယ် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ နေရပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိ





**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ပယင်းမှော်၌ တိုက်ပွဲဖြစ်ပွားမှုကြောင့် နန့်ကွမ်းချောင်းပေါက်ဝ၌ ပိတ်မိနေသော ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (တနိုင်း)၏ အကူအညီများရယူပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ညှိနှိုင်းပေါင်းစပ်၍ စက်လှေများဖြင့် နန့်ကွမ်းချောင်းပေါက်ဝမှ တဝမ်ချောင်းတံတားအနီးသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုမှတစ်ဆင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (တနိုင်း)နှင့် မြို့နယ်မှ စီစဉ်ပေးသော မော်တော်ယာဉ်များဖြင့် ဆင်မ်ဆာ့ရပ်ကွက်(ကွက်သစ်)ရှိ ယာယီအားကစားကွင်းစုရပ်သို့ ပို့ဆောင်၍ ထိုမှတစ်ဆင့် နေရပ်အသီးသီးသို့ ဇန်နဝါရီ ၃၀ ရက်မှစတင်၍ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

တနိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများနှင့် ရပ်ဝေးသို့ ပြန်လည်ပို့ဆောင်ပေးနိုင်သည့် နေရပ်ပြန် ပြည်သူများမှာ ယနေ့တွင် အမျိုးသား ၁၁၈ ဦး၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၁၅၂ ဦးဖြစ်ပြီး မြို့နယ်မှ စီစဉ်ပေးသည့် အငှားယာဉ် လေးစီး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (တနိုင်း)မှ စီစဉ်ပေးသည့် ဆယ်ဘီး မော်တော်ယာဉ် တစ်စီးတို့ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် တနိုင်းမြို့မှ နမ္မတီး-မိုးကောင်း လမ်းကြောင်းတစ်လျှောက်ရှိ ကျေးရွာများနှင့် မိုးကောင်းမြို့သို့ ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

တနိုင်းမြို့သို့ ရောက်ရှိလာသည့် ပြည်သူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်မှုမှာ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ အမျိုးသား ၃၂၅ ဦး၊ အမျိုးသမီး ၂၇၄ ဦး စုစုပေါင်း ၅၉၉ ဦးဖြစ်ကြောင်း သိရသည်။

တနိုင်းမြို့သို့ ရောက်ရှိလာသည့် နေရပ်ပြန်ပြည်သူများမှာ တနိုင်းမြို့ပေါ်ရပ်ကွက်များရှိ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများ၊ သီးခြားနေရာများတွင် စုစည်းတည်းခိုနေထိုင်ခြင်းမရှိကြောင်းနှင့် ၎င်းတို့၏ နေရပ်အသီးသီးသို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

### ❖ ချင်းတွင်းမြစ်မှ

တွေ့ရှိ ထိန်းသိမ်းစောင့်ရှောက်ထားကာ ထပ်မံ၍ စာရင်းကောက်ယူနေဆဲလည်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မြစ်တွေးငှက်မျိုးစိတ်များသည် ၂၀၁၇ သုတေသနပြုလုပ်ချက်များအရ ယင်းတို့ အဓိက ကျက်စားသော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် နှစ်ခုပေါင်းတွင် အနည်းဆုံး အကောင်ရေ ၁၀၀ ကျော်သာ ကျန်ရှိတော့သည်။ River Tean (ဒေသအခေါ် စင်ရော်ငှက်)သည် ချင်းတွင်းမြစ်တွင် အဓိက ပျံ့နှံ့ကျက်စားပြီး အထူးသဖြင့် ခန္တီးနှင့် ဟုမ္မလင်းကြားတွင် အကောင်ရေအများဆုံး နေထိုင်ကျက်စားလျက်ရှိသည်။

အဆိုပါဒေသတွင် ပူးပေါင်းအဖွဲ့သည် ၂၀၁၇ ခုနှစ်မှစ၍ အသိုက်ဆောက်လုပ်သောရာသီတွင် အသိုက်များ မပျက်စီးအောင်၊ ဥများ မပျက်စီးအောင်၊ အကောင်ပေါက်များ မသေအောင်၊ လူနှင့် တိရစ္ဆာန် အနှောင့်အယှက်ဘေး မခံရအောင်နှင့် အဓိက အကောင်အရေအတွက် တိုးပွားလာစေရန် ပူးပေါင်းဆောင်ရွက်နေသည်။ ယခုနှစ်တွင်လည်း မြစ်တွေးငှက်တို့၏ သားပေါက်ချိန်ရာသီ ရောက်လာပြီဖြစ်၍ အရေးပါသော သဲသောင်ခုံများ၊ ကျွန်းများတွင် သတိပေးတားမြစ်ချက်များ၊ မေတ္တာရပ်ခံချက်ဆိုင်းဘုတ်များကို စိုက်ထူထားပြီးဖြစ်သည်။ ဒေသခံများနှင့် ပူးပေါင်းစောင့်ကြပ်၍လည်း ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်နေပါသည်။

**ညီတူး**

### ○ သစ္စာအားမာန်မှ

ကျန်ဂိုးများကို ၄၃၊ ၇၀ မိနစ်တွင် နော်အားလိုဝါးဖော၊ ၇၂ မိနစ်တွင် ဖြူနှင်းထွေးတို့က သွင်းယူခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲတွင် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ဇွဲကပင်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းသည် နိုင်ပွဲပြန်ရရန် ကြိုးပမ်းခဲ့ပြီး နုနု၏ ဟက်ထရစ်နှင့်အတူ ဂိုးပြတ်အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းအတွက် အနိုင်ဂိုးများကို နုနုက ၄၅၊ ၆၀၊ ၆၂ မိနစ်တွင် ဟက်ထရစ်သွင်းယူခဲ့ပြီး နောက်ဆုံးဂိုးကို ၇၅ မိနစ်တွင် ရီရီဦးက သွင်းယူခဲ့သည်။ ပွဲစဉ်(၆) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**

## ရခိုင်ပြည်နယ်သတင်း

# ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာအနီး ရုပ်အလောင်းများ အစုလိုက် အပြုံလိုက် မြှုပ်နှံထားကြောင်း AP သတင်းဌာန၏ ဖော်ပြချက်နှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး

**ဘူးသီးတောင် ဖေဖော်ဝါရီ ၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာဝန်းကျင်၌ ရာနှင့်ချီသည့် ရုပ်အလောင်းများအား နေရာ ငါးနေရာတွင် အစုလိုက်အပြုံလိုက် မြှုပ်နှံထားကြောင်း၊ ယင်းတို့ကို အက်စစ်လောင်း၍ ဖျောက်ဖျက်ရန် စီစဉ်ထားခြင်းကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြောင်း AP သတင်းဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် ဖော်ပြခဲ့သည်။

ထိုသို့ AP သတင်းဌာနမှ သတင်းဖော်ပြမှုကြောင့် အခြားမီဒီယာများတွင် ဆင့်ပွားဖော်ပြခဲ့ပြီး နိုင်ငံတကာအသိုင်းအဝိုင်းမှ ဝေဖန်ပြောကြားမှုများ၊ စွပ်စွဲချက်များ ထွက်ပေါ်ခဲ့ရာ ဂူတာပြင်ကျေးရွာဖြစ်စဉ် မှန်ကန်မှု ရှိ၊ မရှိ စိစစ်တင်ပြရန် ရခိုင်ပြည်နယ် အစိုးရအဖွဲ့သို့ နိုင်ငံတော်အစိုးရက လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည် ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာနှင့် စပ်လျဉ်းသည့် AP သတင်းဌာန သတင်းဖော်ပြချက်နှင့် ပတ်သက်၍ ဖြစ်စဉ်မှန်ဖော်ထုတ်သိရှိနိုင်ရန် ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး အမှတ် (၃) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ နယ်မြေမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လက်ထောက်မြို့နယ်ဆရာဝန်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ မြို့နယ်လဝကဦးစီးမှူး၊ မြို့နယ် လည်စီ/ စာရင်းအင်းဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ပါဝင်သည့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီသည် ဘူးသီးတောင်မြို့နယ် ကံစိန်အုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဂူတာပြင်ကျေးရွာတာဝန်ခံနှင့် ရပ်မိရပ်ဖ ငါးဦးနှင့် ပြန်/ဆက်မှ မှတ်တမ်းတင်တစ်ဦး စုစုပေါင်း ၁၇ ဦး ပါဝင်သည့် မြေပြင်ကွင်းဆင်း စစ်ဆေးသည့်အဖွဲ့အား စနစ်တကျ ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီ ၂ ရက်တွင် ဂူတာပြင်ကျေးရွာတစ်ဝိုက် သွားရောက်စစ်ဆေးစေခဲ့သည်။

ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဂူတာပြင်ကျေးရွာတွင် AP သတင်းဖော်ပြချက်ပါ ရုပ်အလောင်းများကို မြှုပ်နှံထားသည်ဟုဆိုသည့် နေရာများအား သွားရောက်စစ်ဆေးခဲ့ရာ မှန်ကန်မှုမရှိကြောင်း တွေ့ရှိခဲ့ရသည်။ ၎င်းအပြင် ရပ်မိရပ်ဖများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံ၍ AP သတင်းတွင် ဖော်ပြခဲ့သည့် လူအစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့မှုမျိုး ရှိ၊ မရှိ မေးမြန်းခဲ့ရာ ကျေးရွာသူကျေးရွာသားများက မရှိကြောင်း ဖြေကြားခဲ့ကြသည်။

ဖြစ်စဉ်အမှန်မှာ ARSA အစွန်းရောက်အကြမ်းဖက်သမားများနှင့် ထိတွေ့မှု ဖြစ်ပွားခဲ့စဉ် ဂူတာပြင်ကျေးရွာတွင် ဖြစ်ပွားခဲ့သော ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် ဂူတာပြင်ကျေးရွာအတွင်းမှ ARSA အစွန်းရောက် အကြမ်းဖက်သမားများနှင့် ပူးပေါင်းထားသည့် ကျေးရွာအတွင်းမှ ရွာသားများပါဝင်သော အင်အား ၅၀၀ ခန့်က လူအုပ်ဖြင့် ဝင်လုံးတိုက်ခိုက်လာခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကပ်မလာရန် တားဆီးခဲ့သော်လည်း အတင်းဝင်ရောက် လုံးထွေးတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများက ကျေးရွာ၏ တောင်ဘက်သို့ ထွက်ပြေးသွားခဲ့ကြောင်း။

ARSA အစွန်းရောက်အကြမ်းဖက်သမားများက တုတ်၊ ဓား၊ ဂျင်ကလိများ၊ လက်နက်ငယ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြန်လည်ခုခံကာကွယ်ပစ်ခတ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားအလောင်း ၁၉ လောင်းနှင့်အတူ အရိုး အသွား အရှည် နှစ်လက်မခန့်ရှိ ဓားအရှည် ရှစ်ချောင်း၊ အရှည် နှစ်ပေခန့်ရှိ သစ်သားတုတ် တစ်ချောင်း၊ အရှည် ငါးပေခွဲခန့်ရှိ လှံချွန် သုံးချောင်း၊ အရှည် လေးပေခန့်ရှိ သံလုံးချွန် နှစ်ချောင်း၊ သစ်သားရိုးပါ အရှည် လေးပေခန့်ရှိ လှံချွန် တစ်ချောင်း၊ လေးလက်မ အိမ်ရိုက်သံဖြင့် ပြုလုပ်ထားသည့် ဂျင်ကလိ ၃၂ ချောင်း၊ S&B တံဆိပ်ပါ (၇ ဒသမ ၆) ကျည်ခွံ ၁၂ ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

သေဆုံးခဲ့သည့် ARSA အစွန်းရောက်အကြမ်းဖက်သမား ၁၉ ယောက်၏ အလောင်းကို စနစ်တကျ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီး ညောင်ချောင်းနယ်မြေရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၅/ ၂၀၁၇၊ အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) ဖြင့် အမှုဖွင့်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများမရှိဟု ငြင်းဆန်ခြင်းမပြုဘဲ တိကျမှန်ကန်ခိုင်မာပြီး ယုံကြည်စိတ်ချရသည့် သက်သေအထောက်အထားများ ရရှိပါက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည့်အခါ ချိုးဖောက်မှုများ တွေ့ရှိရပါက ဥပဒေနှင့်အညီ အရေးယူမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်။

ယင်းမူဝါဒနှင့်အညီ AP သတင်းဖော်ပြချက်ပါ ဂူတာပြင်ဖြစ်စဉ်သတင်းနှင့် စပ်လျဉ်း၍ ဒေသခံရွာသားများ ပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဖြင့် စနစ်တကျ ကွင်းဆင်းစစ်ဆေးခဲ့သည့် ပဏာမစိစစ်ချက်အရ မှန်ကန်မှုမရှိကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ ဂူတာပြင်ကျေးရွာအနီးဝန်းကျင်ရှိ အခြားကျေးရွာများတွင်လည်း AP သတင်းဖော်ပြချက်ပါ ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်း ရှိ၊ မရှိ ဆက်လက်စုံစမ်းစိစစ်လျက်ရှိကြောင်း၊ အချက်အလက် အထောက်အထားများ ရရှိမှုအပေါ် မူတည်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန် ရှိကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။





**သတင်းစဉ်**

---

**✪ ကျောဖုံးမှ**

ပွဲစဉ် (၄) အဖြစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီအသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်အသင်းနှင့် ရခိုင်အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် GFA အသင်း၊ ဖေဖော်ဝါရီ ၄ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဟံသာဝတီအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၃) အပြီးတွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က ကိုးမှတ်စီ၊ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ခုနစ်မှတ်၊ GFA၊ မကွေးနှင့် ဇွဲကပင်အသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်၊ ရခိုင်၊ Southern နှင့် ဧရာဝတီအသင်းက နှစ်မှတ်စီ၊ စစ်ကိုင်းယူနိုက်တက်နှင့် မြဝတီအသင်းတို့က တစ်မှတ်စီ ရထားသည်။ အသင်းကြီးအချင်းချင်း တွေ့ဆုံသည့်ပွဲများမှာ ထိပ်ဆုံးနေရာကို အပြောင်းအလဲဖြစ်ပေါ်နိုင်သလို သုံးပွဲဆက် အနိုင်ရထားသည့် ရတနာပုံနှင့် ရန်ကုန်အသင်းတို့ အဝေးကွင်းတွင် နိုင်ပွဲဆက်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားပြီး ရလဒ်ကောင်းများရယူထားသည့် ရတနာပုံအသင်းသည် အဝေးကွင်းတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် တွေ့ဆုံနေရာ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီက ရတနာပုံနှင့်ပွဲကို အိမ်ကွင်းတွင် မကစားရဘဲ ရန်ကုန်တွင် ပြောင်းလဲကစားခဲ့ရပြီး တစ်ဂိုးစီသရေကျခဲ့သည်။ ဒုတိယအကျော့တွင်မူ ရတနာပုံအသင်းကို အဝေးကွင်းတွင် အနိုင်ကစားနိုင်ခဲ့ရာ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့၏ ယခုအကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ စိတ်ဝင်စားစရာကောင်းနေသည်။ ရန်ကုန်အသင်းသည် ဧရာဝတီအသင်းနှင့် အဝေးကွင်းတွင် တွေ့ဆုံတိုင်း ရှုန်းကန်ရလေ့ရှိပြီး နှစ်ရာသီဆက်တိုက် အနိုင်မရသေးပေ။ ရန်ကုန်အသင်းအနေဖြင့် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူရမည်ဖြစ်ပြီး နိုင်ပွဲရခဲ့ပါက ထိပ်ဆုံးနေရာအတွက် ရတနာပုံကို ဆက်လက်ဖိအားပေးနိုင်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

---

## မြောက်ဦးမြို့၌ ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**မြောက်ဦး ဖေဖော်ဝါရီ ၂**

ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြောက်ဦးမြို့နယ်အတွင်းရှိ ကလကကျေးရွာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ကျေးရွာအတွင်းရှိ ကျေးရွာသူကျေးရွာသားများအနေဖြင့် မိုးရာသီသို့ ရောက်ရှိလာလျှင် မြောက်ဦးမြို့နယ်သည် နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ရလျက်ရှိပြီး ကျေးရွာအတွင်း မှီတင်းနေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေး၊ လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေး၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့အတွက် မြောက်ဦးခရိုင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ကျေးလက်နေပြည်သူများ ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းသို့ မြောက်ဦးခရိုင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းမိုးနွယ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစံထွန်း၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကလကကျေးရွာမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အဆိုပါ ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြောက်ဦးမြို့နယ် ကလကကျေးရွာတွင် ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီတွင် လက်တွေ့ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကွန်တိန်နာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ စားအုန်းဆီကန် ဝင်းတံခါးအား တိုက်မိ



**ရန်ကုန် ဖေဖော်ဝါရီ ၂**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ဈေးကလေး ရပ်ကွက် ကမ်းနားလမ်းရှိ ဒိုင်းမွန်း ဒရဂွန်ကုမ္ပဏီ(DD)ပိုင် စားအုန်းဆီ ကန်ဝင်းအတွင်းသို့ ဖေဖော်ဝါရီ ၁ ရက် ည ၁၀ နာရီခန့်က အလုံဘက်မှ ယာဉ်မောင်း ကိုပေါ်ဌေး(၃၃)နှစ် မောင်းနှင်လာသော ကွန်တိန်နာယာဉ် သည် လမ်းလယ်တုံး လေတုံးခန့်အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိပြီး ကမ်းနားလမ်း တစ်ဘက်ခြမ်းရှိ ကမ်းနားလမ်းမှ အလုံဘက်သို့ လမ်းမှန်အတိုင်း မောင်းနှင်လာသော Nissan ကွန်တိန်နာယာဉ်၏ နောက်ပိုင်းအား ဝင်တိုက်မိကြောင်း၊ ထို့နောက် စားအုန်းဆီကန် တံခါး နှစ်ချပ်ကို တိုက်မိပြီး ကားခေါင်းမှာ ဝင်းအတွင်းသို့ ကျွံဝင်ခဲ့ကြောင်း သိရ သည်။

ယာဉ်တိုက်မှုကြောင့် လူတစ်ဦး တစ်ယောက်မျှ ထိခိုက်မှုမရှိသော် လည်း အတိုက်ခံရသည့် စားအုန်းဆီ ကန်ဝင်းတံခါး နှစ်ချပ်ပျက်စီးသွားပြီး ဝင်တိုက်သည့် ကွန်တိန်နာယာဉ် ခေါင်းပိုင်းမှာ ကြေမွပျက်စီး ခဲ့ကြောင်း သိရသည်။ ယာဉ်မောင်း အား ကြည့်မြင်တိုင်မြို့နယ် မြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ရွှေတိုင်လွင်**

# ဖခင်ဖြစ်သူက သားဖြစ်သူအား သတ်မှုဖြစ်ပွား

**သထုံ ဖေဖော်ဝါရီ ၂**

ဘီးလင်းမြို့နယ် ရွှေလေ့ကျေးရွာ၌ ဖေဖော်ဝါရီ ၁ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဖခင်ဖြစ်သူက သားဖြစ်သူကို ဓားဦးချွန်ဖြင့်ထိုးသဖြင့် သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီးလင်းမြို့နယ် ရွှေလေ့ကျေးရွာ ရပ်ကွက်(၂)နေ ဦးလှမြင့် (၆၈)နှစ်သည် နေအိမ်အောက်ထပ် ကွပ်ပျစ်တွင်ထိုင်နေစဉ် သားဖြစ်သူ သက်ဇော်(၃၇)နှစ်မှာ အပြင်မှ ပြန်လည်ရောက်ရှိလာပြီး "ဘာအလုပ်အကိုင်မှ မရှိဘဲ အိမ်မှာထိုင်ပြီး နေ့တိုင်းစားသောက်နေတယ်"ဟုဆိုကာ ပလတ်စတစ် ထိုင်ခုံငယ်ဖြင့်ရိုက်စဉ် ဦးလှမြင့်က လက်နှင့်ကာခဲ့သည်။ ဦးလှမြင့်အနေဖြင့် သားဖြစ်သူမှာ နေ့တိုင်း အရက်သေစာသောက်စားကာ မိဘအား အမျိုးမျိုး ပြောဆိုနေခြင်းအပေါ် မခံမရပ်ဖြစ်ပြီး အနီးရှိ အိမ်သုံးဓားဦးချွန်ဖြင့် သားဖြစ်သူ သက်ဇော်၏ ယာဘက်ရင်အုံအား ထိုးခဲ့သဖြင့် သက်ဇော်မှာ သေဆုံးခဲ့သည်။ ဘီးလင်းမြို့မရဲစခန်းက ဦးလှမြင့်အား အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။

**လှိုင်ထွန်းအောင်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး အတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၀၂ စီး၊ သွင်းကုန် ၁၀၃၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၇ မှု(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅ ဒသမ ၈၃၈ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၆)မိုင် နားဆော့ ကျေးရွာအနီး ရပ်တန့်ထားသော Toyota Wish မော်တော်ယာဉ်နှစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ကားနောက်ခန်းတွင် စောင်စဖြင့် ဖုံးအုပ်၍ တရားမဝင် သယ်ဆောင်လာသော ပိတောက်ခုံ(ဓား)ရွှေ ၄၈ တုံး (၁ ဒသမ ၃၅၇ တန်)၊ ပိတောက် သုံးပေအောက် သစ် ငါးလုံး (သုည ဒသမ ၀၈၄၂ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁ ဒသမ ၃၂၃ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မှ ဗိုလ်အဆင့်ရှိ ယူနီဖောင်းအား အယောင်ဆောင်ဝတ်ဆင်သူကို ဖမ်းဆီးအရေးယူ

**တိုက်ကြီး ဖေဖော်ဝါရီ ၂**

လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၂ ရက် နံနက် ၃ နာရီတွင် လှည့်ကင်းဆောင်ရွက်စဉ် လှိုင်သာယာမြို့နယ် ရွှေသံလွင်စက်မှုဇုန် သဲကွင်းရှိ မီးဘေးသင့်ပြည်သူများအား ခေတ္တနေရာချထားသည့်နေရာ၌ တပ်မတော်မှ ဗိုလ်အဆင့်ရှိ ယူနီဖောင်းဝတ်ဆင်ထားသူတစ်ဦး ရောက်ရှိနေ ကြောင်း သတင်းအရ သွားရောက်စုံစမ်းရာ အဆိုပါနေရာတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် လက်မောင်းတံဆိပ်ပါ တပ်မတော်မှ ဗိုလ်အဆင့်ရှိ ယူနီဖောင်း ဝတ်ဆင်ထားသူကို တွေ့ရှိစစ်ဆေးခဲ့ရာ ၎င်းမှာ လှိုင်သာယာမြို့နယ် ရွှေသံလွင် စက်မှုဇုန် သဲကွင်းနေ ဆန်းမင်း(၃၉)နှစ်ဖြစ်ကြောင်း သိရသည်။

၎င်းအား ဆက်လက်စစ်ဆေးရာ တပ်သားအဆင့်ဖြင့် ၂၀၁၂ ခုနှစ်တွင် အမှတ်(၃၄၃)ခြေမြန်တပ်ရင်း(မော်လမြိုင်)မှ တပ်ပြေးမှုဖြင့် ထောင်ဒဏ် တစ်နှစ်ကျခံခဲ့သူဖြစ်ကြောင်းနှင့် လှိုင်သာယာမြို့နယ် ရွှေသံလွင်စက်မှုဇုန် သဲကွင်းရှိ မီးဘေးသင့်ပြည်သူများအား ခေတ္တနေရာချထားသည့် နေရာသို့ လူအထင်ကြီးခံရစေရန် ဝတ်ဆင်လာခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဆန်းမင်းအား လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# သုံးဘီးနှင့် ရထားတိုက်မိ၊ သုံးဘီးမောင်းနှင်သူကို အရေးယူ

**မိုးညှင်း ဖေဖော်ဝါရီ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့ သာစည်ရပ်ကွက်မှ တရားမဝင်သံလမ်းဖြတ်ကူး လမ်းတွင် ပျဉ်များတင်ဆောင်လာသော သုံးဘီးနှင့် ရထားတို့တိုက်မိခဲ့ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ဖေဖော်ဝါရီ ၁ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့ နားခါဒေသစိတ် သာစည်ရပ်ကွက်အတွင်း တရားမဝင် သံလမ်းကူး လမ်းမှ ယာဉ်မောင်း ဦးကံတင်မောင်းနှင်၍ ပျဉ်များတင်ဆောင်လာသော သုံးဘီးယာဉ်သည် အရှေ့မှအနောက်သို့ဖြတ်ကူးစဉ် မြစ်ကြီးနားမှ ထွက်ခွာ လာသည့် အမှတ်(၃၈) အစုန် မြစ်ဆုံမန္တလာရထားနှင့် ပွတ်ချိတ် တိုက်မိခဲ့သည်။ ထိုသို့တိုက်မိသဖြင့် သုံးဘီးမော်တော်ယာဉ်မှာ ပျက်စီးသွားခဲ့ပြီး ယာဉ်မောင်း ဦးကံတင်မှာ ဒဏ်ရာများရရှိကာ မိုးညှင်းခရိုင်ဆေးရုံကြီးသို့ တင်ပို့ပြီး အတွင်း လူနာအဖြစ် ကုသမှုခံယူခဲ့သည်။



အခင်းဖြစ်ပွားရာသို့ မိုးညှင်းခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးညွန့်ဝေ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုး၊ မိုးညှင်းဘူတာရုံပိုင်ကြီး ဦးသိန်းမြ၊ တိုင်း(၁)မီးရထားသံလမ်းအင်ဂျင်နီယာ ဦးသိန်းစိုးနှင့် နားခါရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်အေးတို့ လာရောက်ကြည့်ရှုကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် သုံးဘီးမောင်းနှင်သူ ဦးကံတင်(၄၃)နှစ်အား မိုးညှင်းမြို့မ ရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ဝ၅၈**


# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂**

ကျိုက်ဒုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျိုက်ဒုံမြို့ မိတန်ကျေးရွာအုပ်စု ကျောက်ပန်းဖြူကျေးရွာနေ မြစိန်၏နေအိမ်ကိုရှာဖွေရာ နေအိမ်ခေါင်းရင်းရှိ ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေး ၁၅၈၈ ပြားကိုလည်းကောင်း။

အလားတူ ဇန်နဝါရီ ၃၁ ရက်တွင် ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု စံတာမာရီကျေးရွာနေ ကျထော၏ နေအိမ်ကိုရှာဖွေရာ ကျထောနှင့် ကျအူတို့ကိုတွေ့ရှိရပြီး ကျထော၏ အင်္ကျီအိတ်ကပ်အတွင်းမှ ဘိန်းဖြူ သုည ဒသမ ၁ ဂရမ်၊ နေအိမ်မှ ဘိန်းစိမ်း ၄၁၆ ဒသမ ၃၃ ဂရမ်နှင့် နေအိမ်ဘေး ဝါးရုံပင်အောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂၂ ပြားတို့ကို သိမ်းဆည်းရမိခဲ့ သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မြစိန်အား သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အမျိုးသမီးများအား လိုက်လံနှောင့်ယှက်နေသူအား အရေးယူပေးရန်တိုင်ကြား

**နတ်တလင်း ဖေဖော်ဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်း မြို့မရဲစခန်းသို့ ဖေဖော်ဝါရီ ၁ ရက် ည ၉ နာရီ မိနစ် ၂၀ တွင် မ-----မှ ကာယိန္ဒြေပျက်ပြားအောင် ပြုလုပ်ခဲ့သူ မျိုးမင်းသိန်းအား အရေးယူပေးပါရန် တရားလို ပြုလုပ်တိုင်တန်းကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွန်ခဲ့သောတစ်ပတ်ခန့် ညနေ ၅ နာရီခန့်တွင် မ----၂၄ နှစ် ရွာသာကုန်းရွာ နေသူသည် တစ်ရွာတည်းနေ မ---- ၁၉ နှစ်နှင့် မ---- ၁၉ နှစ်တို့နှင့်အတူ စက်ဘီးကိုယ်စီဖြင့် ရန်ကုန်-ပြည်ကားလမ်းအတိုင်း ရန်ကုန်ဘက်သို့ စီးနင်း ပြန်လာရာ သစ်တောရုံးရှေ့အရောက်၌ မ----၏ စက်ဘီးမှာ လေတင်းနေ၍ ၎င်းတို့သုံးဦးမှာ စက်ဘီးများရပ်ပြီး လေလျှော့နေစဉ် နောက်မှ ဆိုင်ကယ်မောင်းလာသူ (အမည်မသိ)မှာ မ-----၏ ဝဲဘက်ပခုံးအား လက်ဖြင့်ရိုက်သွား၍နာကျင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ၎င်းတို့သုံးဦးလည်း စက်ဘီးစီးပြီး ပြန်လာခဲ့ရာ ကျွန်းကလေးရွာနှင့် ညောင်ဝိုင်းရွာ အရောက် အမည်မသိ အမျိုးသားမှပင် နောက်မှ ဆိုင်ကယ်ဖြင့် မောင်းလိုက်လာပြီး ၎င်းတို့စက်ဘီးကို ကျော်တက်မောင်းကာ မ-----အား ကာယိန္ဒြေ ပျက်ပြားအောင်ပြုလုပ်ပြီး ဆိုင်ကယ်ကို ဆက်လက် မောင်းနှင်သွားကြောင်း၊ အစ်ကိုဖြစ်သူနှင့် ဦးလေး ဖြစ်သူတို့ လိုက်လံစောင့်ကြည့်ခဲ့ရာ အမျိုးသားမှာ မျိုးမင်းသိန်း (၂၇)နှစ် လက်ခုတ်ပင်ရွာ နတ်တ လင်းမြို့နယ်နေထိုင်သူဖြစ်ကြောင်း သိရှိရသဖြင့် လာရောက်တိုင်တန်းခြင်းဖြစ်ကြောင်း သိရသည်။

အမှုအား မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ဝ၇၁**

# လှည့်ကင်းနှင့် တိုးသည့် တရားခံပြေး နောက်တစ်မှုနှင့် ထပ်မံအရေးယူခံရ

**ဒလ ဖေဖော်ဝါရီ ၂**

ဒလမြို့နယ်တွင် ဇန်နဝါရီ ၃၁ ရက်က လှည့်ကင်းရဲတပ်ဖွဲ့ဝင်များနှင့် ပက်ပင်းတိုးမိသော တရားခံပြေး တစ်ဦးမှာ နောက်ထပ်တစ်မှုနှင့် ထပ်မံအရေးယူခံခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၃၁ ရက် နံနက် ၃ နာရီတွင် လှည့်ကင်းတာဝန်ထမ်းဆောင်နေစဉ် ဗိုလ်ရန်ပြေရပ်ကွက် ရာဇသင်္ကြန်ကမ်းနားလမ်းအရောက်၌ မြို့နယ်တရားရုံးမှ အလိုရှိ တရားခံပြေး ဖြစ်သော အလီ(ခ)လှရွှေအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အလီ(ခ)လှရွှေအား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် ဘေးလွယ်အိတ်အတွင်းမှ မှန်ကွဲနေသည့် ဆင်းကတ်နှစ်ခုပါ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၈၁၄၁၀ အား တွေ့ရှိခဲ့ပြီး အဆိုပါပစ္စည်းများအား အလီ(ခ)လှရွှေက ပိုင်ဆိုင်ကြောင်း သက်သေအထောက်အထား ခိုင်မာစွာပြောဆိုနိုင်ခြင်းမရှိသည့်အတွက် ဒလမြို့မရဲတပ်ဖွဲ့စခန်းက အလီ(ခ)လှရွှေအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# ပွဲစဉ် ၂၃ မှာ နိုင်ပွဲဆက်နိုင်ဖို့ ရုန်းကန်သွားရနိုင်တဲ့ အေစီမီလန်

## ၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၂၃

ရှိုင်းမင်းမင်း - ရေးသားသည်

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၂၃ ကို လာမယ့် ဖေဖော်ဝါရီ ၃၊ ၄၊ ၅၊ ၆ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး ဒီပွဲစဉ်မှာ ကိုပါအီတာလီယာ ပွဲကစားခဲ့ရပေမယ့် မီလန်တို့နိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်ရမယ့်အခြေအနေမှာရှိနေသလို အင်တာမီလန် နိုင်ပွဲပြန်ရမလား စောင့်ကြည့်ရမယ်။**

### ဆမ်ဒိုးရီးယား - ဆာစူအိုလို ည ၁၁း၃၀ (၃-၂-၁၈)

ဆမ်ဒိုးရီးယားက ခြေစွမ်းပိုင်းအရ လက်ရှိအချိန်မှာ အနည်းငယ်တည်ငြိမ်မှုအားနည်းတယ်ဆိုပေမယ့်လည်း အိမ်ကွင်းခြေစွမ်းပိုင်းကတော့ ကောင်းမွန်မှု ရှိပါတယ်။ အိမ်ကွင်းနောက်ဆုံးပွဲစဉ်မှာလည်း ရိုးမားကိုတောင် သရေကစားနိုင်ခဲ့ပါတယ်။ တိုရီနိုကတော့ ခြေစွမ်းပိုင်းအရ သာမန်သာရှိသလို အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း အနည်းငယ်ကျဆင်းမှုရှိတတ်ပါတယ်။ ဆမ်ဒိုးရီးယားကသာ နိုင်ပွဲကပ်ရမယ်။

### အင်တာ - ခရိုတိုနီ နံနက် ၂း၁၅ (၄-၂-၁၈)

အင်တာတို့ ခြေစွမ်းပိုင်းအရ အနည်းငယ်ကျဆင်းနေပေမယ့် လက်ရှိအချိန်မှာ နိုင်ပွဲတွေဆက်တိုက်နီးပါးပျောက်ဆုံးနေတာကြောင့် အခုလိုအိမ်ကွင်းပွဲတွေမှာခြေကုန်ထုတ်ပြီးနိုင်ပွဲရအောင် ကစားလာဖို့ရှိပါတယ်။ ခရိုတိုနီကလည်း ခြေစွမ်းပိုင်းအရ သာမန်သာရှိလို့ ဒီပွဲစဉ်မှာ အင်တာတို့ အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းမှာ အင်တာတို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ဗီရိုနာ - ရိုးမား ည ၆း၀၀ (၄-၂-၁၈)

ရိုးမားတို့ ရလဒ်ပိုင်းအရ အားနည်းမှုရှိလာတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်တယ်။ ဒါပေမယ့်လည်း ရိုးမားက အဝေးကွင်းပွဲတွေမှာဆိုရင် ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းတတ်ပါတယ်။ တိုက်စစ်ပိုင်းက ဂိုးသွင်းအားကလည်းနည်းပါးနေလို့ တန်းမဆင်းရဖို့ အားစိုက်ကစားလာမယ့် ဗီရိုနာရဲ့ခံကစားအားကို ခက်ခက်ခဲခဲကျော်ဖြတ်ရနိုင်ပါတယ်။ ဖီအိုရင်တီးနားကိုတောင် အဝေးကွင်းမှာ ဂိုးပြတ်အနိုင်ရခဲ့တဲ့ ဗီရိုနာကို အဝေးကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာ ရိုးမား ဂိုးပြတ်နိုင်ဖို့ခက်တယ်။

### အတ္တလန္တာ - ချီယေဗို ည ၈း၃၀ (၄-၂-၁၈)

အတ္တလန္တာခြေက ကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒီပွဲမှာလည်း အိမ်ကွင်းဖြစ်နေတာကြောင့်နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ချီယေဗိုကတော့ အဝေးကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းကအစ အားနည်းမှုတွေရှိတတ်တာကြောင့် အတ္တလန္တာကို တံ့ပြန်နိုင်ဖို့ ခက်ပါလိမ့်မယ်။ ကိုပါအီတာလီယာဖလားပွဲကြောင့် ပွဲပန်းလာနိုင်ပေမယ့် အတ္တလန္တာကသာ အိမ်ကွင်းနိုင်ပွဲရမယ်။

### ဘိုလော့နာ - ဖီအိုရင်တီးနား ည ၈း၃၀ (၄-၂-၁၈)

ဖီအိုရင်တီးနားခြေက အနည်းငယ်အားနည်းမှုတွေ ရှိနေပါတယ်။ အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ခြေစွမ်းပိုင်းက ပိုမိုကျဆင်းတတ်ပါတယ်။ ဒါပေမယ့် ဖီအိုရင်တီးနားတို့ အမှတ်လိုအပ်နေသလို ဥရောပဝင်ခွင့်လည်း မှန်းနေတဲ့ အသင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘိုလော့နာကလည်း အိမ်ကွင်းဖြစ်နေပေမယ့် ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေလို့ ဖီအိုရင်တီနာ အနိမ့်ဆုံးသရေလောက်ရမယ်။

### အူဒီးနီးစ် - မီလန် ည ၈း၃၀ (၄-၂-၁၈)

အေစီမီလန်ရဲ့ ခြေစွမ်းပိုင်းက အနည်းငယ်တည်ငြိမ်လာတယ် ဆိုပေမယ့် ကိုပါအီတာလီယာဖလားဆီမီးဖိုင်နယ်ပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနေနိုင်ပါတယ်။ ဒါ့အပြင် အဝေးကွင်းပွဲတွေမှာဆိုရင်လည်း အေစီမီလန်ရဲ့ခြေစွမ်းပိုင်းက တည်ငြိမ်မှုအားနည်းတတ်တယ်။ အူဒီးနီးစ်ကတော့ အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်သလို အိမ်ကွင်းခြေစွမ်းပိုင်းလည်း ကောင်းမွန်တတ်ပါတယ်။ အေစီမီလန်တို့ ဒီပွဲမှာလည်း ရုန်းကန်ရနိုင်ကာ အမြင့်ဆုံးသရေလောက်ပဲရမယ်။

### ဂျူဗင်တပ် - ဆာစူအိုလို ည ၈း၃၀ (၄-၂-၁၈)

ဂျူဗင်တပ်က ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်ပွဲကစားခဲ့ရမှာ ဖြစ်ပေမယ့်လည်း ကစားသမားအင်အားပိုင်း တောင့်တင်းမှုရှိကာ ခြေစွမ်းပိုင်းကလည်း အကောင်းဆုံးဖြစ်နေပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်နေလို့ ဂျူဗင်တပ်တို့နိုင်ပွဲရအောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆာစူအိုလိုခြေကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာ တော့ဂျူဗင်တပ်ကသာ အိမ်ကွင်းနိုင်ပွဲရသွားဖို့ ရှိပါတယ်။

### ကယ်ဂလီယာရီ - SPAL ည ၈း၃၀ (၄-၂-၁၈)

SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေပါတယ်။ အဝေးကွင်းလည်း ဖြစ်နေပါတယ်။ ကယ်ဂလီယာရီကတော့ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေ ရှိနေပေမယ့်လည်း အိမ်ကွင်းပွဲဖြစ်သလို အမှတ်လိုအပ်နေလို့ နိုင်ပွဲရရေး အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ကယ်ဂလီယာရီကသာ အိမ်ကွင်းမှာ နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ဘီနီဗန်တို - နာပိုလီ နံနက် ၂း၁၅ (၅-၂-၁၈)

နာပိုလီအနေနဲ့ ကိုပါအီတာလီယာဖလားပြိုင်ပွဲ ကစားခဲ့ရမှာ မဟုတ်တာကြောင့် ဒီပွဲစဉ်မှာ ခြေကုန်ထုတ်လာနိုင်ပါတယ်။ ခြေစွမ်းပိုင်းအရလည်း နာပိုလီတို့ အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ဘီနီဗန်တိုကတော့ အိမ်ကွင်းဖြစ်သလို တန်းမဆင်းရဖို့အတွက်လည်း အားစိုက်ကစားလာမှာ ဖြစ်ပေမယ့် ခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိနေပါတယ်။ နာပိုလီတို့ ဂျူဗင်တပ်နဲ့ အားပြိုင်နေရလို့ အမှားခံမှာမဟုတ်သလို အဝေးကွင်းမှာ နိုင်ပွဲလည်း ရယူသွားနိုင်မှာပါ။

### လာဇီယို - ဂျီနိုအာ နံနက် ၂း၁၅ (၆-၂-၁၈)

ကိုပါအီတာလီယာဖလားပွဲ ကစားခဲ့ရတာကြောင့် လာဇီယိုတို့ ပွဲပန်းလာနိုင်ပါတယ်။ ဒါပေမယ့်လည်း အိမ်ကွင်းဖြစ်သလို လာဇီယိုခြေက အိမ်ကွင်းပွဲတွေမှာ ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဂျီနိုအာကတော့ အဝေးကွင်းမှာ ခံစစ်ကစားပုံကောင်းမွန်ပေမေယ့်လည်း တိုက်စစ်ပိုင်းက အားနည်းမှုတွေများလွန်းနေပါတယ်။ ဒါကြောင့် လာဇီယိုတို့ အိမ်ကွင်းမှာ နိုင်ပွဲကပ်ရနိုင်ပါတယ်။

# အသင်းဟောင်းကို ပြန်လည်ရင်ဆိုင်မယ့် ဝဲလ်ကော့

## ၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၂၆

ရှိုင်းမင်းမင်း - ရေးသားသည်

**ပရီမီယာလိဂ်ပွဲစဉ် ၂၆ ကို ဖေဖော်ဝါရီ ၃၊ ၄၊ ၆ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်တယ်။ ဘန်လေနဲ့ မန်စီးတီး၊ အာဆင်နယ်နဲ့ အဲဗာတန်၊ လီဗာပူးနဲ့ စပါး၊ ဝတ်ဖို့ဒ်နဲ့ ချယ်လ်ဆီးစတဲ့ပွဲကောင်းတွေ ပါဝင်နေတာကြောင့် စောင့်ကြည့်ချင်စရာဖြစ်နေပြီး ဘယ်လိုရလဒ်တွေ ထွက်ပေါ်လာမလဲဆိုတာ ရင်ခုန်ရဦးမှာပါ။**

### ဘန်လေ - မန်စီးတီး ည ၇း၀၀ (၃-၂-၁၈)

ပထမအကျော့ပွဲစဉ်အဖြစ် မန်စီးတီးအိမ်ကွင်းမှာကစားခဲ့စဉ်မှာ အိမ်ရှင်အသင်းက ဂိုးပြတ်နိုင်ပွဲရခဲ့သလို မန်စီးတီးရဲ့အိမ်ကွင်းမှာကစားခဲ့တဲ့ အက်ဖ်အေဖလားပွဲစဉ်မှာလည်းမန်စီးတီးကသာ ဂိုးပြတ်နိုင်ပွဲရထားခဲ့ပါတယ်။ ဘန်လေရဲ့ခြေစွမ်းကတော့ တည်ငြိမ်နေဆဲဖြစ်လို့ ခပ်မာမာကစားဟန်တွေနဲ့ ပွဲထွက်လာဦးမှာပါ။ အခုပွဲက ဘန်လေအိမ်ကွင်းဖြစ်နေလို့ မန်စီးတီးအတွက် ခက်ခဲနိုင်ပြီး နိုင်ပွဲကပ်ရဖို့သာရှိတယ်။

### ဘုန်းမောက် - စတုတ် ည ၉း၃၀ (၃-၂-၁၈)

ဘုန်းမောက်ဟာအိမ်ကွင်းပွဲစဉ်မှာ ခြေစွမ်းပိုကောင်းတတ်ပြီး စိတ်ဓာတ်ပိုင်း ပိုမိုကောင်းမွန်တတ်ပါတယ်။ စတုတ်ရဲ့ခြေစွမ်းကတော့ အတက်အကျမတည်ငြိမ်သေးဘူးလို့သာ ဆိုရမှာဖြစ်တယ်။ တိုက်စစ်ကစားသမားကောင်းတွေ စတုတ်မှာရှိနေပေမယ့်လည်း ခံစစ်ပိုင်းကတော့ အားနည်းမှုတွေ ရှိနေသေးပါတယ်။ သွင်းဂိုးတွေ အပြန်အလှန်မြင်တွေ့ရဖို့တော့ ခက်ခဲနေကာသရေကျသွားနိုင်ပါတယ်။

### ဘရိုက်တန် - ဝက်စ်ဟမ်း ည ၉း၃၀ (၃-၂-၁၈)

ဘရိုက်တန်ရဲ့လက်ရှိခြေစွမ်းဟာ ကျဆင်းနေပြီး ခံစစ်ကစားပုံ ကျစ်လျစ်မှုအားနည်းနေပါတယ်။ ဝက်စ်ဟမ်းကတော့ ကစားသမားကောင်းတွေရှိနေပြီး အဝေးကွင်းမှာလည်း နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာဖြစ်တယ်။ ဝက်စ်ဟမ်းရဲ့ တိုက်စစ်မှာ အာနူတိုဗစ်၊ လန်ဇီနီတို့လို ကစားသမားကောင်းတွေရှိနေလို့ ဘရိုက်တန်အသင်းကိုဖိအားပေးကစားပြီး နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### လက်စတာ - ဆွမ်ဆီး ည ၉း၃၀ (၃-၂-၁၈)

လက်စတာရဲ့ခြေစွမ်းကကောင်းမွန်နေပြီး အသင်းကြီးတွေကိုတောင် ပြန်လည်ဖိအားပေးကစားနိုင်တဲ့ ခြေစွမ်းမျိုးရှိနေပါတယ်။ လက်စတာရဲ့တိုက်စစ်ပိုင်းအတွဲဖြစ်တဲ့ မာရက်ဇ်နဲ့ ဗာဒီတို့အပြင် အိုကာဇာကီကလည်း ခြေစွမ်းကောင်းမွန်နေပါတယ်။ ဆွမ်ဆီးကတော့ လီဗာပူးကို အနိုင်ယူနိုင်ခဲ့ပေမယ့်လည်း အခုပွဲကအဝေးကွင်းဖြစ်နေလို့ လက်စတာကို အနိုင်ယူဖို့တော့ ခက်ခဲနိုင်မှာဖြစ်ပြီး လက်စတာကသာ အိမ်ကွင်းမှာ နိုင်ပွဲရသွားမှာပါ။

### မန်ယူ - ဟတ်ဒါဖီးလ် ည ၉း၃၀ (၃-၂-၁၈)

မန်ယူဟာပထမအကျော့ပွဲစဉ်မှာ ဟက်ဒါဖီးလ်ကိုအမှတ်မထင် ရှုံးခဲ့ရလို့ အခုပွဲကို အားထည့်ကစားလာမှာပါ။ ဟက်ဒါဖီးလ်ကလည်း ခြေစွမ်းသာမန်သာရှိပေမယ့် မန်ယူနဲ့ပွဲမှာ အံ့အားသင့်ဖွယ်ခြေစွမ်းကောင်းတွေ ရလာတတ်ပါတယ်။ ဟက်ဒါဖီးလ်တို့ လက်ရှိမှာလည်း ရလဒ်ပိုင်းက ရှုံးပွဲတွေများနေပါတယ်။ ဒါပေမယ့်လည်း အသင်းကြီးတွေကို ခုခံကစားကာစိတ်ဓာတ်ကောင်း ပြသတတ်တဲ့ ဟက်ဒါဖီးလ်ရဲ့ ခြေစွမ်းကိုသတိပြုရပါမယ်။ မန်ယူ နိုင်ပွဲရသွားမှာပါ။

### ဝက်စ်ဘရွန်း - ဆောက်သမ်တန် ည ၉း၃၀ (၃-၂-၁၈)

နှစ်သင်းစလုံး အမှတ်ပေးဇယားအောက်ပိုင်းနားကို ရောက်ရှိနေတာကြောင့် နိုင်ပွဲရအောင် တိုက်စစ်ဖွင့်ကစားကြမှာပါ။ နောက်ပိုင်းပွဲတွေမှာ နှစ်သင်းစလုံးခြေစွမ်းအနည်းငယ် ပြန်လည်ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ကစားသမားကောင်းတွေရှိနေတဲ့ ဆောက်သမ်တန်ကတော့ တိုက်စစ်ပိုင်းကို ပိုမိုဖိအားပေးကစားနိုင်ဖို့ရှိနေပါတယ်။ နိုင်ပွဲလိုအပ်နေကြတာကြောင့် တိုက်စစ်ဖွင့်ကစားနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေ မြင်ရနိုင်ပါတယ်။

### အာဆင်နယ် - အဲဗာတန် နံနက် ၀၀း၀၀ (၄-၂-၁၈)

အဲဗာတန်ဟာ ကစားသမားကောင်းအချို့ကို လက်လွှတ်ခဲ့ရပြီး ပုံမှန်ခြေစွမ်းကောင်းရဖို့ ရုန်းကန်နေရဆဲဖြစ်တယ်။ အဲဗာတန်ရဲ့တိုက်စစ်မှာ ဝဲလ်ကော့ ပါဝင်လာတဲ့အတွက် အနည်းငယ်ထက်မြက်လာနိုင်ပါတယ်။ အာဆင်နယ်ကလည်းချယ်လ်ဆီးလိုအသင်းကောင်းကို နိုင်ခဲ့ပေမယ့် အချို့ပွဲတွေမှာ ဂိုးရဖို့ခက်နိုင်ပါတယ်။ ဒီပွဲမှာတော့နှစ်သင်းစလုံး တိုက်စစ်အားပြုကစားကြမှာဖြစ်လို့ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရနိုင်ပါတယ်။ အာဆင်နယ်မှာ မီခီတာယန် ပွဲထွက်လာနိုင်လို့ တိုက်စစ်ပိုကောင်းလာပြီး နိုင်ပွဲရသွားနိုင်ပါတယ်။

### ပဲလေ့စ် - ကာဆယ် ည ၈း၄၅ (၄-၂-၁၈)

ပဲလေ့စ်ဟာ အိမ်ကွင်းကစားအား ကောင်းတတ်ပေမယ့်လည်း နယူးကာဆယ်ကလည်း ကစားသမားကောင်းတွေရှိပြီး အသင်းကောင်းဖြစ်နေပါတယ်။ ပဲလေ့စ်ဟာ နိုင်ပွဲရရှိရေးအတွက် အိမ်ကွင်းမှာ တိုက်စစ်ဖွင့်ကစားမှာဖြစ်လို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်လာနိုင်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ ဂိုးများမယ့်ပွဲ ဖြစ်နိုင်ပါတယ်။

### လီဗာပူး - စပါး ည ၁၁း၀၀ (၄-၂-၁၈)

လီဗာပူးဟာ အသင်းငယ်တွေနဲ့ မထင်မှတ်တဲ့ ပွဲစဉ်တွေမှာ အမှတ်ဆုံးရှုံးမှုတွေဖြစ်ခဲ့ပေမယ့်လည်း အသင်းကြီးတွေနဲ့ ထိပ်တိုက်ရင်ဆိုင်ရတဲ့ပွဲတွေမှာတော့ ရလဒ်ကောင်းတတ်ပါတယ်။ အထူးသဖြင့်အိမ်ကွင်းမှာကစားတဲ့ပွဲဖြစ်နေလို့ လီဗာပူးတို့ ခြေစွမ်းကောင်းပြသဦးမှာပါ။ စပါးကလည်း တိုက်စစ်ထက်မြက်တဲ့ အသင်းဖြစ်နေလို့ ဒီပွဲက ဂိုးများနိုင်ပါတယ်။ နှစ်ဂိုးစီလောက်နဲ့ သရေကျသွားနိုင်တဲ့ပွဲပါ။

### ဝတ်ဖို့ဒ် - ချယ်လ်ဆီး နံနက် ၂း၃၀ (၆-၂-၁၈)

ချယ်လ်ဆီးဟာခံစစ်ပိုင်းကို ကျစ်ကျစ်လျစ်လျစ် ကစားတတ်တဲ့ အသင်းငယ်တွေနဲ့ ရင်ဆိုင်ခဲ့တဲ့ပွဲတွေမှာ ဂိုးရဖို့ခက်တတ်ပေမယ့်လည်း တိုက်စစ်အားပြုကစားတတ်တဲ့အသင်းတွေနဲ့ပွဲမှာတော့ ရလဒ်ကောင်းတွေ ရတတ်ပါတယ်။ ဝတ်ဖို့ဒ်ကလည်း ခံစစ်ဦးစားပေးကစားတတ်တဲ့ ပွဲစဉ်နည်းပါးလို့ အခုပွဲမှာ အပြန်အလှန်တိုက်စစ်ဆင်မှုတွေမြင်ရနိုင်ပါတယ်။ အိမ်ရှင်အသင်းက အနည်းဆုံးသရေကစားနိုင်မှာပါ။

# ကွင်းလယ်ကစားသမား အိုဇေးလ် အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆို



အာဆင်နယ်ကွင်းလယ်ကစားသမား အိုဇေးလ်သည် တစ်ပတ်လုပ်ခလစာပေါင် ၃၀၀၀၀၀ ဖြင့် သုံးနှစ်ခွဲသက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အိုးဇေးလ်သည် ၂၀၁၃ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၅ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး အာဆင်နယ်အသင်းတွင် ပွဲပေါင်း ၁၈၂ ပွဲ ပါဝင်ကစားပေးထားကာ ၃၆ ဂိုး သွင်းယူပေးထားပြီး ဂိုးဖန်တီးမှု ၆၁ ကြိမ်အထိ ပြုလုပ်ပေးထားနိုင်ခဲ့သူဖြစ်သည်။

အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့သည် နွေရာသီကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းမှထွက်ခွာရန် သတင်းများထွက်ပေါ်နေခဲ့သော်လည်း ဆန်းချက်ဇ်သာလျှင် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ အိုဇေးလ်မှာမူ အသင်းပြောင်းရွှေ့ခြင်းမရှိဘဲ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းသို့ အပြောင်းအရွှေ့နောက်ဆုံးရက်တွင် ရောက်ရှိလာခဲ့သည့် အူဘာမီယန်ထက် လုပ်ခလစာ တစ်ပတ်လျှင် ပေါင် ၁၂၀၀၀၀ ပိုမိုရရှိမည်ဖြစ်သည်။

အိုဇေးလ်သည် အာဆင်နယ်နှင့်အတူ အက်ဖ်အေဖလား လေးကြိမ်အထိ ရရှိထားခဲ့သည်။ လက်ရှိတွင် ဆန်းချက်ဇ်သည် တစ်ပတ်ပေါင် ၃၅၀၀၀၀ ဖြင့် အမြင့်ဆုံးစျေးနှုန်းရရှိထားပြီး အိုဇေးလ်မှာ ပေါင် ၃၀၀၀၀၀ ဖြင့် ဒုတိယအမြင့်ဆုံး ဖြစ်လာခဲ့သည်။ **ငွေကြယ်**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာပိုးပိုး၊ ပါမောက္ခ/ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် စာကိုကျက်မှတ်ရာမှာ ပြဋ္ဌာန်းထားတဲ့ Grade 11 English Text ကို သေသေချာချာ လေ့လာကြဖို့ လိုပါတယ်။ ပြဋ္ဌာန်းထားတဲ့ English Text မှာ သင်ခန်းစာ (၁၄)ခု ပါရှိပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ Grade 11 English Text မှာပါတဲ့ Reading Section, Vocabulary Section, Grammar Section, Writing Section, နဲ့ Selected Poems တွေအားလုံးကို ကျေကျေညက်ညက် လေ့လာထားကြဖို့ လိုအပ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်အတွက် မေးခွန်းများကို ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာတွေကို အခြေခံပြီးမေးမှာ ဖြစ်ပါတယ်။ နှစ်စဉ် နှစ်တိုင်းမှာ မေးတဲ့မေးခွန်းပုံစံတွေလိုပဲ ဒီနှစ်မှာလည်း မေးခွန်း (၉)ပုဒ် မေးမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)ကတော့ English Text မှာပါတဲ့ သင်ခန်းစာ (၁၄) ခုထဲက စာပိုဒ်တစ်ပိုဒ်ကို ပေးထားပြီး အဲဒီစာပိုဒ်မှာပါတဲ့ အကြောင်းအရာတွေကို မေးခွန်းအမျိုးအစား (၂)မျိုးနဲ့ မေးမှာဖြစ်တယ်။

**Question No. I.(A)** က **Write the correct word or words to complete each sentence.** ဖြစ်ပါတယ်။ ပေးထားတဲ့ စာကြောင်းကို အဓိပ္ပာယ်ပြည့်စုံအောင် ကွက်လပ်ဖြည့်ပေးရမှာ ဖြစ်တယ်။ Item (၅)ခု မေးထားပြီး စာလုံးတစ်လုံး၊ ဒါမှမဟုတ် စကားစုတစ်စုနဲ့ ကွက်လပ်ကို ဖြည့်ရမှာဖြစ်ပါတယ်။ သတိပြုရမှာက ပေးထားတဲ့ ဝါကျရဲ့ တည်ဆောက်ပုံပေါ်မူတည်ပြီး သင့်လျော်သလို စကားလုံးတွေကို ပြောင်းရေးဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ - စာပိုဒ်ထဲမှာ noun form သို့မဟုတ် adjective form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရပါမယ်။ စာပိုဒ်ထဲမှာ active verb form နဲ့ရေးထားပေမယ့် ဖြည့်ရမယ့်ကွက်လပ်မှာ passive verb form ပြောင်းပြီး ဖြည့်ချင်ဖြည့်ရပါမယ်။

ဥပမာ - စာပိုဒ်ထဲမှာ The organizers of a self-service store must deal with perishable foodstuffs requiring different ranges of temperature. လို့ ပေးထားပေမယ့် မေးခွန်းမှာ Perishable foodstuffs ----------- different ranges of temperature. လို့ပေးထားရင်၊ ဒီကွက်လပ်မှာ ဖြည့်ရမယ့်စကားလုံးက verb simple form ဖြစ်ရပါမယ်။ ဒါကြောင့် requiring ဆိုတဲ့ စာပိုဒ်ထဲက present participle နဲ့ ပေးထားတဲ့ စကားလုံးကို ဒီအတိုင်း ပြန်ကူးရေးလို့ မရပါဘူး။ requiring ကို require လို့ ပြောင်းပေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

တစ်ခါတလေ verb form ဖြည့်ရတာဖြစ်ပေမယ့် active voice ကနေ passive voice၊ passive voice ကနေ active voice ကို ပြောင်းဖို့ လိုကောင်းလိုပါလိမ့်မယ်။ ဥပမာ - Robots သင်ခန်းစာထဲမှာ Robots are used in the process for the painting, welding and assembly of the cars. လို့ ပေးထားပေမယ့် မေးထားတဲ့ စာကြောင်းက People --------- robots in the process for the painting, welding and assembly of the cars. လို့ ပေးထားမယ်ဆိုရင် ဒီစာကြောင်းမှာ သုံးရမယ့် verb က passive verb form မဟုတ်တော့ဘဲ active verb form ဖြစ်ရပါမယ်။ ဒါကြောင့် use လို့ ဖြေပေးမှ အဖြေမှန်မှာ ဖြစ်ပါတယ်။

**Question No. I.(B)** ကတော့ **Answer each question in one sentence.** ဖြစ်ပါတယ်။ စာပိုဒ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေကိုမေးတဲ့ မေးခွန်း (၅)ခုပေးထားပြီး ဒီမေးခွန်းတွေကို ပေးထားတဲ့စာပိုဒ်ထဲကအဖြေရှာပြီး ပြည့်စုံတဲ့ဝါကျတစ်ကြောင်းနဲ့ ဖြေပေးရမှာဖြစ်ပါတယ်။ အမှတ်ပြည့်ရရှိဖို့အတွက် မေးခွန်းမှာ မေးတဲ့အကြောင်းအရာ (content)ရော၊သဒ္ဒါ (grammar) ပါ မှန်မှန်ကန်ကန်ဖြေနိုင်အောင် များများလေ့ကျင့်ထားဖို့ လိုပါတယ်။ ဥပမာ - စာပိုဒ်ထဲမှာ Jenny Tier Bishop sat before the mirror, turning her head from side to side. လို့ ပေးထားပြီး While sitting before the mirror what did Jenny Tier Bishop do? လို့ မေးရင် စာပိုဒ်ထဲမှာ ပေးထားတဲ့အတိုင်း ပြန်မကူးဘဲ While sitting before the mirror, Jenny Tier Bishop turned her head from side to side. လို့ မှန်မှန်ကန်ကန် ဖြေပေးမှသာ အမှတ်ပြည့်ရမှာ ဖြစ်တယ်။ Past tense နဲ့ မေးထားတဲ့အတွက် အဖြေကလည်း past tense verb ကို ပြန်သုံးရပါမယ်။

နောက်ဥပမာတစ်ခုအနေနဲ့ စာပိုဒ်ထဲမှာ … and San Sebastian Church built in 1981, the only Gothic steel church in the country. လို့ ပေးထားပြီး What kind of church is San Sebastian Church? လို့မေးရင် San Sebastian Church is a Gothic steel church. လို့ဖြေမှ ဆီလျော်ပြီး မှန်ကန်မှာ ဖြစ်ပါတယ်။ အဲလိုမဟုတ်ဘဲ San Sebastian Church built in 1981, the only Gothic steel church in the country. လို့ တိုက်ရိုက်ကူးချရင် သဒ္ဒါမမှန်တဲ့အပြင် မမေးတဲ့ အကြောင်းအရာတွေပါ ဖြေလို့ အမှတ်ရမှာမဟုတ်ပါဘူး။

ပြဋ္ဌာန်းစာအုပ်ပါ စာပိုဒ်များနဲ့ဆိုင်တဲ့ မေးခွန်းတွေကို အလွတ်ကျက်မှတ်တာထက် မေးခွန်းအမျိုးမျိုးကို ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ စာပိုဒ်ထဲက သက်ဆိုင်တယ်ထင်တဲ့ စာကြောင်းတွေကို တိုက်ရိုက်ကူးချပေးလိုက်တာမျိုးလည်း မပြုလုပ်ကြဖို့ သတိပေးချင်ပါတယ်။ မေးထားတာကို ဆီလျော်အောင် မှန်မှန်ကန်ကန် ပြန်ဖြေတတ်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။

မေးခွန်းနံပါတ်(၂)မှာ ပေးထားတဲ့ မေးခွန်းကတော့ Fill in each blank with a word from the list given. Write down only the number of the blank and the word that fills it. ဖြစ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုအနက် (၈)လုံးမြောက် စကားလုံးတွေမှာ ကွက်လပ်တွေပါတဲ့ စာပိုဒ်တစ်ပိုဒ်ကို ပေးထားပါတယ်။ ကွက်လပ်ပေါင်း(၂၀)ရှိပြီး ဒီကွက်လပ်တွေကို ဖြည့်စွက်ဖို့ စကားလုံး(၂၀)ကိုလည်း စာပိုဒ်အပေါ်မှာ ပေးထားပါတယ်။ သတိပြုရမယ့်အချက်ကတော့ စာပိုဒ်ကြီး တစ်ပိုဒ်လုံးကို ပြန်ကူးရေးဖို့ မလိုပါဘူး၊ ကွက်လပ်နံပါတ်နဲ့ အဖြေကိုသာ ရေးရမှာဖြစ်ပါတယ်။ အဖြေကို ရေးတဲ့အခါမှာ စာလုံးပေါင်းမမှားဖို့၊ punctuation မမှားဖို့ကို ဂရုစိုက်ဖို့လိုပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ အင်္ဂလိပ်စာတတ်မြောက်မှုကို ချိုင့်စစ်ဆေးတာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၃)ကတော့ ကျောင်းသား ကျောင်းသူတို့ရဲ့ အင်္ဂလိပ်စာတတ်ကျွမ်းမှုစွမ်းရည်အပြင် မှတ်သားနိုင်မှု စွမ်းရည်ကို စစ်ဆေးတဲ့ မေးခွန်းပုံစံဖြစ်ပါတယ်။ Write the appropriate words or groups of words to complete the sentences or lines of verse.လို့ မေးမှာဖြစ်ပါတယ်။ Item (၁၀)ခု မေးထားပြီးတော့ ကွက်လပ်(၁၀)ခုကို ဖြည့်ပေးရမှာ ဖြစ်ပါတယ်။ ကွက်လပ်(၅)ခုက ဖတ်စာအုပ်မှာပါတဲ့ သင်ခန်းစာ(၁၄)ခုထဲက ကောက်နုတ်ချက်တွေဖြစ်ပြီး ကျန်ကွက်လပ်(၅)ခုကတော့ ကဗျာ(၇)ပုဒ်ထဲက ကောက်နုတ်ချက်တွေ ဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ကျောင်းသား ကျောင်းသူတွေရဲ့ သင်ယူထားတဲ့ အချက်အလက်တွေ ကဗျာတွေကို နားလည်မှတ်သားပြီး ပြန်လည်ရေးသားတင်ပြနိုင်မှု စွမ်းရည် ရှိ၊ မရှိကို စစ်ဆေးတာဖြစ်ပါတယ်။ တိတိကျကျ ပြန်လည်ဖော်ပြဖို့ လိုတဲ့အတွက် စာလုံးပေါင်း မှားယွင်းမှုမရှိအောင် သတိထားကြဖို့ လိုပါတယ်။ ကွက်လပ်တွေကို ဖြည့်တဲ့နေရာမှာ စကားလုံးတစ်လုံးတည်း ဖြည့်ရတာရှိသလို စကားစုတစ်စု ဖြည့်ရတာမျိုးလည်းရှိတာကို သတိပြုဖို့လိုပါတယ်။

ဥပမာပြရမယ်ဆိုရင်

၁။ Looking good does not mean making yourself into ---------- of a famous pop star.

၂။ Bangkok is the capital of Thailand and is regarded as a ---------- paradise.

၃။ The little frog became a bird,
And sowly ----------?

ဆိုတဲ့မေးခွန်းတွေကို ကြည့်မယ်ဆိုရင် နံပါတ်(၁)မှာ a carbon copy ဆိုတဲ့ စကားလုံး သုံးလုံးဖြည့်ရမှာဖြစ်ပေမယ့် နံပါတ်(၂)မှာတော့ shopper's ဆိုတဲ့ စကားလုံး တစ်လုံး၊ နံပါတ်(၃)မှာဆိုရင် flew away ဆိုတဲ့ စကားလုံးနှစ်လုံး ဖြည့်ရမှာဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၄)မှာ ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် လေ့လာထားမှု ရှိ၊ မရှိ စစ်ဆေးနိုင်ဖို့ မေးခွန်း (၅)ခု မေးထားပါတယ်။

မေးခွန်း နံပါတ်(၄)ရဲ့ item 1 နဲ့ item 2 ကတော့ ဖတ်စာအုပ်ထဲမှာပါတဲ့ သင်ခန်းစာ (၁၄)ခုအနက်က ကောက်နုတ်မေးထားတာပဲဖြစ်တယ်။ ဒီမေးခွန်းနှစ်မျိုးစလုံးမှာ choices ပေးထားပါတယ်။ သို့မဟုတ် ခံထားတဲ့ မေးခွန်းထဲက ကြိုက်ရာတစ်ပုဒ်ကို ရွေးဖြေကြရမှာဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေဟာ အချက်အလက်ရော သဒ္ဒါပါ မှန်ကန်တဲ့ စာကြောင်းများနဲ့ ဖြေကြားရမှာဖြစ်ပါတယ်။

ဥပမာ -

IV. 1. What is the effect of the sudden change in temperature?

(OR)

Among which age group is sleepwalking most common and when do they grow out of it၊

လို့ မေးထားတယ် ဆိုပါစို့။

ပထမမေးခွန်းကို ရွေးမယ်ဆိုရင် အဖြေက The sudden change in temperature can cause rocks to shatter due to the alternate expanding and contracting. ဖြစ်ပြီး ဒုတိယမေးခွန်းကို ရွေးမယ်ဆိုရင် အဖြေက Sleepwalking is most common among children and they grow out of it when they become adolescents. ဖြစ်ပါတယ်။ ဒီမေးခွန်းတွေကို မှန်မှန်ကန်ကန်ဖြေဆိုနိုင်ဖို့ သင်ခန်းစာ (၁၄)ခုလုံးမှာပါတဲ့ အကြောင်းအရာတွေကို အသေးစိတ်ဖတ်ပြီး မှတ်သားထားဖို့ လိုပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 3 နဲ့ item 4 မှာ မေးလေ့ရှိတဲ့ မေးခွန်းပုံစံတွေထဲက တစ်မျိုးကတော့ Who said these words and to whom were they said? What is the title of the unit from which the sentence is taken? ဖြစ်ပါတယ်။

ဥပမာ - Who said these words and to whom were they said? What is the title of the unit from which the sentence is taken?

"Soon after the two of you left, I built a fire."

လို့မေးခဲ့ရင် အဖြေက The man of music and dancing said these words to his friends, the philosopher and the medico. The sentence is taken from (the story) "Too Much Knowledge Maketh Fools. လို့ ဖြေရပါမယ်။

မေးနိုင်တဲ့အလားတူ မေးခွန်းပုံစံ နောက်တစ်မျိုးကတော့ What is the title of the unit from which the sentence is taken? What does the word underlined in the sentence refer to? ဖြစ်ပါတယ်။

အဲဒီ စာကြောင်းထဲမှာ it တို့ we တို့ they တို့ စတဲ့ pronoun တွေကို မျဉ်းသားခဲ့ရင် အဲဒီ pronoun က ဘာကို ညွှန်းတယ်ဆိုတာ တိတိကျကျ ဖြေဆိုရမှာဖြစ်ပါတယ်။ ဥပမာ - What is the title of the unit from which the sentence is taken၊ What does the word underlined in the sentence refer to?

The female mosquito locates her human targets by following the carbon dioxide that we exhale.

လို့မေးရင် The title of the unit from which the sentence is taken is 'Mosquito: Getting to know the enemy.' The word underlined in the sentence refers to "the mosquito's". လို့ ဖြေရပါမယ်။

ဒါ့အပြင် What is the title of the unit from which the sentence is taken? What does the following sentence mean? ဆိုတဲ့ မေးခွန်းမျိုးလည်း မေးနိုင်ပါတယ်။

ဥပမာ - What is the title of the unit from which the sentence is taken? What does the following sentence mean?

To my ears it sounded so much like the rhythmic beats of music coming from a drum that I started dancing to it?

လို့မေးလာရင် အဖြေကThe title of the unit from which the sentence is taken is 'Too Much Knowledge Maketh Fools'. The sentence means that the bubbling noise of the boiling rice sounded so much like the regular repeated pattern of music which comes from a drum to the man of music and dancing that he started dancing to the bubbling noise of the boiling rice. လို့ဖြေရပါမယ်။ ယခုဖြေပြတဲ့ အဖြေတွေက နမူနာအဖြေများသာ ဖြစ်ပါတယ်။ ဆိုလိုရင်းမှန်ကန်တဲ့ သဒ္ဒါမှန်တဲ့ ဘယ်အဖြေကိုမဆို လက်ခံပါတယ်။ မေးခွန်းရဲ့ ဒုတိယအပိုင်းဖြစ်တဲ့ What does the following sentence mean? ဆိုတဲ့မေးခွန်းမှာ သင်ခန်းစာ (၁၄)ခုထဲက စာကြောင်းတစ်ကြောင်းကို ထုတ်နုတ်ပြထားပြီး အဲဒီစာကြောင်းရဲ့ ဆိုလိုရင်းကို မေးတာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၄)ရဲ့ item 5 ကတော့ ကဗျာတွေထဲက စာကြောင်းနှစ်ကြောင်းကို ပေးထားပြီး ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးခိုင်းတာဖြစ်ပါတယ်။ What do these lines mean? လို့ မေးမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေနိုင်ဖို့ကတော့ ပြဋ္ဌာန်းထားတဲ့ ကဗျာတွေရဲ့ အဓိပ္ပာယ်ကို နားလည်သိရှိထားဖို့ လိုပါတယ်။ ကဗျာကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါမှာ ဆိုလိုရင်းအဓိပ္ပာယ်ရော၊ သဒ္ဒါရော မှန်ရပါမယ်။

ဥပမာ - What do these lines mean?

What is this life if, full of care, –
We have no time to stand and stare?

ဆိုတဲ့ကဗျာထဲကစာကြောင်း ၂ ကြောင်းကို ပေးထားတယ် ဆိုရင် အဲဒီကဗျာ ၂ ကြောင်းကို စကားပြေ ပြန်ပေးရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၅)က မေးခွန်းနံပါတ် I.(B) လိုပဲ သင်ခန်းစာ (၁၄)ခုအနက်က စာပိုဒ်တစ်ပိုဒ်ပေးထားပြီး မေးခွန်း(၅)ခုကို ဖြေပေးရမှာဖြစ်တယ်။ ဒီမေးခွန်းတွေကို ကောင်းကောင်းဖြေဆိုနိုင်ဖို့အတွက် ပြဋ္ဌာန်းစာအုပ်ကို ကျေကျေညက်ညက် နားလည် သဘောပေါက်ထားဖို့လိုပါတယ်။

စာမျက်နှာ [ ၁၆ ] သို့ »»»

»»» စာမျက်နှာ [ ၁၅ ] မှ

အကြောင်းအရာနဲ့ သဒ္ဒါမှန်ကန်တဲ့ ဝါကျတွေ တည်ဆောက်တတ်အောင်လည်း များများလေ့ကျင့်ထားရပါမယ်။ ဒီမေးခွန်းတွေက တစ်ပုဒ်ကို (၂)မှတ်ပေးတဲ့ မေးခွန်းတွေဖြစ်တဲ့အတွက် အဖြေတစ်ဝက်လောက် မှန်ရင်လည်း အမှတ်တစ်ဝက် ရနိုင်ပါတယ်။

ဥပမာ - Preventing malaria includes a variety of measures: wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ပေးထားပြီး How can we prevent malaria? လို့မေးရင် စာပိုဒ်ထဲမှာပေးထားတဲ့အတိုင်း ပြန်ကူးလို့မရပါဘူး။ We can prevent malaria by wearing protective clothing, using repellents and sleeping under bed nets treated with insecticides. လို့ မှန်မှန်ကန်ကန် ပြန်ဖြေနိုင်မှသာ အမှတ်ပြည့်ရမှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ်(၆)** ကတော့ capital letter, comma, semi-colon, colon, full stop, question mark, open and close inverted commas, exclamation mark, apostrophe စတဲ့ Punctuation တွေကို မှန်မှန်ကန်ကန် သုံးတတ်မှုကို စစ်ဆေးတဲ့ မေးခွန်းတွေဖြစ်ပါတယ်။ Punctuate the following. လို့မေးမှာဖြစ်ပါတယ်။ အဓိကကတော့ Punctuation တွေကို ဘယ်လိုသုံးရမလဲဆိုတာသိဖို့ လိုပါတယ်။ Punctuation မေးခွန်းအတွက် အလွတ်ကျက်မှတ်ဖို့ မလိုပါဘူး။ လေ့ကျင့်ခန်းများများလုပ်ပေးဖို့ပဲလိုပါတယ်။ ဥပမာအားဖြင့် ဝါကျရဲ့အစစကားလုံးတို့၊ လူအမည်တို့ကို capital letter နဲ့ ရေးဖို့၊ ဝါကျအဆုံးမှာ အဆိုဝါကျဖြစ်ရင် full stop သုံးဖို့၊ လူတစ်ဦးတစ်ယောက်ကပြောတဲ့ စကားလုံးတွေကို ပေးထားရင် အဲဒီစကားလုံးတွေရဲ့ အစနဲ့အဆုံးမှာ inverted commas တွေသုံးဖို့ သိရပါမယ်။

ဥပမာ ဖတ်စာအုပ်ထဲမှာ ပေးထားတဲ့စာကြောင်းတစ်ကြောင်းဖြစ်တဲ့ miss sullivan she said im not sure about your method of teaching helen ကို ကြည့်ရင် ဒီစာကြောင်းဟာ direct speech နဲ့ရေးထားတဲ့ ဝါကျဖြစ်ပါတယ်။ သူ့ရဲ့နောက်ကလိုက်တဲ့ introductory verb 'said' ရဲ့နောက်မှာ comma ( , ) ရှိရပါမယ်။ she ကပြောတဲ့ အကြောင်းအရာနှစ်ခုက she ရဲ့ တစ်ဖက်တစ်ချက်မှာ ရှိနေတာတွေ့ရပါမယ်။ she က ပြောတဲ့ စကားလုံးတွေက Miss Sullivan နဲ့ I'm not sure about your method of teaching, Helen ဖြစ်လို့ she ကပြောတဲ့ စကားတွေရဲ့ အစမှာ open inverted commas ( " ) ရှိပြီး သူပြောတဲ့စကားတွေရဲ့အဆုံးမှာ close inverted commas ( " ) ရှိရပါမယ်။ Miss Sullivan လို့ ခေါ်လိုက်တာ ဖြစ်တဲ့အတွက် သူ့ရဲ့နောက်မှာ comma ထည့်ရပါမယ်။ ဝါကျရဲ့ ဒုတိယပိုင်းကို ကြည့်မယ်ဆိုရင် I'm not sure about your method of teaching, Helen. လို့ပြောတာ ဖြစ်ပါတယ်။ ဒီအပိုင်းမှာ ဝါကျရဲ့အဆုံးမှာ Helen လို့ ခေါ်လိုက်တဲ့အတွက် Helen ရဲ့ရှေ့မှာ comma ( , ) ရှိရပါမယ်။ ဒ့ါအပြင် im ဆိုတဲ့ စကားလုံးဟာ I နဲ့ am ကိုအတိုကောက် (contracted form) နဲ့ရေးတာ ဖြစ်လို့ 'I' နဲ့ 'm' ကြားမှာ apostrophe (') ထားပြီး I'm ရေးရပါမယ်။ ပြီးတော့ ဝါကျရဲ့အစတွေကို capital letter နဲ့စပြီးရေးရမှာဖြစ်ပြီး ဝါကျရဲ့အဆုံးမှာ full stop ရှိရပါမယ်။ ဒါကြောင့် ပေးထားတဲ့ဝါကျကို punctuation marks စုစုပေါင်း (၁၂)ခုသုံးပြီး "Miss Sullivan," she said, "I'm not sure about your method of teaching Helen." လို့ ရေးရပါမယ်။

**မေးခွန်းနံပါတ်(၇)**မှာ အပိုင်း ၂ ပိုင်း ပါဝင်ပါတယ်။

မေးခွန်းနံပါတ်(၇)ပထမပိုင်း VII.(A) က Stylistic Transformation လို့ဖြစ်ပါတယ်။ Finish each sentence in such a way that it means exactly the same as the sentence that is given. လို့ မေးမှာဖြစ်တယ်။ ပေးထားတဲ့စာကြောင်း (၁၀)ကြောင်းကို အဓိပ္ပာယ်မပြောင်းလဲစေဘဲ ပြန်ရေးပေးရမှာဖြစ်တယ်။ ဒီလို အဓိပ္ပာယ်မပြောင်းလဲဘဲ တည်ဆောက်ပုံ မတူတဲ့ဝါကျတွေ Grade 10 နဲ့ Grade 11 ပြဋ္ဌာန်းစာအုပ်တွေထဲမှာ ပါပါတယ်။ အဲဒီလေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ရင် ဒီအပိုင်းကို ကောင်းကောင်းဖြေဆိုနိုင်ကြမှာ ဖြစ်ပါတယ်။

မေးခွန်း(၇)ရဲ့ ဒုတိယပိုင်း **VII. (B)** ကတော့ paragraph writing ဖြစ်တယ်။ ပေးထားတဲ့ prompts တွေကိုသုံးပြီး စာပိုဒ်တိုလေးတစ်ပိုဒ်ရေးရမှာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ရေးသား ကျက်မှတ်ထားတဲ့ စာပိုဒ်တွေကို ဘာမှမစဉ်းစားဘဲ ချရေးတာမျိုးမလုပ်ပါနဲ့။ မေးခွန်းက Using the prompts given, write a very short paragraph on: --- ဆိုပြီး ရွေးစရာ(၂)ပုဒ် ပေးပါမယ်။ ကိုယ်ပိုင်နိုင်တဲ့တစ်ပုဒ်ကို ရွေးပြီး ရေးပါ။ မလိုတာတွေ ထည့်မရေးပါနဲ့။ Write a short paragraph ဆိုတာကို သတိပြုပါ။ ပေးထားတဲ့ prompts အားလုံးကို ပြန်သုံးပြီး ရေးရမှာမို့လို့ ကိုယ်ပိုင်ဝါကျတွေ တည်ဆောက်တတ်အောင် လေ့ကျင့်ထားကြပါ။ ပေးထားတဲ့ prompts တွေနဲ့ သဒ္ဒါမှန်တဲ့ ဝါကျတွေ တည်ဆောက်တတ်ဖို့ လိုတယ်။ ဥပမာ - Dengue Fever အကြောင်းကို ရေးခိုင်းတယ်ဆိုပါစို့။ ပေးထားတဲ့ prompts တွေက

- dengue fever – viral disease – carried – Aedes mosquito
- disease occurs mainly – tropical – subtropical regions ဖြစ်မယ်ဆိုရင်

ပထမဝါကျမှာ dengue fever ဟာ viral disease ဖြစ်တယ်လို့ အဓိပ္ပာယ်ရလို့ ဖြစ်ခြင်းကိုပြတဲ့ verb to be ဖြစ်တဲ့ "is" ကိုသုံးရပါမယ်။ ပြီးတော့ အဲဒါဝါကျမှာ viral disease ဟာ singular noun ဖြစ်လို့ article 'a' ထည့်ပေးရမယ်။ ပြီးတော့ dengue fever ကို Aedes ခြင်က သယ်ဆောင်တာ ဖြစ်လို့ which is carried by Aedes mosquito လို့ရေးရပါမယ်။ ဒီနေရာမှာ which ဆိုတဲ့ relative pronoun နဲ့ verb to be ဖြစ်တဲ့ is ကို ချန်ထားခဲ့ရင်လည်းပဲ ရပါတယ်။ ဒီအပိုင်းကို passive voice နဲ့ ရေးထားတဲ့အတွက် ပြုလုပ်သူ (agent) ဖြစ်တဲ့ Aedes mosquito ရှေ့မှာ by ထည့်ဖို့ လိုပါမယ်။ ပြီးတော့ Aedes mosquito ဆိုတာ ခြင်အမျိုးအစားတစ်မျိုးရဲ့ ကိုယ်ပိုင်နာမည်ဖြစ်လို့ အဲဒီအမည်ရဲ့ရှေ့မှာ definite article 'the' လိုပါမယ်။

ဒါကြောင့် dengue fever – viral disease – carried – Aedes mosquito ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ Dengue fever is a viral disease, (which is) carried by the Aedes mosquito လို့ ပြန်ရေးရပါမယ်။

နောက်တစ်ကြောင်းမှာ ပေးထားတဲ့ prompts တွေက disease occurs mainly – tropical – subtropical regions ဖြစ်ပါတယ်။ ဒီဝါကျကိုကြည့်မယ်ဆိုရင် disease ဆိုတဲ့စကားလုံးနဲ့ စတာဖြစ်ပေမယ့် ပထမဝါကျမှာ နိဒါန်းပျိုးပြီးသားဖြစ်တဲ့ dengue fever အကြောင်းကို ပြောတာဖြစ်လို့ definite article 'the' လိုပါမယ်။ ပြီးတော့ ဒီရောဂါဟာ tropical နဲ့ subtropical ဒေသတွေမှာ ဖြစ်တဲ့အတွက် နေရာကိုဖော်ပြဖို့ in ဆိုတဲ့ preposition လိုပါမယ်။ ပြီးတော့ နေရာဒေသနှစ်ခုအကြောင်းကို ပြောလို့ tropical နဲ့ subtropical ကို and ဆိုတဲ့ conjunction နဲ့ ဆက်ရပါမယ်။ ဒါကြောင့် disease occurs mainly – tropical – subtropical regions ဆိုတဲ့ prompts တွေကို ပြန်ရေးရာမှာ The disease occurs mainly in tropical and subtropical regions. လို့ ပြန်ရေးရပါမယ်။

ဒီလို prompts တွေကိုသုံးပြီး ဝါကျဖြစ်အောင် ပြန်ရေးရာမှာ အဓိပ္ပာယ်ပြည့်တဲ့ ဝါကျတွေဖြစ်ဖို့ article တွေဖြစ်တဲ့ "a, an, the" တို့၊ preposition တွေဖြစ်တဲ့ "in, on, at" တို့၊ Conntective တွေဖြစ်တဲ့ "and, but, so" တို့၊ helping verb တွေဖြစ်တဲ့ "am, is, are" တို့ကို လိုအပ်သလို ထည့်ပေးရမယ်။

**မေးခွန်းနံပါတ်(၈)**ကတော့ letter writing ဖြစ်ပါတယ်။ ပေးထားတဲ့ မေးခွန်း(၃)ပုဒ်ထဲက ကြိုက်ရာတစ်ပုဒ်ကို ဖြေရပါမယ်။ ဒီမေးခွန်းကို ဖြေဆိုတဲ့အခါ သတိပြုရမယ့် အချက်တွေကတော့ ပေးထားတဲ့ ညွှန်ကြားချက်တွေကို သေသေချာချာ ဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ (၁) စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေကို သေသေချာချာသိဖို့လိုပါတယ်။ (၂) ဘာအကြောင်းအရာ ရေးရမလဲဆိုတာ သေသေချာချာဖတ်ပါ။ ရေးခိုင်းတဲ့ အကြောင်းအရာ တစ်ချက်လား၊ နှစ်ချက်လားဆိုတာ သေသေချာချာဖတ်ပြီးမှ ရေးဖို့လိုပါတယ်။ အရေးကြီးတဲ့အချက် တစ်ချက်ကတော့ မေးခွန်းမှာ စာရေးသူ (addresser) နဲ့ စာလက်ခံရရှိမယ့်သူ (addressee) တွေရဲ့ နာမည်ကို ပေးထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် မိမိနာမည်၊ မိမိကျောင်း၊ မိမိမြို့စတာတွေကို လုံးဝထည့်မရေးဖို့ အထူးသတိပေးချင်ပါတယ်။

နမူနာအနေနဲ့ You are Nyi Nyi. You live at No.1, Pagoda Road, Pyay. Write a letter to your friend Aung Aung who lives in Bago, telling him about the school activities you participated in and how useful they are for students. မေးခွန်းကိုကြည့်ရင် စာရေးမယ့်သူက Nyi Nyi ဖြစ်ပြီး Aung Aung ဆီကို ရေးရမှာဖြစ်ပါတယ်။

ဒ့ါကြောင့် Dear Aung Aung လို့ စရေးပြီး Your loving friend, Nyi Nyi လို့ အဆုံးမှာရေးရပါမယ်။ ပြီးတော့ ရေးခိုင်းတဲ့အကြောင်းအရာကို ကြည့်မယ်ဆိုရင် telling him about the school activities you participated in ဆိုတဲ့အကြောင်းအရာနဲ့ how useful they are for students ဆိုတဲ့ အကြောင်းအရာ နှစ်ခုပါတဲ့အတွက်ကြောင့် အကြောင်းအရာနှစ်ခုလုံး ပါအောင်ရေးမှသာ အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

နောက်ဥပမာတစ်ခုကို ကြည့်ရအောင်။

You are Thant Zin. You live at No.75, Sabai Road, Monywa. Write a letter to your aunt who lives in Taunggyi, telling her why you want to pass this examination with high marks and asking her if you could come and visit her during the summer holidays.

မေးခွန်းမှာ telling her why you want to pass this examination with high marks နဲ့ asking her if you could come and visit her during the summer holidays ဆိုပြီး နှစ်ပိုင်းမေးထားပါတယ်။ ဒါကြောင့် why you want to pass this examination with high marks တစ်ပိုင်းကို ပြည့်ပြည့်စုံစုံဖြေပြီး ဒုတိယတစ်ပိုင်းဖြစ်တဲ့ asking her if you could come and visit her during the summer holidays ကို တစ်ကြောင်း၊ နှစ်ကြောင်းရေးရုံနဲ့ အမှတ်ကောင်းကောင်းမရနိုင်ပါဘူး။ နှစ်ခုလုံးကို အကျိုးအကြောင်း ပြည့်စုံအောင်ရေးသားဖို့ လိုပါတယ်။ ဒ့ါကြောင့် မေးထားတဲ့မေးခွန်း သေသေချာချာ ဖတ်ဖို့လိုပါတယ်။ မေးထားတဲ့ အကြောင်းအရာကို သေသေချာချာမဖတ်ဘဲ အလွတ်ကျက်ထားသမျှ အားလုံးချရေးတာမျိုးဟာ အမှတ်ကောင်းကောင်း မရနိုင်ပါဘူး။

မေးခွန်းနံပါတ်(၉) ကတော့ essay writing ဖြစ်ပါတယ်။ ပေးထားတဲ့ ခေါင်းစဉ်(၃)ခုထဲက မိမိအပိုင်နိုင်ဆုံး ခေါင်းစဉ်တစ်ခုကို ရွေးပြီးရေးရမှာ ဖြစ်ပါတယ်။

ဥပမာ - Healthy habits, Useful leisure activities for students, Places well-worth visiting in Myanmar လို့ ခေါင်းစဉ် (၃)ခုပေးထားရင် မိမိနှစ်သက်တဲ့ အကောင်းဆုံးရေးသားနိုင်မယ့် ခေါင်းစဉ်တစ်ခုကိုရွေးပြီး ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ သတိထားရမှာက မေးထားတဲ့ခေါင်းစဉ်ကို သေသေချာချာဖတ်ဖို့ပဲ ဖြစ်ပါတယ်။ ပထမခေါင်းစဉ် Healthy habits ကို ရွေးမယ်ဆိုရင် habit တစ်ခုတည်းရေးလို့ မရသလို habit ကလည်း healthy ဖြစ်တဲ့ habit တွေအကြောင်းဖြစ်ဖို့ လိုပါတယ်။ ဒုတိယခေါင်းစဉ်ဆိုရင် ကျောင်းသားတွေအတွက် အသုံးဝင်တဲ့ leisure activity တစ်ခုထက်မက ရေးရမှာ ဖြစ်ပါတယ်။ ယေဘုယျ ခြုံပြီး leisure activities တွေကို ရေးမယ်ဆိုရင် သိပ်ပြီး မဆီလျော်ပါဘူး။ တတိယခေါင်းစဉ် Places well-worth visiting in Myanmar ကို ရေးမယ်ဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ထင်ရှားတဲ့နေရာတွေကို ရေးရုံနဲ့ မပြည့်စုံပါဘူး။ အဲဒီနေရာတွေဟာ သွားရောက်လည်ထိုက်တဲ့ နေရာတွေဖြစ်ကြောင်း၊ ဘာကြောင့် သွားလည်သင့်ကြောင်းတို့ကို စနစ်တကျရေးသားနိုင်မှ မှန်ကန်ဆီလျော်ပြီး အမှတ်ကောင်းကောင်း ရနိုင်မှာဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲအဆင့်မှာ ပေးစာနဲ့ စာစီစာကုံးတွေကို ကောင်းကောင်းရေးနိုင်ဖို့

(1) Organization - ဖွဲ့စည်းပုံ ကောင်းခြင်း။ အကြောင်းအရာအချက်အလက်တွေကို နိဒါန်း၊ စာကိုယ်၊ နိဂုံး စသဖြင့် အစီအစဉ်ကျကျ ရေးနိုင်ရပါမယ်။
(2) Relevancy - ဆီလျော်မှုရှိခြင်း။ မိမိရေးရမယ့် အကြောင်းအရာနဲ့ ဆီလျော်တာကိုပဲ ရေးရမှာဖြစ်ပါတယ်။ လုံးဝသက်ဆိုင်မှုမရှိတဲ့ အကြောင်းအရာတွေကို ရေးခဲ့ရင် ဆီလျော်မှုမရှိလို့ အမှတ်မရနိုင်ပါဘူး။
(3) Content- အချက်အလက်မှန်ကန်ပြည့်စုံခြင်း။ ရေးရမယ့် အကြောင်းအရာနဲ့စပ်လျဉ်းတဲ့ အချက်အလက်နဲ့ ဥပမာတွေကို ပြည့်ပြည့်စုံစုံ ထည့်သွင်းရေးသားရပါမယ်။
(4) Language - အသုံးအနှုန်း မှန်ကန်ခြင်း။ သုံးတဲ့စကားလုံးဝေါဟာရတွေ မှန်ခြင်း၊ ကောင်းခြင်း၊ လှခြင်း၊ ကြွယ်ဝခြင်းနဲ့ သဒ္ဒါမှန်ခြင်း၊ ဝါကျဖွဲ့စည်းပုံ မှန်မှန်နဲ့ ဝါကျအမျိုးမျိုးကို ရေးတတ်ရပါမယ်။
(5) Presentation - တင်ပြပုံကောင်းခြင်း။ ရေးတဲ့အကြောင်းအရာကို စာဖတ်သူ စိတ်ဝင်စားအောင် ဖွဲ့နွဲ့တင်ပြနိုင်စွမ်း ရှိရပါမယ်။
(6) ပေးစာရေးရာမှာဖြစ်ဖြစ်၊ စာစီစာကုံးရေးရာမှာပဲဖြစ်ဖြစ် မလိုအပ်ဘဲ အလွန်ရှည်လျားတဲ့ စာတွေ၊ စာစီစာကုံးတွေကိုမရေးဘဲ ကျစ်ကျစ်လျစ်လျစ် ထိထိမိမိ၊ သဒ္ဒါမှန်မှန်နဲ့ ရေးဖို့အရေးကြီးပါတယ်။

နောက်ဆုံးအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကိုဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအနေနဲ့ ပြဋ္ဌာန်းစာအုပ်မှာပါတဲ့ သင်ခန်းစာ (၁၄)ခုလုံးက စာပိုဒ်တွေအားလုံးကို သေသေချာချာ ဖတ်ရှုလေ့လာမှတ်သားဖို့၊ ပေးထားတဲ့လေ့ကျင့်ခန်းတွေကို များများလေ့ကျင့်ဖို့၊ ကဗျာတွေကိုလည်း ရွတ်ဆိုနိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုတတ်အောင် ကြိုးစားဖို့ အထူးမှာကြားလိုပါတယ်။ ပေးစာနဲ့ စာစီစာကုံးတွေကိုလည်း ကျစ်ကျစ်လျစ်လျစ်နဲ့ ဆီလျော်မှန်ကန်အောင် ရေးတတ်ဖို့ အရေးလေ့ကျင့်မှု များများလုပ်ဖို့ လိုပါတယ်။ ဒါမှသာလျှင် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ထူးထူးချွန်ချွန်နဲ့ ဖြေဆိုအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူများအားလုံး ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်အောင်မြင်မြင် ဖြေဆိုနိုင်ကြပါစေ။

# ပြည်သူလူထုနှင့် တွေ့ဆုံပွဲ ကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၂**

ချင်းပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်နှင့် ဒေသခံပြည်သူများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ တွေ့ဆုံပွဲကို ဇန်နဝါရီ ၃၀ ရက်က အထက(၁)ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ သိရှိလိုသည်များကို အသေးစိတ်မေးမြန်းကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းဖြေကြားကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ အဆိုပါအခမ်းအနားသို့ အင်အား ၁၅၀ ကျော် တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ထင်ပေါ်ကျော်ကြားသည့် ပန်းချီပညာရှင် ၇၂ ဦးပါဝင်သော ပန်းချီပြပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂**

မြန်မာနိုင်ငံတွင် ထင်ပေါ်ကျော်ကြားလျက်ရှိသော ပန်းချီပညာရှင် ၇၂ ဦး ပါဝင်သည့် ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲကို အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ ကိုးရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

အနုပညာရှင်များနှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းပါဝင်သော နိုင်ငံ့ဂုဏ်ဆောင်ပြတိုက်ကြီးတစ်ခုဖြစ်လာစေရန် ရည်ရွယ်၍ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး အဆိုပါပြပွဲမှ လက်ရာမွန် ပန်းချီကားအချို့ကို ဝယ်ယူစုဆောင်းကာ အမျိုးသားပြတိုက်(ရန်ကုန်)ရှိ ပန်းချီခန်းမဆောင်၌ တစ်နှစ်တိတိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ၎င်းပန်းချီကားများအနက်မှ တစ်ဝက်ကို အမျိုးသားပြတိုက် (နေပြည်တော်)သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လူမျိုးအသီးသီးက မိမိတို့ပိုင်ဆိုင်တဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ဆင်ယင်ထုံးဖွဲ့မှု ဓလေ့များကို ယခုထိ မြတ်နိုးစွာ ထိန်းသိမ်းထားတာမြင်တွေ့ရပါတယ်။ ဘယ်လောက်ပဲ မတူညီကွဲပြားမှုတွေရှိနေပါစေ၊ ကျွန်တော်တို့ လှော်ခတ်သွားရမယ့် ပန်းတိုင်ကတော့ တူညီပြီးသားပါ။ မြစ်မင်းဧရာဆီကို မြစ်၊ ချောင်းကြီးငယ်များ စုပေါင်းစီးဆင်းလာရသကဲ့သို့ မေတ္တာအနန္တနဲ့ သာတူညီမျှမှုတို့ကို အရင်းပြုပြီး ငြိမ်းချမ်းသော မြန်မာပြည်ကြီးဆီသို့ မိသားစုလှေကြီးကို လှော်ခတ်လို့ အရောက်သွားကြပါစို့ဗျာ။ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ဓလေ့တွေကို မြတ်နိုးတန်ဖိုးထားနေကြတဲ့အချိန်မှာ မြန်မာပြည်ကြီး ရွှေပြားအလား တစ်သားတည်း ညီညွတ်သာယာပါစေကြောင်း၊ စိတ်မှာ ရည်မှန်းလို့ ဤမြန်မာ့လှေပန်းချီကားကြီးကို ဖန်တီးဂုဏ်ပြုရေးဆွဲပါတယ်" ဟု မန္တလေးမြို့မှ ပန်းချီဆရာကြီး ဦးမာလာက ပြောကြားသည်။

အဆိုပါ ပန်းချီပြပွဲကျင်းပနေစဉ်ကာလအတွင်း ပြတိုက်သို့ လာရောက်လေ့လာသူများအတွက် လက်တွေ့ သရုပ်ပြရေးဆွဲခြင်း အစီအစဉ်ကို ထည့်သွင်းထားရှိပြီး အဆိုပါအစီအစဉ်တွင် အမျိုးသားပြတိုက်(ရန်ကုန်)မှ ပန်းချီအနုပညာရှင်များအတွက် လိုအပ်သော ကင်းဘတ်နှင့် ရေဆေးစက္ကူများကို ပံ့ပိုးသွားမည်ဖြစ်သည်။ ပါဝင်ရေးဆွဲမည့် အနုပညာရှင်များအနေဖြင့် မိမိတို့ နှစ်သက်ရာဆေးနှင့် စုတ်တံများကို တစ်ပါးတည်းယူဆောင်လာကာ နှစ်သက်ရာသက်ငြိမ်၊ ပုံတူနှင့် ရှုမျှော်ခင်းများကို စိတ်ကြိုက်ရေးဆွဲဖန်တီးနိုင်မည်ဖြစ်ပြီး ပြတိုက်ပညာပေးကဏ္ဍတစ်ခုအနေဖြင့်ပြတိုက်နှင့် အနုပညာ (Museum Talk) ခေါင်းစဉ်ဖြင့် ဟောပြောပွဲအစီအစဉ်များကိုလည်း စီစဉ်ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၂**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ဖေဖော်ဝါရီ၁ ရက် နံနက် ၉ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်သည်။



ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီမှ ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များအား ချမှတ်ပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များအား ဖိတ်ကြားရခြင်း ရည်ရွယ်ချက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများကို အပြန်အလှန် ဖလှယ်နိုင်စေရန်ဖြစ်သည်။

ထို့နောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဗိုလ်မှူးကြီးမင်းနောင်၊ ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအတွင်းရှိ တည်းခိုဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုနေ့ အခမ်းအနားအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြားခေါ်ယူခဲ့ရာ ကချင်ပြည်နယ်မှ ၆၀၊ ကယားပြည်နယ်မှ ၇၆ ဦး၊ ကရင်ပြည်နယ်မှ ၄၂ ဦး၊ ချင်းပြည်နယ်မှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၀၊ မွန်ပြည်နယ်မှ ၃၅ ဦး၊ ရခိုင်ပြည်နယ်မှ ၄၀၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၀၊ ရှမ်းပြည်နယ်မှ ၇၄ ဦး စုစုပေါင်း ၄၄၇ ဦး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ရွှေရဲရင့် (ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြစ်ချောင်းများ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပေး

**မုံရွာ ဖေဖော်ဝါရီ ၂**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၇၃၈၀ ဒသမ ၇ သန်းဖြင့် စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၆) စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်၊ မူးမြစ်၊ မြစ်သာမြစ်နှင့် ၎င်းမြစ်များအတွင်းသို့ စီးဝင်လျက်ရှိသော ချောင်းများ ဖြတ်သန်းစီးဆင်းလျက်ရှိသော ဒေသများတွင် နှစ်စဉ် မိုးရာသီ မြစ်ရေကြီးမြင့်ချိန်များတွင် မြစ်ကမ်းပါးပြိုကျမှုများဖြစ်ကာ လူနေအိမ်များ၊ ဘုရားကျောင်းကန်များနှင့် စေတီပုထိုးများ၊ စိုက်ပျိုးမြေပြိုကျမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို နှစ်စဉ်ပွင့်လင်းရာသီများတွင် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်အတွင်းရှိ ကလေးမြို့နှင့် ကလေးဝမြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသုံးခုအား ငွေကျပ် ၈၂၂ သန်းဖြင့်လည်းကောင်း၊ ကသာခရိုင်အတွင်းရှိ ကောလင်း၊ ပင်လည်ဘူး၊ ဝန်းသိုမြို့နယ်များတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း သုံးခုကို ငွေကျပ် ၆၂၃ သန်းဖြင့်လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့နယ်များတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ခြောက်ခုကိုငွေကျပ် ၇၃၈ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်း၊ မြင်းမူ၊ မြောင်မြို့နယ်များတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ခြောက်ခုကို ငွေကျပ် ၁၀၃၁ သန်းဖြင့်လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်များတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခုနစ်ခုကို ငွေကျပ် ၂၂၃၇ သန်းဖြင့်လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတစ်ခုကို ငွေကျပ်သန်း ၇၀ ဖြင့်လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကနီ၊ ဆားလင်းကြီးမြို့နယ်များတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခုနစ်ခုကို ငွေကျပ် ၁၃၅၅ ဒသမ ၄ သန်းဖြင့်လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ဝက်လက်မြို့နယ်အတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းသုံးခုကို ငွေကျပ်သန်း၄၇၀ ဖြင့်လည်းကောင်း၊ တင်ဒါပိုလျှံငွေကျပ် ၃၃ ဒသမ ၈ သန်းဖြင့် ကနီမြို့နယ်အတွင်းရှိ ဈေးချောင်း မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ငဖြက်ကျေးရွာချောင်း ရေလမ်းကြောင်းတူးဖော်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



## ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများရှိ အခြေခံကျောင်းများသို့ အိမ်သုံးဆိုလာနှင့်စွမ်းအားမြင့် မီးဖိုများပေးအပ်

**မိုးနဲ ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မိုးနဲမြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အတွင်းရှိ ဝေးလံခေါင်ဖျားသော အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အခြေခံပညာကျောင်းများသို့ အိမ်သုံးဆိုလာနှင့် စွမ်းအားမြင့် မီးဖိုများပေးအပ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က အခြေခံပညာအထက်တန်းကျောင်း ပုလဲ ဆောင်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးလှမြင့်က အခြေခံပညာရေးကျောင်းများသို့ အိမ်သုံးဆိုလာနှင့် စွမ်းအားမြင့် မီးဖိုများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လွိုင်အိုင်၊ ကုန်းလုံ၊ နားမွန်း၊ ဟွေးဟေး၊ (ဝမ်)လွိုင်ချိုကျေးရွာများရှိ အခြေခံကျောင်းများအတွက် အိမ်သုံးဆိုလာ တစ်လုံးစီနှင့် စွမ်းအားမြင့် မီးဖိုတစ်လုံးစီကိုလည်းကောင်း၊ ဝမ်နား၊ ကာဟ၊ ဘုရားဖြူ ဟဲကော၊ ဟိုဖိုင်၊ ခိုတိုဝိုး၊ နမ့်ဟူးပစ်၊ တာတွန့် ကျေးရွာများရှိ အခြေခံပညာကျောင်းများအတွက် စွမ်းအားမြင့် မီးဖိုတစ်လုံးစီအားလည်းကောင်း၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်သစ်တောဦးစီးမှူးနှင့် အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဦးလှသောင်းတို့က လက်ရောက်ပေးအပ်ရာ သက်ဆိုင်ရာကျောင်းများမှ တာဝန်ခံကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ပြီး အိမ်သုံးဆိုလာပြားအသုံးပြုပုံ နည်းစနစ်ကို သစ်တောဌာနမှတာဝန်ရှိသူများက လက်တွေ့ သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**

## မီးဘေးလုံခြုံရေးဟောပြောပွဲနှင့်သရုပ်ပြလေ့ကျင့်မှုများပြုလုပ်

**မင်းဘူး ဖေဖော်ဝါရီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အ-ထ-က(၂) ကျောင်းခန်းမ၌ မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကျောင်းအခြေပြု မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုများကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အမှတ် (၃) အရန်တပ်ခွဲမှူး ဦးမောင်ဝင်းမှ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မိမိတို့အိမ်တွင် မီးချိတ်၊ မီးကတ်၊ သဲအိတ်၊ ရေအိတ်များအား စနစ်တကျထားရှိရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်စိုးမောင်က အိမ်တိုင်းတွင် မီးသတ်ဆေးဘူးများ ဆောင်ထားသင့်ကြောင်း၊ မီးလောင်မှုဖြစ်ပွားလျှင် မီးသတ်ဆေးဘူးအား စနစ်တကျ သုံးစွဲတတ်စေရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အ-ထ-က (၂)ကျောင်းခန်းမရှေ့၌ လက်တွေ့သရုပ်ပြ လေ့ကျင့်ရာတွင် ဆီမီးလောင်မှုအား ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ သူများ ကိုယ်တိုင် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်စေခြင်း၊ အဝတ်စိုဖြင့် ဖုံးအုပ်ငြိမ်းသတ်ခြင်းများကို လက်တွေ့ပြုလုပ်စေခဲ့ကြကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းလုပ်ငန်းခွဲများ ကွင်းဆင်းစစ်ဆေး

**စေတုတ္တရာ ဖေဖော်ဝါရီ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်၊ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်နှင့် တတိယနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းလုပ်ငန်းခွဲများအား တတိယအဖွဲ့အစည်း(Third Party) စစ်ဆေးရေးအဖွဲ့မှ နည်းပညာဆိုင်ရာ စစ်ဆေးမှုများကို ဇန်နဝါရီ ၂၈ ရက်က မြေနီကုန်းကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နည်းပညာစစ်ဆေးရေးအဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ စေတုတ္တရာမြို့နယ်၊ မြေနီကုန်းကျေးရွာ စီမံကိန်း အထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် သိလိုသည်များကို မေးမြန်းကာ ဆောင်ရွက်ပြီးစီးခဲ့သော ရွာတွင်းလမ်းအရှည် ၇၂၆၄ ပေ၊ အကျယ် ၁၈ ပေ၊ ဒုကိုးလက်မရှိ ရွာတွင်းလမ်းအား ချောင်းကျောက်ခင်းခြင်းလုပ်ငန်းအား စစ်ဆေးခဲ့သည်။

အဆိုပါ ကျောက်ခင်းခြင်း လုပ်ငန်းသည် စီမံကိန်းမှ ထောက်ပံ့ငွေ ၉၉၉၇၁၀၀ ကျပ်နှင့် ကျေးရွာမှ ထည့်ဝင်လှူဒါန်းငွေ ၁၄၁၇၅၀၀ ကျပ် စုစုပေါင်း ၁၁၄၁၄၆၀၀ကျပ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့သည် စေတုတ္တရာမြို့နယ် ကျေးရွာ ၁၀ ရွာအတွက် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဒုတိယနှစ်တွင် လုပ်ငန်းခွဲ ငါးခု၊ တတိယနှစ်တွင် လုပ်ငန်းခွဲ ငါးခုကိုလည်း ဇန်နဝါရီ ၂၈ ရက်မှ ၃၁ ရက်အထိ ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ကြောင်း သိရသည်။

**မသူလွင်(မကွေး-ကိုယ်ပွား)**



## ပဲခူးမြို့ မွန်ပိဋကတိုက်ဓမ္မာရုံတွင် (၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂**
ပဲခူးမြို့ ရွှေမော်ဓောဘုရားအနောက်ဘက်မုခ်ရှိ မွန်ပိဋကတိုက်ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲက (၇၁) ကြိမ်မြောက်မွန်အမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားစည်ကားသိုက်မြိုက်စွာကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြပြီး မွန်အမျိုးသားနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ နိုင်စိုးသိန်းက မွန်အမျိုးသားနေ့ကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။

စာပေဟောပြောပွဲများ၊ မွန်စာပေပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ စည်ကားစွာကျင်းပကြောင်းသိရသည်။ **တင်စိုး(ပဲခူး)**

## လူငယ်၊ ပညာရေးနှင့် အနာဂတ် ခေါင်းစဉ်ဖြင့် ဒလမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဒလ ဖေဖော်ဝါရီ ၂**
လူငယ်များ အသိပညာဗဟုသုတ ရရှိစေရန်၊ တစ်ဦးနှင့်တစ်ဦးချစ်ကြည်ရင်းနှီးမှု ရရှိစေရန်နှင့် လူငယ်များ၏ အနာဂတ်များ ထွန်းလင်းတောက်ပစေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်၊ ပညာရေးနှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကို ဇန်နဝါရီ ၃၁ မွန်းလွဲ ၂ နာရီက ရန်ကုန်တောင်းပိုင်းခရိုင် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

လူငယ်၊ ပညာရေးနှင့် အနာဂတ်ခေါင်းစဉ်ဖြင့် ပြည်သူ့ စကားဝိုင်းဆွေးနွေးပွဲတွင် ဆရာဦးဇာနည်တင် (MCT) က ဦးဆောင်ဆွေးနွေးသူအဖြစ် စကားဝိုင်းကို စတင်ခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ ပါမောက္ခဆရာ ဦးအေးကျော်တို့က လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်သူ့စကားဝိုင်းဆွေးနွေးဦးဆောင်သူတို့က ပြန်လည်ဖြေကြားပေးခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ ပါမောက္ခ ဆရာဦးအေးကျော် ( Founder and Principal, Myanmar Leadership and Management Institute)၊ ဆရာ ဦးဇာနည်တင် (MCT) (MD, Z&S Education Services Company) (Moderator) တို့ ပါဝင်ဆွေးနွေးကြပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စာရေးဆရာများ၊ မြို့မိမြို့ဖများနှင့် လူငယ်၊ လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## ဆည်မြောင်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီး ကွင်းဆင်းကြည့်ရှု

**ပြည် ဖေဖော်ဝါရီ ၂**
ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်သည် ဖေဖော်ဝါရီ ၁ ရက်က ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်နှင့်အတူ သာယာဝတီခရိုင်အတွင်း ဆည်မြောင်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှုများကို ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်းသိရသည်။

ဝန်ကြီးသည် လက်ပံတန်းမြို့အနီး သဲကောဆည်ရေသောက် ငါးစပါးစံပြစိုက်ပျိုးရေးကွင်းသို့ ရောက်ရှိပြီး ဆောင်ရွက်မှုအခြေအနေများ၊



လက်ပံတန်းမြို့နယ်အတွင်း၊ ရေဘေးကာကွယ်ရေး အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဆောင်ရွက်နေသော ဖိုးကတိုးတာ၊ ဧရာဝတီအရှေ့ဘက်ကမ်းတာနှင့် မြင်ကဝကျောက်အိုင်တာ ပြုပြင်နေမှုလုပ်ငန်းများ၊ လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာအနီး ကံတင်းဘီးလင်း ဆည်ရေပေးမြောင်းများမှ နွေစပါးစိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးစိုက်ပျိုးနေမှုများ၊ မိုးညိုမြို့နယ် ညောင်လေးပင်ကျေးရွာ စံပြမြေပဲစိုက်ကွင်းနှင့် ရွှေလေးရေတံခါး ၊ နတ်တလင်းမြို့နယ် ပန်းတင်ကြီး ရေတံခါးတို့ကို ကွင်းဆင်းကြည့်ရှုရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ လုပ်ငန်းဆိုင်ရာများရှင်းလင်းတင်ပြခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ကွင်းဆင်းကြည့်ရှုရာ ဒေသများမှ ဒေသခံများနှင့်လည်း တွေ့ဆုံကာ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**



## အရည်အသွေးကောင်း ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၂**
စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းသည် တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်၊ ခရိုင်ဦးစီးမှူး ဦးထွန်းမြင့်တို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း GAP စနစ်ဖြင့် အရည်အသွေးကောင်း ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများသည် သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာကွင်းအမှတ် ၈၄၈ ရှိ ပဲတီစိမ်း GAP တစ်ကွင်းတစ်စပ်တည်းစိုက်ခင်း၊ ခရမ်းမြို့နယ် ခမတ်ကျေးရွာရှိ ပဲတီစိမ်း GAP တစ်ကွင်းတစ်စပ်တည်း စိုက်ခင်းနှင့် သန်လျင်မြို့နယ် ဘော့သပြေကန်ကျေးရွာရှိပဲတီစိမ်း GAP တစ်ကွင်းတစ်စပ်တည်းစိုက်ခင်းများသို့ သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၇ -၂၀၁၈ ခုနှစ် ဆောင်းရာသီ၌ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ မြို့နယ်များတွင် ဌာနအစီအစဉ်ဖြင့် ပဲတီစိမ်း GAP စိုက်ဧက ၁၈၂၀၊ မြန်မာ့သြဘာကုမ္ပဏီနှင့် ပူးပေါင်း၍ ပဲတီစိမ်း GAP စိုက်ဧက ၁၀၀၂ ဧက၊ Arantin ကုမ္ပဏီနှင့် အကျိုးတူလုပ်ငန်းအဖြစ် ပဲတီစိမ်း ၉၃၆ ဧက၊ EU နိုင်ငံသို့ ပဲတင်ပို့မည့် ကုမ္ပဏီများနှင့် ပူးပေါင်း၍ ပဲတီစိမ်း ၄၁၇၀၈ ဧက စုစုပေါင်း ပဲတီစိမ်း GAP စိုက်ဧက ၄၅၄၆၆ ဧက စိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**သက်နိုင်(သန်လျင်)**

## မွန်အမျိုးသားနေ့ ဘားအံ၌ စည်ကား သိုက်မြိုက်စွာကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂**
(၇၁)ကြိမ်မြောက် မွန်အမျိုးသားနေ့ (ဗဟို)ကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၇ နာရီက ကရင်ပြည်နယ် ဘားအံမြို့ ဇာသပြင်ကျေးရွာတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ (၇၁) ကြိမ်မြောက် မွန်အမျိုးသားနေ့တွင် မွန်အမျိုးသား ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုခြင်း၊ မွန်အမျိုးသားနေ့ဆိုင်ရာ စာတမ်းဖတ်ခြင်း၊ မွန်ရိုးရာ အဆို၊ အက၊ ဂီတများဖြင့် ဖျော်ဖြေခြင်းနှင့်ပြိုင်ပွဲများ၊ လှေလှော်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ မွန်ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ခြင်းခတ်ပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲများနှင့် အခြားအားကစားပြိုင်ပွဲများ ကျင်းပပြီး မွန်ရိုးရာ ယဉ်ကျေးမှုပြခန်းများကိုလည်း ပြသထားကြောင်းသိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေများ လွှဲပြောင်းပေးအပ်

**မင်းလှ ဖေဖော်ဝါရီ ၂**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ၂၀၁၇-၁၈ဘဏ္ဍာနှစ်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေများလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပပြုလုပ်သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က ပြည်သူ့ဘဏ္ဍာငွေများဖြင့် ကျခံသုံးစွဲခြင်းဖြစ်သောကြောင့် စီမံကိန်းဆောင်ရွက်ခွင့်ရသော ကျေးရွာများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများအား မှန်မှန်ကန်ကန်အကျိုးရှိစွာ သုံးစွဲဆောင်ရွက်သွားကြရန် အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်မိမိအောင်က စီမံကိန်းလုပ်ငန်းများနှင့် ငွေစာရင်းများအကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ခွင့်ရသောကျေးရွာ ၃၅ ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့်ငွေကျပ်သိန်း ၃၅၀၀ အားကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌများနှင့် အုပ်ချုပ်ရေးမှူးများထံ တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်းသိရသည်။

**ပေါက်စ(မင်းလှ)**

## ကွမ်းခြံကုန်းမြို့နယ် အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး တိုးချဲ့ဆောင်သစ် လွှဲပြောင်းပေးအပ်

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂**
ကွမ်းခြံကုန်းမြို့နယ် ပုလဲပိုင်းနှင့် မင်းပိုင်းရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ (ပေ ၅၀ xပေ ၆၀)အကျယ်အဝန်းရှိ ၂၅ ခုတင်ဆံ့နှစ်ထပ်တိုးချဲ့ဆောင်သစ်ကို မြန်မာ့အလှုဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့် Asia Myanmar Consortium ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေသခံ ဦးကျော်ခိုင်မိသားစုမှ ငွေကျပ်သိန်း ၁၅၀၀ အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးဒေါက်တာအောင်ကြီးမောင်က "အခုကတော့ ကျန်းမာရေးဦးစီးဌာနအတွက် လူနာဆောင်တွေ တိုးချဲ့တဲ့နေရာမှာ ဂီလာနပုဂ္ဂိုလ်တွေ နေထိုင်ကုသဖို့အတွက် နေရာပိုရလာတာပေါ့နော်၊ ကျွန်တော်တို့ဝန်ကြီးဌာနကလည်းဆေးဝါးတွေကိုစဉ်ဆက်မပြတ်ထောက်ပံ့ဖြည့်ဆည်းပေးနေပါတယ်၊ ခုလိုတိုးချဲ့ဆောင်သစ်တိုးချဲ့လိုက်တဲ့အတွက် လူနာတွေကုသမှုခံယူရာမှာ အဆင်ပြေစေပြီး ဆေးရုံအတွင်းက ကူးစက်ရောဂါတွေကိုကာကွယ်နိုင်မှာ ဖြစ်ပါတယ်" ဟုပြောသည်။

မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ် တိုးချဲ့ဆောင်သစ်အတွင်း၌ သံဃာ တော်များအတွက် ကုသဆောင်နှစ်ခန်း၊ လူနာများအတွက် ကုသဆောင်နှစ်ခန်း၊ ခွဲစိတ်ခန်း နှစ်ခန်းနှင့် မွေးခန်းထားရှိမည်ဖြစ်ပြီး လူနာနား နေဆောင်၊ ဆရာဝန်နားနေဆောင်၊ အစည်းအဝေးခန်းမများနှင့် ရုံးခန်းများလည်း ပါဝင်ကြောင်း သိရသည်။

**ပွင့်သစ္စာ**



# လက်တွေ့အသုံးချ ဆေးနည်းတို (ဆေးမြီးတို)များ (၅၀)

**မင်္ဂလာပါ ဆရာ။ ကျွန်မအမျိုးသား အသက်က ၄၆ နှစ်ပါ။ လူက ဝပါတယ်။ အထိုင်များပါတယ်။ သူ့ခြေထောက် တစ်ဖက်က ကျဉ်ကျဉ်နေတတ်ပါတယ်။ လေဖျန်းမှာ ကြောက်လို့ ဆေးနည်းလေး ပြောပြပေးပါရှင့်။**

အထိုင်များပြီး အဆီစုသူ၊ လမ်းလျှောက် နည်းသူတွေ လေဖြတ်ဖို့ လမ်းစရှိပါတယ်။ လေငန်းအစ ထုံကျဉ်ကလို့ ဆိုတာမို့ သတိရှိရပါမယ်။ သွေးတိုးနဲ့ ဆီးချိုကိုလည်း တတ်ကျွမ်းတဲ့ဆရာဝန်နဲ့ ခြောက်လတစ်ကြိမ်စစ်ဆေးပါ။ ဆေးနည်းထက် လမ်းလျှောက်ဖို့ တိုက်တွန်းပါတယ်။ အထိုင်များပြီး ခါးကြောညပ်၊ ခါးရိုးဆစ်ကျီးပေါင်း တက်တာကြောင့်လည်း ခြေတစ်ဖက် ကျဉ်တတ်ပါတယ်။ တောရှောက်မြစ်၊ သက်ရင်းကြီးမြစ်၊ လင်းနေမြစ်တွေ သွေးလိမ်းပေးရင် ထုံနာကျဉ်နာရောဂါ သက်သာစေနိုင်ပါတယ်။

**မင်္ဂလာပါ ဆရာ၊ လက်တစ်ဖက်က လက်သီးဆုပ်သလို ကွေးပြီး ပြန်ဆန့်လိုက်ရင် လက်ခလယ်နဲ့ လက်မက ပြန်မဆန့်ဘဲ ကွေးနေပါတယ်။ လက်နဲ့ ပြန်ဆွဲဆန့်မှ ဖြောင့်သွားပါတယ်။ ဘာလုပ်ရမယ်ဆိုတာ ညွှန်ပြပေးပါ။**

အဆစ်ရင်း လက်ဖဝါးထဲမှ ကျီးပေါင်းရှိလို့ပါ။ သံပရာသီးပြုတ်အနှစ်ကို ထောင်းပြီး စည်းပေးပါ။ ညအိပ်ရာဝင်စည်းပြီး မနက်အိပ်ရာထ ဖြေပါ။ ခုနစ်ရက်စည်းရင် သက်သာနိုင်ပါတယ်။

**ဆရာခင်ဗျာ ကျွန်တော်မကြာခဏ အုံးလွဲတတ်ပါတယ်။ တစ်လတစ်ခါလောက် ဖြစ်လေ့ရှိပါ တယ်။ အခု အနှိပ်ခံတာ ပိုဆိုးသွားပါတယ်။ အုံးလွဲတဲ့အခါ ဘယ်လိုလုပ်ရပါလဲ ခင်ဗျာ။**

မုန်ညင်းဆီ ဒါမှမဟုတ် နှမ်းဆီ မီးအပူပေးပြီး ဇက်မှာလိမ်းပါ။ ဆားကြပ်ထုပ် ထိုးပါ။ သဘော်ရွက် မီးကင်ပြီး ဇက်မှာကပ်ပေးရင် အုံးလွဲတာ သက်သာစေနိုင်ပါတယ်။ ဇက်နဲ့လက်ပြင်မှာ ရှောက်သီးနဲ့ လိမ့်ပေးရင်လည်း အုန်းလွဲသက်သာပါတယ်။

**ဆရာ လေးလေးစားစားနဲ့ မေးချင်လို့ပါ။ သမီးအမေရဲ့ တင်ပါးမှာ ဆေးထိုးရလွန်းလို့ မာပြီးအကျိတ်ဖြစ်နေပါတယ်။ ဘယ်လိုချေပေးရင်ရမလဲ သိချင်လို့ပါရှင့်။**

မုန်ညင်းဆီ ငါးကျပ်သားမှာ ငရုတ်ကောင်းစေ့ တစ်ကျပ်သားထည့်ပြီး မီးနဲ့ဆူအောင်ချက်ပါ။ ဆီကို အကျိတ်အခဲရှိတဲ့ နေရာမှာ လိမ်းပါ။ ဆားကို စွပ်ကျယ်စနဲ့ထုပ် ရေနွေးငွေ့ခံပြီး ဆီလိမ်းတဲ့ အပေါ်က ကြပ်ထုပ် ထိုးပေးပါ။ တစ်နေ့ နှစ်ကြိမ်ထိုးပေးပါ။ ချဉ်ပေါင်ရိုးနီရွက်ကို ပြုတ်ပြီးထောင်း အကျိတ်ပေါ်အုံထား။ ခုနစ်ရက်ခန့် ပြုလုပ်ပေးပါ။

**မင်္ဂလာပါ ဆရာ။ တစ်ခုလောက် မေးခွင့်ပြုပါ။ ကျွန်မ အသက်က ၅၉ နှစ်ပါ။ အစာအိမ်ရောဂါ ဖြစ်ဖူးပါတယ်။ လည်ပင်းမှာ နင်တင်တင်နဲ့ နေလို့မကောင်းလို့ ဆေးခန်းပြတော့ အစာအိမ်က အက်စစ်ကြောင့် လည်ပင်းလောင်တယ်လို့ ပြောပါတယ်။ ရှောင်ရန်၊ ဆောင်ရန်နဲ့ သက်သာစေမယ့် နည်းလမ်းတွေ ညွှန်ပြပေးပါရှင့်။**

နွယ်ချို (ပရဆေးဆိုင် ဝယ်ပါ)ဝါးပြီး အရည်ကို မျိုချပါ။ အဖတ်တွေကို ထွေးထုတ်ပါ။ တိုင်းရင်း လျက်ဆားကို ကွမ်းရွက်နဲ့ထုပ်ပြီးငုံထား၊ အရည်ကို ဖြည်းဖြည်းမျိုချပေးရင်လည်း လည်ချောင်းနာ သက်သာပါတယ်။ ပူစပ်ချဉ်တဲ့ အစာအားလုံး ရှောင်ပါ။ လက်လုပ်ချဉ်တွေ မတည့်ပါ။ ဆန်ပြုတ်သောက်ပါ။ ထမင်းရည်သောက်ပါ။ ပဲရာဇာ (ပဲနီလေး) ဟင်းချိုသောက်ပါ။ ဖီးကြမ်းငှက်ပျောသီး စားပေးပါ။

**မင်္ဂလာပါ ဆရာရှင့်။ အပူကန်သလို ဖြစ်ပြီး ခံတွင်းတစ်ခုလုံး အဖြူရောင် အနာတွေဖြစ်နေလို့ ဘာဆေးသုံးရမလဲရှင့်။**

ရှားစောင်းလက်ပပ် အနှစ်ကို ပါးစပ်ထဲ ငုံထားပေးပါ။ လက်ဖက်ခြောက် အဖန်ရည်မှာ ဆားလှော် အနည်းငယ်ထည့်ပြီး ပလုတ်ကျင်းပေးပါ။ ဖီးကြမ်းငှက်ပျောသီးမှည့်အခွံမှာ ကပ်နေတဲ့ အမြှေးကို ခြစ်ယူပြီး ပျားရည်တစ်ဇွန်းနဲ့ ရောစားပေးပါ။

**ဆရာကြီးခင်ဗျာ။ သုံးလသားအရွယ်ကလေး နှာစေးနေတာ ဘာဆေးထည့်ရမလဲ ခင်ဗျာ။ သံပရာရည်ထည့်လို့ ရပါသလား ခင်ဗျာ။**

ကလေး သုံးလသားက နုပါတယ်။ ကွမ်းရွက်မီးကင် အရည်ညှစ်ပြီး နှာခေါင်းမှာ လိမ်းပါ။ အုန်းဆီနဲ့ ရောပြီး ငယ်ထိပ်မှာ လိမ်းပါ။ ဆားရည် ဝါဂွမ်းမှာဆွတ်ပြီး ခြေဖဝါးပွတ်ပေးရင်လည်း ကလေးနှာစေးသက်သာပါတယ်။

**ဆရာရှင့်၊ သမီးအမေ အသက်က ၅၈ နှစ်ပါ။ နေ့စဉ် အစာမကြေ လေပွတတ်လို့ အစားတွေရှောင်ရပါတယ်။ စားနေရင်း လေပွလာလို့ မစားရတော့တာလည်း ရှိပါတယ်။ တစ်နေ့လုံးနေမှ ထမင်းတစ်ပန်းကန် ဝင်ဖို့တောင် အဆင်မပြေတော့ လူကလည်း အားမရှိတော့ပါဘူး။ လေပွရောဂါဖြစ်နေတာ နှစ် ၂၀လောက် ရှိပါပြီ။ ဘာဆေးသောက်ရင် သက်သာ ပျောက်ကင်းနိုင်မလဲရှင့်။ ညွှန်ကြားပေးပါ ဆရာရှင့်။**

အစာကြေ လေပွရောဂါက ထမင်းဟင်းကို ပူပူနွေးနွေးစားရပါတယ်။ လေပွစာဖြစ်တဲ့ သခွားသီး၊ မုန်ညင်း၊ ကိုက်လန်၊ ပဲပြား၊ တို့ဟူး စတာတွေကို ရှောင်စားပါ။ ပဲဆီအစား နှမ်းဆီပြောင်းသုံးပါ။ ထမင်းဆီဆမ်း ဆားဖြူးစားရင် အစာကြေပါတယ်။ စားပြီးပြီးချင်း ရေမသောက်ပါနဲ့။ ထမင်းစားပြီးတိုင်း ထန်းလျက်ခဲစားပါ။ အားရှိအောင် ဖီးကြမ်းငှက်ပျောသီးကို နွားနို့နဲ့ ပြုတ်ကျွေးပါ။ လေရောဂါရှိသူတွေနဲ့ သင့်တော်ပါတယ်။ ညအိပ်ရာဝင် စတုမဓု စားရင်လည်း အိပ်ပျော်ပြီး အားဖြစ်ပါတယ်။

**ဆရာခင်ဗျာ၊ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံး ယားနေပါတယ်။ အကျီဝတ်ထားရင် အရေပြားပေါ် အကောင်လေးတွေ သွားနေသလို ခံစားရပါတယ်။ ခြေဖဝါးတွေ တအားယားပါတယ်။ ခြေချောင်း၊ လက်ချောင်း ထိပ်တွေ တစစ်စစ်နဲ့ ကိုက်ပါတယ်။ ဆေးနည်းလေး ပြောပြပေးပါဆရာ။**

တိုင်းရင်းဆေးနည်း အမှတ် (၄၃) အကင်းဆယ်ပါး ဆေးမှုန့်ဝယ်ပါ။ ဆေးမှုန့် ကော်ဖီဇွန်းငယ် တစ်ဇွန်းကို ရေနွေး၊ ရေကျက်အေးနဲ့ သောက်ပါ။ ဆေးမှုန့်ကို သနပ်ခါးနဲ့ ရောစပ်ပြီး ယားယံတဲ့ နေရာတွေမှာ လိမ်းပေးပါ။ တစ်ပတ်ကို တစ်ကြိမ် တမာရွက် ပြုတ်ရည်နဲ့ ရေချိုးပါ။ တမာဆပ်ပြာ သုံးကြည့်ပါ။

**မင်္ဂလာပါ ဆရာကြီးရှင့်။ ကျွန်မ ဇက်ကြော တက်ပါတယ်။ ဇက်ကြောတွေ တင်းပြီးလည်း ကိုက်ပါတယ်။ ဆရာဝန်ပြတော့ ဇက်ကျီးပေါင်းလို့ ပြောပါတယ်။ ကျီးပေါင်းပျောက် ဆေးတွေလည်း သောက်ပါတယ်။ တစ်ကိုယ်လုံး အားမရှိသလို ခံစားရလို့ စွဲမသောက်ဖြစ်ပါ။ ဆရာကြီး ရေးတဲ့ ဆောင်းပါးတွေ ဖတ်ပါတယ်ရှင့်။ ဇက်ကျီးပေါင်းကို ကွမ်းရွက်ရော၊ သဘော်ရွက်ရော ကပ်လို့ရပါသလားရှင့်။ ပျောက်ကင်းအောင် ဘယ်လိုလုပ် ရမယ်ဆိုတာ ညွှန်ကြားပေးပါရှင့်။**

အစားအသောက်တွေမှာ ဓာတုဆိုးဆေးတွေပါတာကြောင့်လားမသိဘူး၊ ကျီးပေါင်းတက်ရောဂါ ဖြစ်သူတွေ တော်တော်များပါတယ်။ ဇက်ကျီးပေါင်းအတွက် သဘော်ရွက်ကို ပျော့အောင် ခဏရေနွေးစိမ်ပြီး ကပ်လို့ရပါတယ်။ ရေတို အတွက်ပါ။ ရေရှည် ပျောက်ကင်းဖို့အတွက် မုန်ညင်းဆီလိမ်းပြီး ကြပ်ထုပ်ထိုးတာ ဇက်ကျီးပေါင်းအတွက် ပိုထိရောက်ပါတယ်။ မိဿလင်မြစ်အမှုန့်ကြိတ်ပြီးသား (ပရဆေးဆိုင်မှာဝယ်)ကို တစ်ပေပတ်လည် ပိတ်စအကြမ်းနဲ့ လူကြီးလက်တစ်ဆုပ်စာ နှစ်ထပ်ထုပ်ပါ။ ရေနွေးငွေ့ခံ အပူပေးထိုးပါ။ တစ်လှည့်စီထိုးဖို့ နှစ်ထုပ်၊ သုံးထုပ် ပြုလုပ်ထားပါ။ တစ်ခါထိုးရင် နာရီဝက်လောက် ထိုးပါ။ ညအိပ်ခါနီးမှ သဘော်ရွက်ကပ်ပါ။ ဒါမှမဟုတ် ကွမ်းရွက်မီးကင် ကပ်ပါ။

**မင်္ဂလာပါ ဆရာကြီးရှင့်။ ကျွန်မအဖေ အသက်က ၇၁ နှစ်ပါ။ ဆီးကျိတ်ဖြစ်နေလို့ပါ။ အဆင့်သုံးလို့ ပြောပါတယ်ရှင့်။ အသက်လည်းကြီးနေလို့ မခွဲမစိတ်ဘဲ ပျောက်ကင်းနိုင်တဲ့ ဆေးနည်းလေး လမ်းညွှန်ပေးပါရှင့်။**

ထိကရုံးဆူးပေါက်ကို အမြစ်ပါနုတ်ပြီး ကျိုသောက်ပါ။ ထိကရုံးဆူးပေါက်အစို (ဒါမှမဟုတ်) အခြောက် လက်တစ်ဆုပ်စာကို ရေနွေးမတ်ခွက် နှစ်လုံးစာပြုတ်ပြီး တစ်ခွက်စာကျန်အောင် ကျိုသောက်ပါ။ ကောက်ရိုး (အဝါရောင်)ကို ကတ်ကြေးနဲ့ ကိုက်ပြီး လက်တစ်ဆုပ်စာကို




ရေနွေးမတ်ခွက် တစ်လုံးစာကျို တစ်နေ့တစ်ခွက် သောက်ပါ။ နလင်ကျော်ခေါက် သွေးပြီး ဆီးခုံမှာ လိမ်းပေးပါ။ ခြေဖဝါး ဆားပွတ်ပြီး ဒူးကနေအောက် ရေလောင်းပေးရင် ဆီးကျိတ်ရောင်တာ သက်သာစေပါတယ်။ ပဲရာဇာ (ပဲနီလေး) များများစား ပေးပါ။ (ကုလားပဲနဲ့ မတည့်ပါ) ခရမ်းချဉ်သီးအနှစ် နှစ်ဇွန်း၊ မုန်လာဥနီနဲ့ရောဖျော်ရည် လုပ်သောက်ပါ။

**ဆရာခင်ဗျာ၊ ကျွန်တော် ငယ်ငယ်ကတည်းက ဆီးလမ်းကြောင်း ကျဉ်းတဲ့ဝေဒနာ ဖြစ်နေပါတယ်။ ဆီးသွားတဲ့ အခါတိုင်း ဆီးလမ်းကြောင်း ထိပ်ကကျဉ်ပြီး ဆီးသွားရင် တအားကြာပါတယ်။ အဆင်ပြေနိုင်မယ့် ဆေးနည်းလေးတွေ လမ်းညွှန်ပေးပါ ဆရာ။**

တောဆီးဖြူပင်၊ မြင်းခွာပင်၊ ထိကရုံး ဆူးပေါက်တွေ အခြောက်လှန်းပြီး လက်ဖက်ခြောက်လို လုပ်သောက်ပါ။ ကြက်သွန်နီဥ ပါးပါးလှီးပြီး ဆီးခုံမှာ ကပ်ပေးပါ။ ဆန်ဆေးရည် တစ်ဖန်ခွက်ကို မနက်စောစော နေ့စဉ် သောက်ပေးပါ။

**ဆရာ မင်္ဂလာပါ။ ကျွန်တော့ ဖနောင့်နင်းမရအောင် နာနေပါတယ်။ အလုပ်က ရှူးဖိနပ် အမြဲစီးရပါတယ်။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ရေမချိုးခင် ဆားကြမ်းပုံပြီး နင်းပေးပါ။ ရဲယိုရွက် ရနိုင်ရင် မီးကင် ဖနောင့်မှာ ကပ်ပြီးမှ ရှူးဖိနပ်စီးပါ။ ညအိပ်ရာဝင် ဖနောင့်မှာ ပျားရည်လိမ်းပြီး ကြွပ်ကြွပ်အိတ်စွပ်အိပ်ကြည့်ပါ။ သုံးရက်၊ လေးရက် စွပ်အိပ်ပြီး ဖနောင့်ကျီးပေါင်းနာ သက်သာသူ လက်တွေ့ တွေ့ဖူးပါတယ်။

**ဆရာခင်ဗျာ ကျွန်တော့်ဗိုက်ထဲက ဝမ်းသွားချင်သလိုမျိုးရစ်ရစ်ပြီး နာနေလို့ပါ။ ဝမ်းကိုက်သလိုမျိုးပါ။ ဘာဆေး သောက်ရမလဲ လမ်းညွှန်ပေးပါခင်ဗျာ။**

ဝမ်းကိုက်ရောဂါပျောက် ဆေးနည်းတို (၁) ကောက်ညှင်းငချိတ် ဆန်မှုန့် တစ်ကျပ်သား၊ (၂) မိဿလင် အခြောက်မှုန့် တစ်ကျပ်သား၊ (၃) ပျားရည်နှစ်ချို့ နှစ်ကျပ်သား ရောစပ်ပြီး မနက်၊ နေ့၊ ည သုံးကြိမ် သောက်ပါ။ တစ်ကြိမ်ကို ဟင်းစားဇွန်း တစ်ဇွန်းစာ သောက်ပါ။ ဝမ်းကိုက် ရက်ကြာပြီး စအိုကျွံထွက်သလိုဖြစ်သူ လက်တွေ့ ပျောက်ကင်းသွားပါတယ်။ ဂန္ဓာလရာဇ် ဆေးကျမ်း၊ ၂ စောင်တွဲ၊ ၁၃၃၃ ခုနှစ် တပေါင်း ထုတ်။ စာ-၁၂၈မှ မူရင်း ဆေးနည်း။

**ဆရာ ကျွန်တော့် အသက်က ၂၀ ရှိပါပြီ။ ညဘက်ကျရင် အိပ်တဲ့အချိန် နှစ်ရက်တစ်ခါ၊ တစ်ခါတလေ ဆက်တိုက် အိပ်နေရင်း သုက်ထွက်တယ်ဆရာ။ လူလည်း အခုနည်းနည်း ပိန်နေပြီဆရာ။ အခုဆို စိတ်ရှုပ်စရာ ဖြစ်လာတယ် ဆရာ။ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

ခရုဖင်ချွန်း (ခေါ်) ခရုဇီးဇင်း (ပရဆေးဆိုင်ဝယ်)ကို ပြာချပါ။ အဲဒီပြာကို ပျားရည်နဲ့ရောပြီး ကော်ဖီ ဇွန်းသေးနဲ့ တစ်ဇွန်း ညအိပ်ရာဝင် သောက်ပါ။ နေ့စဉ် ၁၄ ရက် ဆက်သောက်ပါ။ နွားနို့ပူပူ တစ်ဖန်ခွက်မှာ နနွင်းမှုန့် ကော်ဖီဇွန်းနဲ့ တစ်ဇွန်း ထည့်ဖျော်သောက်ပါ။ နှမ်း



နက်စေ့လှော်ကို ထမင်းစားပြီးတိုင်း စားပေးပါ။

**ဆရာကြီးရှင့်။ သမီးလည်ပင်း ဘယ်ဘက်ခြမ်းမှာ အဆီကျိတ် ရှိပါတယ်။ တစ်ခါတလေ အကျိတ်ရှိ တဲ့ အခြမ်းက နာပါတယ်။ အပူငြိမ်းဆေး သောက်လိုက်ရင် ပျောက်သွားပါတယ်။ အဆီကျိတ်အတွက် မြန်မာဆေးနည်းရှိရင် ပြောပြပေးပါ ဆရာ။**

မိဿလင်ဥကို ထောင်းပြီး မုန်ညင်းဆီနဲ့ရော အပူပေးချက်ပြီး လိမ်းရင် အဖုအကျိတ်တွေ သက်သာစေပါတယ်။ အပူအကျိတ်၊ အသားအကျိတ်၊ အဆီအကျိတ် ဆိုပြီး သုံးမျိုးရှိပါတယ်။ အဆီကျိတ် မှန်ရင် မနာမကိုက်ပါ။ အသားကျိတ်က နာကျင် ကိုက်ခဲတတ်ပါတယ်။ နာကျင်ကိုက်ခဲရင် ဇာတိပ္ဖိုလ်သီး သွေးလိမ်းပါ။ အပူကျိတ်ကို နလင်ကျော်၊ ကရမက် သွေးလိမ်းပါ။

**ဆရာရှင့်၊ သမီးခေါင်း ဘယ်ဘက်ခြမ်း ကိုက်ပါတယ်။ မနက် အိပ်ရာထရင် လက်ချောင်းတွေ တင်းပြီး ရောင်နေတတ်ပါတယ်။ ချွေးထွက်ရင်လည်း ရင်ဘတ် အပေါ်ခြမ်းနဲ့ လည်ပင်း၊ မျက်နှာမှာ ထွက်ပါတယ်။ အောက်ပိုင်း ချွေးမထွက်ပါ။ ခြေဆီမထွက်ပါ။ နည်းနည်းအအေးမိတာနဲ့ ခေါင်းကိုက်ပါတယ်။ သက်သာနိုင်မယ့် ဆေးနည်းလေး ပြန်လည် ဖြေကြားပေးပါရှင့်။**

ချင်းတက် ပါးပါးလှီး ခုနစ်လွှာကို ရေနွေး မတ်ခွက် တစ်လုံးမှာ စိမ်ပြီး တစ်နေကုန်သောက်ပါ။ ရေအေး၊ အချိုရည်၊ ကော်ဖီ လုံးဝရှောင်ပါ။ ခေါင်းကိုက်ရင် ချင်းပါးပါးလှီးပြီး နားထင်မှာ ကပ်ပါ။ ခြေလေး ချောင်းသား၊ နီတဲ့အသားတွေ၊ ဝမ်းတွင်းသားတွေ ရှောင်ပါ။ အသီးအရွက်၊ ငါးစားပါ။ ပဲရာဇာ (ခေါ်) ပဲနီလေး ဟင်းချိုချက်စားပါ။

**နှာခေါင်းအနံ့မရလို့ အနောက်တိုင်းရှုဆေးသုံးတော့လည်း မထူးခဲ့ပါ။ ကြေးမုံသတင်းစာပါ ဆေးနည်းတို အမှတ် (၇) အောက်တိုဘာ (၁၇) မှာပါတဲ့အတိုင်း ကွမ်းရွက်လိပ်ပြီး နှာခေါင်းထဲ ရံဖန်ရံခါ ထိုးထည့်တော့ အနံ့ရလာပါတယ်။ ကျေးဇူးတင်ပါတယ်။ သိလိုတာက ရေရှည် ဆက်ပြီးထည့်လို့ရပါသလား။**

ကွမ်းရွက်လိပ်ထည့်လို့ နှာခေါင်းအနံ့မရသူ၊ ထိပ်ကပ်နာရှိသူများ သက်သာပျောက်ကင်းဖူးပါတယ်။ အားရင်အားသလို ရေရှည်ထည့်လို့ရပါတယ်။ ဆိုးကျိုးမရှိပါ။

# ကမ်ဆိုးဟွန်ရဲ့ စစ်မှုထမ်းနေစဉ် ဓာတ်ပုံများ အွန်လိုင်းပေါ်မှာ ပျံ့နှံ့

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ဆိုးဟွန်ဟာ စစ်မှုထမ်းဆောင်နေတာဖြစ်ပြီး လတ်တလောမှာတော့ စစ်မှုထမ်းဆောင်နေစဉ်အတွင်း ရိုက်ကူးထားတဲ့ ကမ်ဆိုးဟွန်ရဲ့ ဓာတ်ပုံများစွာဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေတာဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



လတ်တလော ပေါ်ထွက်လာခဲ့တဲ့ ဓာတ်ပုံတွေမှာတော့ ကမ်ဆိုးဟွန်ဟာ လေ့ကျင့်ရေးမျိုးစုံမှာ ပါဝင်လုပ်ဆောင်နေတာကို တွေ့ရပြီး ဒီဓာတ်ပုံတွေအရတော့ ကမ်ရဲ့ ကျန်းမာရေးကောင်းမွန်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် သူစစ်မှုစတင်ထမ်းဆောင်စဉ်မှာ မင်းသားရဲ့ ကျန်းမာရေးအတွက် စိုးရိမ်နေတဲ့ ပရိသတ်တွေအဖို့တော့ နှစ်သိမ့်စရာ ဖြစ်ခဲ့ရပါတယ်။

လတ်တလောမှာ အသက် (၂၉)နှစ်အရွယ် ရှိပြီဖြစ်တဲ့ ကမ်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း စစ်မှုထမ်းဆောင်ဖို့ရာ ပြင်ဆင်ခဲ့ပေမယ့် ဆေးကျခဲ့တာကြောင့် စစ်မှုထမ်းဖို့ ရွှေ့ဆိုင်းခဲ့တာဖြစ်ပါတယ်။ ကမ်ဟာ ငယ်စဉ်ကတည်းက နှလုံးရောဂါခံစားခဲ့ရပြီး ယင်းရောဂါကြောင့် အများနဲ့တန်းတူ စစ်မှုထမ်းဆောင်နိုင်ခြင်းမရှိတာဖြစ်ပါတယ်။ ဒီလို ဆေးစစ်ချက်ကျခဲ့ပြီးတဲ့နောက် ကမ်ဟာ သူ့ရဲ့ကျန်းမာရေးကို အထူးဂရုစိုက်ပြင်ဆင်ခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထပ်မံဆေးစစ်ခဲ့ကာ လတ်တလောမှာတော့ စစ်မှုစတင်ထမ်းဆောင်ခွင့်ရခဲ့တာဖြစ်ပါတယ်။ စစ်မှုထမ်းကာလတွေကို စတင်ခဲ့တဲ့ အခြေခံလေ့ကျင့်ရေးသင်တန်းရက်တွေအတွင်းမှာလည်း ကမ်ဆိုးဟွန်ဟာ ထူးချွန်စွာ အောင်မြင်ခဲ့ပြီးနောက် ဂုဏ်ပြုဆုတွေ ချီးမြှင့်ခံခဲ့ရတယ်လို့လည်း သိရပါတယ်။

စစ်မှုမထမ်းဆောင်မီနောက်ဆုံးအနေနဲ့ ကမ်က သူ့ရဲ့ပရိသတ်တွေကို အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် နှုတ်ဆက်စာရေးသားဖော်ပြခဲ့တာလည်း တွေ့ရပါတယ်။ ပရိသတ်တွေကို နှုတ်ဆက်စကားဆိုခဲ့ပေမယ့် ကမ်က စစ်မှုမထမ်းမီ ပရိသတ်တွေနဲ့ တွေ့ဆုံတာ၊ သတင်းစာရှင်းလင်းပွဲပြုလုပ်တာတွေလို တရားဝင်အခမ်းအနားတွေ ပြုလုပ်သွားမှာမဟုတ်ဘဲ တိတ်တဆိတ် စစ်မှုထမ်းရက်တွေကို စတင်လိုကြောင်း သူ့ရဲ့ဖျော်ဖြေရေးအေဂျင်စီကနေတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့ကာ ဒီလိုတိတ်တဆိတ် စစ်မှုထမ်းဆောင်လိုတာကတော့ သူ့ကြောင့် အခြားစစ်မှုထမ်းဆောင်ကြမယ့်သူတွေကို အနှောင့်အယှက်မဖြစ်လိုတာကြောင့်လည်း ဖြစ်တယ်လို့ မင်းသားက ဆိုပါတယ်။

"Dream High"ရဲ့ ဇာတ်ဆောင်မင်းသားဖြစ်တဲ့ ကမ်ဆိုးဟွန်ဟာ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ ရက်က စတင်ပြီး စစ်မှုထမ်းဆောင်ခဲ့ပြီးဖြစ်ကာ ကမ်ရဲ့ ပရိသတ်တွေအနေနဲ့ လာမယ့် ၂၀၁၉ ခုနှစ်အထိ သူ့ရဲ့အနုပညာလှုပ်ရှားမှုတွေကို တွေ့မြင်နိုင်ဦးမှာ မဟုတ်ပါဘူး။ ၂၁ လကြာ စစ်မှုထမ်းရက်တွေအပြီး လာမယ့် ၂၀၁၉ ခုနှစ် ဇူလိုင် ၂၂ ရက်မှာမှ စစ်မှုထမ်းကာလပြီးဆုံးမှာဖြစ်တာကြောင့် ကမ်ရဲ့ ပရိသတ်တွေအတွက် လတ်တလောဖော်ပြခဲ့တဲ့ ကမ်ရဲ့ ဓာတ်ပုံတွေဟာ အလွမ်းဖြေစရာတစ်စုံတစ်ရာအဖြစ် ကျန်ရှိနေခဲ့မှာလည်း ဖြစ်ပါတယ်။

# တွမ်မီဟေးလ်ဖစ်ဂါရဲ့ လက်ရာတွေအတွက် မော်ဒယ်လ်လုပ်ပေးခဲ့တဲ့ ဂျီဂျီဟာဒစ်

နာမည်ကျော် ဗစ်တိုးရီးယားစီးကရက်မော်ဒယ်လ်တစ်ဦးဖြစ်သူ ဂျီဂျီဟာဒစ်ဟာ လတ်တလောမှာတော့ တွမ်မီဟေးလ်ဖစ်ဂါရဲ့ ၂၀၁၈ ခုနှစ် နွေဦးရာသီအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ အဝတ်အစားနဲ့ အသုံးအဆောင်တွေအတွက် မော်ဒယ်လ်လုပ်ပေးကာ ဓာတ်ပုံရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ယင်းအဝတ်အစားတွေကိုတော့ ဖေဖော်ဝါရီ ၂၅ ရက်မှသာ စတင်ဝယ်ယူနိုင်မှာဖြစ်ပြီး မီလန်ဖက်ရှင်ပြပွဲမှာ ပြသသွားဖို့ရာလည်း စီစဉ်ထားတာဖြစ်ပါတယ်။ TommyXGigi spring 2018 capsule collection ဟာ အမျိုးသမီးဝတ်အထည်တွေနဲ့ အသုံးအဆောင်တွေဖြစ်ပြီး များသောအားဖြင့် မိန်းကလေးဆန်တဲ့ ပိုးသား၊ ဇာတို့နဲ့ဖန်တီးထားတဲ့ လက်ရာတွေဖြစ်ကာ ပန်းပြတ်အကျီဒီဇိုင်းတွေ ပါဝင်နေပါတယ်။



# "Twilight" ထဲကလို မင်္ဂလာအခမ်းအနား ပြင်ဆင်ခဲ့ကြတဲ့ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲ

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ အချစ်ဒရမ်မာ ဇာတ်ကားတစ်ကားဖြစ်တဲ့ "Twilight" ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ အဓိကဇာတ်ကောင်တွေဖြစ်ကြတဲ့ အက်ဒ်ဝပ်ကူလန်နဲ့ ဘယ်လာဆွမ်းတို့ရဲ့ မင်္ဂလာပွဲမှ အပြင်အဆင်မျိုးတွေဟာ ဖေဖော်ဝါရီ ၃ ရက်မှာ ကျင်းပသွားဖို့ရာ စီစဉ်ထားတဲ့ ကေပေါ့ပ်ကြယ်ပွင့်စုံတွဲ တေးယန်နဲ့ မင်ဟိုရင်တို့ရဲ့ မင်္ဂလာပွဲမှာ ခြုံလွှမ်းနေတာကို တွေ့ရကြောင်း အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BIG BANG"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ တေးယန်နဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်တဲ့ မင်ဟိုရင်တို့ရဲ့ မင်္ဂလာပွဲကို ယောင်ဆောင်းမာတင်က တာဝန်ယူပြင်ဆင်ပေးမှာဖြစ်ပြီး သူဟာ "Twilight" ရုပ်ရှင်မှ မင်းသားရောဘတ်ပတ်တီဆန်နဲ့ မင်းသမီး ခရစ်စတင်းစတူးဝပ်တို့ရဲ့ မင်္ဂလာအခမ်းအနားကိုလည်း ပြင်ဆင်ပေးခဲ့သူတစ်ဦးဖြစ်ပါတယ်။ သူ့ရဲ့ အခမ်းအနားအပြင်အဆင်၊ ပန်းအပြင်အဆင်တွေနဲ့ ထူးခြားတဲ့အခင်းအကျင်းတွေကြောင့် ကျော်ကြားခဲ့သူတစ်ဦးဖြစ်ပြီး ဖေဖော်ဝါရီ ၃ ရက်မှာ အင်ချွန်းမှာ ပြုလုပ်သွားမယ့် ပေါ့ပ်ကြယ်ပွင့်မောင်နှံရဲ့ မင်္ဂလာညစာစားပွဲမှာလည်း တာဝန်ယူပြင်ဆင်ပေးသွားမှာဖြစ်ပါတယ်။

ဒ့ါအပြင် ယောင်ဆောင်းမာတင်နဲ့ တေးယန်နဲ့ မင်ဟိုရင်တို့ဟာ ပုဂ္ဂိုလ်ရေးအရ ခင်မင်ကြသူတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် တေးယန်ရဲ့ မင်္ဂလာပွဲကို ချီးမြှောက်လိုတာကြောင့် လာရောက်ပြင်ဆင်ပေးတာဖြစ်တယ်လို့လည်း သိရပါတယ်။ ပေါ့ပ်ကြယ်ပွင့်ရဲ့ မင်္ဂလာပွဲမှာတော့ စိတ်ကူးယဉ်ဆန်ဆန် ချစ်စရာအပြင်အဆင်တွေနဲ့ မာတင်ရဲ့ ပါရမီရှင်ပီသတဲ့ အရည်အချင်းတွေကို မင်္ဂလာပွဲနေ့မှာ တွေ့မြင်ကြရမှာလည်း ဖြစ်ပါတယ်။

တေးယန်နဲ့ မင်ဟိုရင်တို့ဟာ ချစ်သူတွေအဖြစ် လေးနှစ်ခန့်အတူလက်တွဲခဲ့ပြီးနောက်မှာတော့ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ တေးယန်က သူနဲ့ မင်ဟိုရင်တို့ဟာ ကောင်းမွန်တဲ့အချိန်တွေရော၊ ဆိုးရွားတဲ့အချိန်တွေကိုပါ အတူရင်ဆိုင်ဖြတ်သန်းခဲ့ကြပြီးတဲ့နောက် သူ့ရဲ့ဘေးမှာ အမြဲရပ်တည်ကာ သူ့ဘက်ကနေ ယုံကြည်ပေးခဲ့တာကြောင့် မင်ဟိုရင်နဲ့ ကိုယ်ပိုင်မိသားစုဘဝ ထူထောင်သွားဖို့ ဆန္ဒတွေ ရှိနေခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပြီး မင်္ဂလာပွဲကိုတော့ စစ်မှုမထမ်းမီ ပြုလုပ်သွားလိုတာဖြစ်ကြောင်း တစ်ပါတည်း ထုတ်ဖော်ပြောကြားလာခဲ့တာ ဖြစ်ပါတယ်။ တေးယန်ဟာ မကြာမီမှာ အခြားသော "BIG BANG" အဖွဲ့ဝင်တွေနဲ့အတူ စစ်မှုထမ်းဆောင်သွားဖို့ရာရှိနေတာ ဖြစ်ပါတယ်။



# ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးသီချင်းဇယားမှာ ပထမဆုံးအကြိမ် ပါဝင်ခွင့်ရခဲ့ပြီဖြစ်တဲ့ ဂျွန်ဟွန်း

ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်တဲ့ ဂျွန်ဟွန်းရဲ့ နောက်ဆုံးသော တေးအယ်လ်ဘမ်ကိုတော့ သူကွယ်လွန်ပြီးမှာ စတင်ထုတ်လွှင့်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ ပရိသတ်တွေရဲ့ စိတ်ဝင်စားမှုကို အထူးရရှိခဲ့တာကြောင့် ဘေဘုတ်ရဲ့ တေးသီချင်း ၂၀၀ စာရင်းမှာ ပါဝင်ခဲ့ပါတယ်။ ဒီလိုအောင်မြင်ခဲ့တာဟာ ဂျွန်ဟွန်းအတွက်တော့ ပထမဆုံးဖြစ်ပြီး ဘေဘုတ်ရဲ့ တေးသီချင်း ၂၀၀ စာရင်းမှာ ပါဝင်ခွင့်ရခဲ့တဲ့ ကေပေါ့ပ်တေးဂီတအဖွဲ့တွေနဲ့ တေးသံရှင် ၁၁ ဦးအနက် တစ်ဦးအပါအဝင်ဖြစ်လာခဲ့ကာ တောင်ကိုရီးယား တစ်ကိုယ်တော်တေးသံရှင်တွေအနက် စတုတ္ထမြောက် ပါဝင်ခွင့်ရခဲ့သူလည်း ဖြစ်လာခဲ့တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Poet/ Artist"လို့ အမည်ရတဲ့ ဂျွန်ဟွန်း မကွယ်လွန်မီ နောက်ဆုံးဖန်တီးသွားခဲ့တဲ့ သူ့ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ပေါ့ပ်ကြယ်ပွင့်ကွယ်လွန်ပြီးနောက် တစ်လကျော်အကြာမှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်ပါတယ်။ ယခင် ဂျွန်ဟွန်း မကွယ်လွန်မီက အဆိုပါတေးအယ်လ်ဘမ်ကို ယခုနှစ် နှစ်သစ်ကူးမှာ စတင်ထုတ်လွှင့်ပေးဖို့ရာ ရည်ရွယ်ထားခဲ့ပေမယ့် ဂျွန်ဟွန်း ရုတ်တရက်ကွယ်လွန်သွားခဲ့တာကြောင့် တေးအယ်လ်ဘမ် ထုတ်လွှင့်မယ့်ရက်ကို နောက်ကို ရွှေ့ဆိုင်းခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၄ ရက်မှာ စတင်ဖြန့်ချိခဲ့တာ ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်ကို အွန်လိုင်းမီဒီယာတွေပေါ်မှာတော့ တစ်ရက်ကြိုကာ ဇန်နဝါရီ ၂၃ ရက်မှာ စတင်ထုတ်လွှင့်ပေးခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ စတင်ထုတ်လွှင့်ခဲ့ပြီးနောက် ပထမသီတင်းပတ်အတွင်းမှာပင် ဘေဘုတ်ရဲ့ တေးသီချင်း ၂၀၀ စာရင်းမှာ ပါဝင်လာခဲ့တာဖြစ်ပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ ဘေဘုတ်ရဲ့ ကမ္ဘာ့တေးအယ်လ်ဘမ်ဇယားမှာတော့ နံပါတ်တစ်နေရာမှာ ရပ်တည်နေတာလည်း ဖြစ်ပါတယ်။ ဒီလို ရပ်တည်နိုင်ခဲ့တာဟာ ဂျွန်ဟွန်းအတွက် ဒုတိယမြောက်ဖြစ်ပြီး သူ့ရဲ့ တစ်ကိုယ်တော် မီနီတေးအယ်လ်ဘမ် "Base"ကို ထုတ်လွှင့်ခဲ့ချိန်ကလည်း ယင်းဇယားမှာ ထိပ်ဆုံးကနေ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

"Poet/ Artist" တေးအယ်လ်ဘမ်က ရရှိတဲ့အကျိုးအမြတ်တွေကိုတော့ ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ တေးသံရှင် ဂျွန်ဟွန်းရဲ့ မိခင်ဖြစ်သူကို ပေးအပ်သွားမှာဖြစ်ပြီး ခက်ခဲတဲ့ဘဝမှာ နေထိုင်ရှင်သန်နေရသူတွေအတွက် ဖောင်ဒေးရှင်းတစ်ခု တည်ထောင်ပေးဖို့ရာ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။

ဒီလို နိုင်ငံတကာ ဂီတနယ်ပယ်အထိပါ ထိုးဖောက်အောင်မြင်ခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျွန်ဟွန်းအနေနဲ့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ ပြုလုပ်ခဲ့တဲ့ ဂရမ်မီဆုပေးပွဲကြီးရဲ့ အမှတ်တရ အနုပညာရှင်တွေအဖြစ် ဂုဏ်ပြုဖော်ပြခဲ့တဲ့ အနုပညာရှင်တွေထဲမှာ ပါဝင်ခဲ့ခြင်း မရှိတဲ့အပေါ် "SHINee"နဲ့ ဂျွန်ဟွန်းရဲ့ ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်တွေကနေတစ်ဆင့် ဝေဖန်မှုတွေ ပြုခဲ့ကြပါတယ်။ ဟောလိဝုဒ်ရဲ့ အထင်ကရ တေးဂီတထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ ဂရမ်မီဆုပေးပွဲကြီးရဲ့ အစီအစဉ်တစ်ရပ်အဖြစ် ပါဝင်နေတဲ့ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ကွယ်လွန်သွားခဲ့ကြတဲ့ ကျော်ကြားတဲ့ အနုပညာရှင်တွေအတွက် အမှတ်တရဂုဏ်ပြုအစီအစဉ်မှာ ကေပေါ့ပ်ကြယ်ပွင့်တစ်ဦးအဖြစ် ကမ္ဘာကျော် ခဲ့တဲ့ တေးသံရှင် ဂျွန်ဟွန်း ပါဝင်ခဲ့ခြင်းမရှိတဲ့အပေါ် ပရိသတ်တွေက ဝေဖန်စွပ်စွဲမှုတွေ ပြုခဲ့ကြပါတယ်။ ဂရမ်မီဖျော်ဖြေပွဲမှာ ထုတ်ဖော်ပြောကြားကာ အမှတ်တရ ဂုဏ်ပြုပေးခြင်းခံခဲ့ရတဲ့ အနုပညာရှင်တွေထဲမှာ ဂျွန်ဟွန်း ပါဝင်ခဲ့ခြင်းမရှိပေမယ့် ဂရမ်မီဆုပေးပွဲကြီးက အွန်လိုင်းမှာ ဖော်ပြခဲ့တဲ့ ဂုဏ်ပြုခံအနုပညာရှင်တွေထဲမှာတော့ ဂျွန်ဟွန်း ပါဝင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဂျွန်ဟွန်းဟာ တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "SHINee"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ်လည်း အောင်မြင်ခဲ့ကာ အောင်မြင်နေချိန်မှာပင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တာ ဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာတော့ အသက် (၂၇)နှစ်သာ ရှိသေးပြီး သူ့ရဲ့တစ်ကိုယ်တော်ဖျော်ဖြေပွဲကျင်းပပြီး ရက်ပိုင်းအကြာမှာ ကွယ်လွန်ခဲ့တာလည်း ဖြစ်ပါတယ်။ နောက်ဆုံးရေးသားခဲ့တဲ့ သူ့ရဲ့စာအရတော့ ဂျွန်ဟွန်းဟာ စိတ်ကျရောဂါကို အချိန်အတော်ကြာ ခံစားနေခဲ့ရသူတစ်ဦးဖြစ်ပြီး သူ့ရဲ့အေဂျင်စီက ဂျွန်ဟွန်းအတွက် အမှတ်တရနေရာတစ်ခု ဖန်တီးပေးကာ ပရိသတ်တွေ အချိန်မရွေးလာရောက်လည်ပတ်နိုင်အောင် စီစဉ်ပေးသွားမှာဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

အေးပြည့်-ရေးသားသည်

Asia Top 09 4316418, 09 424090902, 09 424090904
Feb 2,3,16,23,28

Myanmar Culture Land Travels & Tours

N.G.E.S အင်္ဂလိပ်စာ သင်တန်း
(English For Speaking, Listening, Reading & Grammar) +
(Essay, Letter & Story Writing)
5% Discount
09 5079896, 095005219,09799675960

Taw Win Nan Htake Htar Travels & Tours
No.(1), 151st, Tamwe Township, Yangon.
5N/6D, 4N/5D, 3N/4D
Feb - 2, 9, 16, 23, 28
Mar - 23
09- 4500 43394, 09-252630799, 09-787177990

တရုတ်
ENGLISH
Conversation Practice
Great Wall
TAMWE - 540714, 09 5183636
09 420230133

## အမည်ပြောင်း

ဦးဗိုလ်သစ် [၆/လလန (နိုင်)၀၀၈၂၈၆]၏ သမီး မဝင့်ယမုန်လှိုင် [၆/ထဝန(နိုင်)၁၀၃၃၁၅] (ရုပ်ရှင်နှင့် ဗွီဒီယိုသရုပ်ဆောင်)အား ယနေ့မှစ၍ မဝင့်ယမုန်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖြူးဖြူးတဲ့အရပ်အမောင်းနဲ့ ထက်မြက်တဲ့ ဉာဏ်ရည်တို့ ပိုင်ဆိုင်ဖို့



GNC
Mega Teen
TNC
GNC BRANDED



ကြာမင်း ထမြားနီ အသည်းဆေး
(Anti-oxidant property)

ပန်း ထိုး စက်
Ph: 563033, 0973191322

ထိပ်တန်း
09-254256969
09-971322259

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

KN
Ph: 09-400788135
09-762276128

" Smarter Youths for Better Future "
ဦးရဲကော်လတ်
M.A(UFL),MBA(UTCC)
SUMMER ENGLISH
Basic Grammar & Speaking
Grade 3 to Grade 10

သီဟိုဠ်စေ့ဝယ်သည်
လတ်ဆတ် ကောင်းမွန်သော လုန်းပြီး သီဟိုဠ်စေ့ အမြောက်အမြား ဝယ်သည်။
ဖုန်း-၀၉-၄၄၉၈၆၀၉၃၃
၀၉- ၉၆၀၉၃၂၂၈၈

Joyoung 九阳



